
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေတောသား

## တစ်ရွာလုံးကသိကုန်ပြီ

www.burmeseclassic.com

www.burmeseclassic.com

☺ တောသားတောင် ဝါမဆုံးပါဘု
တစ်ရွာလုံးက သိကုန်ပြီ။

☺ လူ့သတင်း
လူချင်းသာဆောင်ပေရဲ့
သူပြောင်းလျှင် ခေါင်ကွန့်လို့
ကြောင်ဝံ့တဲ့ သည်လောက
ဟာသတွေလီ။

☺ ရယ်သူလျှင် အသက်ရှည်ဆေးရယ်မို့
ရေးထုတ်ခဲ့ အစီရီ
ပျော်စေမည် ရွယ်ရည်ပြီး။

☺ အတွေးကွက်ဖော်
ကျေးလက်ပျော် ဟာသည်ဇာတ်ကိုဖြင့်
ဖတ်ရှုသူ ဘဝင်ချမ်းလို့
လန်းစေသတည်း။

မြို့မေတ္တာခံယူမယ့်

**ကိုရွှေတောသား**

www.burmeseclassic.com

www.burmeseclassic.com

“
ညြ . . .
မင်းတို့က ဒီလိုလား
ငါ့အပေါ်ချည်း
အပြစ်ပုံချရသလား
မင်းတို့သား ငပု
ကပျက်ကချော်နဲ့
ငါ . . . ဆေးဖြစ်ဝါးဖြစ်သောက်တတ်တာကို
လှောင်တာကျ
ထည့်တွက်တော့ဘူးပေါ့ ”

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ရောင်ခြည်တစ်ထောင်၊ အလင်းဆောင်လျက်
အမှောင်ပြယ်ဝေး၊
ရှောင်ဖယ်ပြေးသည့်
တွံတေးမြို့နယ်၊ သာမျိုးကြွယ်ရာ
ပိတ်စွယ်ဂါမ၊ ရွာဌာနတွင်
ထွန်းပတောက်ကြွား
လယ်သမားကြီး ဖြစ်တော်မူသော
အလျှူဒါယကာ ကျွန်တော် ကိုရွှေညာနှင့်
သေမကွာ ရှင်အတူ ဘဝင်ဆူအောင်လှပါတဲ့
အလျှူဒါယိကာမ ကျွန်မ မထွားအိတို့မှ
စိတ်သန္ဓာန်အရ အတိတ်ကံလှစွာဖြင့်
ဖိတ်မန္တက ပြုလိုက်ရပါသည်။

'အဟာမ်း… အဟာမ်း… အဟာမ်း… ဟမ်း၊ ဘယ်နှယ်ဒုံး ခေါင်ရွှေညာ၊ ငါ စီပေးတဲ့စာ ဘယ်နှယ်လဲဟေ့၊ ကြိုက်ရဲ့လား ခိုက်ရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



ပိတ်စွယ်ကျေးရွာတစ်ရွာလုံး၌ အလှူမင်္ဂလာ၊ မသာအသုဘ ကိစ္စရပ်များ၌ ကျင်းပမြဲလုပ်သည့် ပွဲအနေအထားပေါ် လိုက်လျော ညီထွေလှစွာ ကဗျာသီစာစီကုံးပေးလေ့ရှိသည့် ဘကြီးမိုးက ၄င်း၏ နှုတ်ခမ်းမွေးကျင်စွယ်တို့အား လက်ညှိုးလက်မတို့ဖြင့် အသာဆွဲချရင်း အဖြေစကားကို ငုံ့လင့်နေလေသည်။

'ဟာ… ဘယ်နှယ်မေးလိုက်တာလဲ ဘကြီးမိုးရာ၊ ကောင်း ချက်ကတော့ ဒေါင်းဘယက်လိုပါပဲလားဗျာ'

'အာ… ဟာ၊ မင်းကလည်း အလာသားပါပဲကလား။ ကြိုက်ပြီ ဆိုရင် ရေ့ဆက်မယ်ဟေ့၊ ဟေ့ကောင် ငပု၊ ဆက်ပြီးတော့ လိုက် ရေးစမ်း၊ လက်ရေးရှင်းပါလေ့စေနော်'

'စိတ်ချပါ ဘကြီးမိုးရဲ့၊ ရွာဦးကျောင်းမှာ လက်ရေးအလှဆုံး ကျောင်းသားဆိုလို့ ကျွန်တော်တစ်ယောက်တည်းရှိတာ၊ ဆရာတော်ကြီး ရဲ့ ငှက်ပျောသီးဆုချခြင်းခံရတာဆိုလို့ ဘယ်သူတွေရှိတာ မှတ်လို့လဲ၊ ကျွန်တော်မျိုး မောင်မောင်ပုခင်ဗျ၊ မောင်မောင်ပု'

'အေးပါကွာ၊ အရေးထဲ မျက်နှာသာပေး ရွှေရေးပန်းကန်တက် နေပြန်ပါပြီ၊ အင်း… ဆက်ကြရအောင်၊ ဆက်လိုက်ကြရအောင်'

အိမ်ဦးခန်းမှာတော့ နှုတ်ခမ်းမွေးကျင်စွယ်နှင့် ဘကြီးမိုးသည် အခန့်သား။ သူ့နံဘေးမှာတော့ အလှူ့ဒါယကာ ကိုရွှေညာ၊ အလှူ့ ဒါယိကာမ မထွားအိ။ ၄င်းတို့၏သားကြီးသြရသဖြစ်သူ မောင်မောင် လှနှင့် ဘကြီးမိုးပါးစပ်နှင့် စာစီသမျှကို လိုက်လံရေးသားမည့် မောင် မောင်ပုတို့မှာ ဝိုင်းရံလျက်သား။

'အဟမ်း… အဟမ်း… ဟမ်း… ကိုင်း… လိုက်ရေး လိုက်ရေး'



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမွေးကျင်စွယ်ကို လက်ဖြင့်သပ်ချရင်း ဘကြီးမိုး၏ မျက်လုံးအစုံသည် သိကြားမင်းစိုးစံရာ တာဝတိံသာကို ပင့်တင်လိုက်သည်။

'အကြောင်းခြင်းရာ ဖြစ်စဉ်မှာကား…

ကျွန်တော် အလှူ့ဒါယကာ ကိုရွှေညာနှင့် အလှူ့ဒါယိကာမ မထွားအိတို့သည်

သံသရာညွှတ်၊ ဆင်းရဲဝဋ်မှ

ကင်းလွတ်ရာအမှန်…

သေခြင်းမရဏ၊ ကွေကွင်းရမည့်

ဘဂဝါ ဆောင်ကြဉ်္ဂာန်း၊ အမတာ သောင်စခန်းရှိ

မြတ်နိဗ္ဗာန်သာသည့် စခန်းဆီသို့…

မှန်းဆရွယ်စူး၊ ဆုမြတ်ထူးအား

နှစ်ဦးတူယှဉ်၊ ပန်သဆင်လျက်

သဘင်ဝှဲချီ၊ အလှူမင်္ဂလာပွဲကြီးကို

ထမင်းရည်ချောင်းစီး မောင်းတီး၍ လှူပါမည်။

ကျွဲတွေဖေကျောင်း…

လှည်းနေလှေအောင်း… မြင်းစောင်းမကျန်ပါ ခင်ဗျား။

သို့ဖြစ်ပါ၍

ပမာတင်စား သီလဝံစားအသွင်

မိုးတွင်းပိုင်းမခြား ကိုးသချိုင်းစားအသွင်

အကြွားမယှဉ်၊ ဖားမကင်

အစဉ်ထက်မြ၊ သားကြီးမောင်မောင်လှနှင့်

သွယ်လျှမျက်ရှ သားငယ်မောင်မောင်ပုတို့အား



www.burmeseclassic.com

www.burmeseclassic.com



တရားသခင်၊ ဘုရားရှင် အမှူးပြုလျက်

အထူးဂါရဝ ဦးနှိမ်ချကာ အဲ… အဲ…'

ဘကြီးမိုးတစ်ယောက် စာစီ၍ ကောင်းကောင်းနှင့်စာစီနေရာမှ ရှေ့ဆက်ရန် ထစ်ငေါ့နေလေရာ ဘကြီးမိုးအပေါ် အားမလိုအားမရဖြစ်နေသော မောင်မောင်ပု ကောက်ကာငင်ကာဖြင့် ဝင်နှက်လိုက်၏။

'ဦးနှိမ့်ချကာ ဘီလူးပုဆိန်မလာ၊ မူးချိန်ကျသဗျာ'

အသက်အရွယ် ရလာခဲ့သော်ငြား ခွက်ပုန်းတွယ်လေ့တွယ်ထရှိသော ဘကြီးမိုးခမျာ ရှက်စိတ်နှင့်အတူ ထောင်းခနဲ ဒေါသထွက်ပြီး အနီးရှိ ကြေးကွမ်းအစ်နှင့် မောင်မောင်ပုအား ကောက်ထုလိုက်လေ၏။

'ဝွပ်'

'အောင်မလေး… ပေါက်ပါပြီဗျ'

'ဟယ်… သွေးတွေ၊ သွေးတွေ'

ခြေမြန်လက်မြန်ရှိလှသော ဘကြီးမိုးကြောင့် ဗလွတ်ရွတ်တလုပ်မိသော မောင်ရင်လောင်းလျာ မောင်မောင်ပုခမျာ ချိုစောင်းပေါက်သွားခဲ့ပေပြီ။ အလှူ့ဒါယကာ ကိုရွှေညာနှင့် အလှူ့ဒါယိကာမ မထွားအိတို့လည်း ၎င်းတို့၏ ရင်နှစ်သည်းချာ သာမဏေလောင်းလျာ သားငယ်လေးအတွက် ဒေါသတွေထောင်းခနဲပေါ်ထွက်ကာ ဘကြီးမိုးအား လက်ညှိုးငေါက်ငေါက် ထိုးလိုက်ကြကုန်၏။

'ဘယ်လိုလုပ်တာလဲ ဘကြီးမိုးရဲ့၊ သားသမီးချင်း ကိုယ်ချင်းမစာဘူးဗျာ'

'ဟုတ်ပါရဲ့တော်၊ အကြင်နာတရားလုံးလုံးကို မရှိဘူး'

'ဩော်… မင်းတို့က ဒီလိုလား၊ ငါ့အပေါ် ချည်း အပြစ်ပုံချရသလား၊ မင်းတို့သားငပု၊ ကပျက်ကချော်နဲ့ ငါ ဒေါ်ဖြစ်ဝါးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင်သောက်တတ်တာကို လျှောင်တာကျ ထည့်မတွက်တော့ဘူးပေါ့'

'ဟာ… ဒါကတော့ ကလေးပဲဗျာ၊ ကလေးရဲ့ အမိုက်အမဲကို လူကြီးအနေနဲ့ ဗွေမယူဘဲ ခွင့်လွှတ်သင့်တာပေါ့'

'တော်စမ်းကွာ၊ ကလေးလည်း ကလေးအလျောက် လူကြီးမိဘ ဆရာသမားတွေအပေါ် ဂါရဝေါစ နိဝါတောစတော့ ရှိရမှာပေါ့၊ တော်ပြီကွာ၊ တော်ပြီ၊ မင်းတို့ရဲ့အလျှုဖိတ်စာ မင်းတို့ဘာသာ မင်းတို့ရေးပေတော့၊ ကိုင်း… ငါသွားပြီ'

'ရပါသဗျာ၊ ရပါ့၊ ရပါ့၊ ကေန်းသေ ဇွေလာလိမ့်မပေါ့၊ ကြွ… ကြွ…'

'တောက်… ငါကွာ'

ဘကြီးမိုးအဖို့ ဒေါသကို အတင်းကာရော ကြိတ်မှိတ်မျိုချကာ ထွက်သာလာခဲ့ရသည်။ စိတ်ထဲမှာတော့ မကျေလည်း။

'ကေန်းသေ ဇွေ လာလိမ့်မပေါ့'တဲ့။

သည်စကားလုံးက ဘကြီးမိုးအတွက် နာလိုခံခက်စေပါဘိ။

ဘာကြောင့်ဆို ဘကြီးမိုး၏ဘယ်မျက်လုံးတစ်ဖက်က ရေတိမ်စွဲပြီး ဘာမှမမြင်ရခြင်း မရှိပါဘဲကလား။

○



www.burmeseclassic.com

www.burmeseclassic.com

၉၉
ဟိတ် . . . တော်စမ်း
တော်ဆို . .. . တော်စမ်း
မိချောင်းမင်း ရေခင်းပြ
ဘုန်းကြီးကို သက်နှီးလာမပြနဲ့
ငါ . . . ဒီကောင်မမြရင်နဲ့
ပတ်သက်တာ
ဘာမှ မကြားချင်ဘူး ၉၉

www.burmeseclassic.com

www.burmeseclassic.com

ဗိတ်စွယ်ကျေးရွာ တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ကိုပါ ကိုရွှေညာ၊ မထွားအိတို့၏ ရှင်ပြုမင်္ဂလာပရိတ်တရားတော်မှာ ဖိတ်ကြားစာများအား ဝေငှပြီးစီးခဲ့လေပြီ။

'အင်း… ရွှေညာတို့ လှူမယ်၊ လှူမယ်နဲ့ ကြိတ်ပြီးကြံနေခဲ့တာ၊ ကာလတွေမနည်းတော့ဘူးနော်'

'ဟုတ်ပါရဲ့၊ ခများမယ် စိတ်သာရှိနေခဲ့တာ၊ တကယ့်လက်တွေ့ မလှူနိုင်ရှာဘူး၊ ဒီတစ်ခါတော့ လှူဖြစ်သွားရှာပေါ့'

အများကောက်ချက်ချသည့်အတိုင်းပင် သည်တစ်ခါတော့ဖြင့် ကိုရွှေညာ၊ မထွားအိတို့ လှူဖြစ်သွားပါပြီ။

သေသေချာချာကို လှူကြမည်ဟု လင်မယားနှစ်ယောက် စိတ်ကိုဒုံးဒုံးချပြီး အလှူရက်ရွေးကြတော့ ပြဿဒါး၊ ရက်ရာဇာ စကားများကြသေးသည်။

'ကိုင်း… ထွားအိတို့၊ ရွှေညာတို့… ဘာမှ စောဒကတက်မနေကြနဲ့တော့၊ အလှူရက်ကို ဘုန်းကြီးပဲရွေးပေးလိုက်မယ်၊ တပေါင်းလပြည့်နေ့ကိုပဲ ရက်သတ်လိုက်ကြ'

'လတကာအနက် တပေါင်းလဆိုတာ အသာဆုံးကွယ့်၊ တပေါင်းသာခေါင်၊ လများနှောင်ဆိုတဲ့စကားတောင် ရှိသေး၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလပြည့်နေ့ဆိုတာ တို့များ ဂေါတမဗုဒ္ဓဘုရားရှင် ကပိလဝတ် နေပြည်တော်ကို ကြွချီတဲ့နေ့ကွယ်၊ တစ်နည်းအားဖြင့် မြတ်ဗုဒ္ဓပြည် တော်ဝင်အခါတော်နေ့၊ သည်တော့ တပေါင်းလထဲမှာအဲဒီနေ့လောက် ထူးမြတ်တာ ရှိပါဦးမလား'

သို့ကလို ဘုန်းတော်ကြီးက ရက်သတ်ပေးသည့်အတိုင်း အလှူရက်ကို ဖိတ်စာတွင် ထည့်ရိုက်ကာ ဝေငှခဲ့ပါ၏။

'အလှူရက်သတ်ပြီး ဖိတ်စာရိုက်လို့ ဝေငှပြီးတာတော့ ဟုတ် ပါပြီ၊ အလှူကျရင် ဘာကျွေးရင် ကောင်းမလဲ ထွားအိ'

'ဘာကျွေးရမှာလဲတော်၊ ထုံးစံအတိုင်း တွက်သားကိုက်တဲ့ ငါးခြောက်ထောင်းကြော်ရယ်၊ ငပိချက်၊ တို့စရာရယ်၊ မယ်ဇလီရွက် ဟင်းချိုရယ်ပဲပေါ့တော့'

'တို့ရွာမှာ တစ်ခါလာလည်း ငါးခြောက်ထောင်း၊ တစ်ခါလာ လည်း ငါးခြောက်ထောင်းနဲ့ ရိုးနေပြီကွ၊ ဘယ်အလှူနဲ့မှ မတူတဲ့ ငါတို့အလှူဖြစ်ရလေအောင် ငါးခြောက်ထောင်းနဲ့မကျွေးချင်ဘူးကွာ'

'နေစမ်းပါဦး၊ တော်က ငခြောက်ထောင်း မကျွေးချင်ဖြစ်ရ အောင် ဘာများကျွေးချင်လို့တုံး'

'ဝက်သားကို ပြောင်ကျွေးချင်တယ်ကွာ'

ကိုရွှေညာ၏စကားကြောင့် မထွားအိလည်း ရုတ်ချည်းဆို သလို လက်ဝါးနှစ်ဖက်ဖြင့် သူမ၏ရင်အစုံကို ဖိလိုက်၏။

'ဘုရား… ဘုရား… တော်က ငခြောက်ထောင်းမကျွေးဘဲ ဝက်သားကို အရှောအနှောနဲ့တောင် မဟုတ်ဘဲ ပြောင်ကျွေးချင်ရအောင် ဝက်သားဈေး ဘယ်လောက်ကောင်းနေတယ်ဆိုတာ မသိဘူးလား'

'ကျုပ်တို့ရွာကလည်း ဝက်သားငတ်နေတာကြာပြီ၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဝက်သားသာ ပြောင်ကျွေးရင် ထမင်းမစားဘဲ ဝက်သားတွေချည်း စားကြမှာ မြင်ယောင်သေး'

'စားပလေ့စေပေါ့ကွာ၊ အလျှုလုပ်တဲ့ဥစ္စာပဲဟာ'

'လှူတာတော့ လှူတာပေါ့တော်၊ သူ့အိုးနဲ့သူ့ဆန် တန်ရုံပဲ ကောင်းပါတယ်၊ တော်ကြာ မနိုင်ဝန်တွေ လျှောက်လုပ်နေလို့ ကြွေးတွေ လည်ပင်းခိုက်လာမှ ကျုပ်သာမက တော့်သမီးတွေပါ အပေါင် ဆိုင်ရောက်ကုန်ဦးမယ်'

'ဟာ… ဒီကောင်မ ငါ ပါးချလိုက်ရ'

'ချရဲချကြည့်လေ၊ မှန်တာကို မှန်တဲ့အတိုင်း ပြောတာပဲဟာ၊ ဟွန်း… ငပြူးက ပြဲနေရသေးတယ်'

'ကဲ… ကဲဟာ'

'ဖုန်း'

'ဒိုင်း'

'ခွပ်'

'အောင်မလေး လုပ်ကြပါဦးတော့'

'အား… ဆောင့်ဆွဲတယ်၊ ပြုတ်ထွက်တော့မယ်၊ အု…'

တူနှစ်ကိုယ်ရန်ပွဲက အော်ကြီးဟစ်ကျယ်။

'တော်ပါတော့ အမေရယ်၊ တော်ပါတော့'

'အဖေလည်း တော်ပါတော့'

'ဟွဲ… ငါကစပြီးကြမ်းတာ မဟုတ်ဘူး၊ နင်တို့အဖေက စပြီး ပွဲကြမ်းတာ'

'မင်းတို့အမေကလည်း တစ်ခွန်းမခံ နှုတ်လှန်ထိုးလို့ လာပါ ရတာကွ'



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လှနှင့် မောင်မောင်ပုတို့ ညီအစ်ကို အပြေးရောက်လာပြီး ဖျန်ဖြေမှ ရန်ပွဲက ပြီးသွားတော့၏။

လင်နှင့်မယားဆိုတော့လည်း လျှာနဲ့သွားသဖွယ် ကိုက်မိသည့်အခါ ကိုက်မိကြပေသပေါ့။ နောက်ဆုံးမတော့ မထွားအိလည်း လူပုသလောက် စိတ်တိုသော လင်တော်မောင်ကိုရွှေညာ၏ အလိုအတိုင်း အလှူပွဲ၌ ဝက်သားကျွေးမည့်ကိစ္စအား သဘောတူညီလိုက်ရလေတော့၏။

တကယ်တမ်း ဝက်သားဝယ်ဖို့ရာ ဝက်သားဈေးကို စုံစမ်းမှာတော့ ဈေးက ခေါင်ခိုက်နေ၏။ ဒါတောင် လိုသလောက်မရ။

'မရလည်း ကိစ္စမရှိဘူး၊ ငါတို့မွေးထားတဲ့ ဝက်သုံးကောင်ရှိနေတဲ့ဥစ္စာ၊ သုံးကောင်စလုံး ပေါ်ပစ်လိုက်မယ်ကွာ'

'တော့်သဘောပဲ'

'အေး… အဲသလို လိုက်လျောညီထွေ ရှိမှာပေါ့ကွာ၊ အလှူလုပ်တာပဲ၊ ဘာမှတွန့်တိုနေစရာ အကြောင်းမရှိဘူး၊ တို့တစ်ရွာလုံးမှာ အလှူလုပ်ရင် ငါးခြောက်ထောင်း၊ ရက်လည်ဆွမ်းကျွေးဆိုရင် မုန့်ဟင်းခါး၊ ဒါချည်းပဲ၊ ဝက်သားမပြောနဲ့၊ ငါးသလောက်တောင် ပေါင်းတာမဟုတ်ဘူး၊ အေး… အဲသလို ခေါက်ရိုးကျိုးနေတဲ့ အကျွေးအမွေးကိစ္စမှာ ငါတို့အလှူက ဝက်သားကို ပြောင်ကျွေးတယ်ဆိုတော့ အလှူတကာ့ အလှူတွေထဲမှာ ထိပ်ပဲပေါ့ ထွားအိရဲ့'

'အဲသည်အလှူကျရင် ကျုပ်သမီး မြရင်ကိုလည်း ဖိတ်ချင်တယ်တော်၊ တစ်ရွာလုံးကိုတော့ ဖိတ်ပြီး သူ့ကိုချန်ထားခဲ့တာတော့ စိတ်ကောင်းရှာမှာ မဟုတ်ဘူး'

မြရင်က ကိုရွှေညာ၊ မထွားအိတို့၏ သမီးကြီး



www.burmeseclassic.com

www.burmeseclassic.com



အပျိုဖြစ်ကာစအရွယ်မှာပင် အိမ်တွင် လူဗွားဝင်လုပ်သော သူရင်းဗွား မောင်ဒေးနှောက် ကောက်ကောက်ပါအောင် လိုက်ပြေးသွားသည့်အတွက် ဖခင် ကိုရွှေညာအဖို့ ယမ်းပုံမီးကျ ဒေါမာန်ထကာ တွေ့ရာသချိုင်း ဓားမစိုင်းဘဲ အိမ်ရိပ်တောင်မှ မနင်းမိစေရန် အမိန့်ထုတ်ထားခဲ့လေ၏။ ဖခင်က မာန်တင်းသလောက် မိခင်ကျပြန်တော့ ရင်နှင့်လွှယ်မွေးထားရသည့် သမီးမိန်းကလေးဖြစ်လေရကား မပြတ်သားနိုင်ဘဲ လင်ဖြစ်သူကွယ်ရာ၌ ခိုးကြောင်ခိုးဝှက်တွေ့ရ၏။ ကူညီထောက်ပံ့စရာရှိသည်ကို လင်သားမသိအောင် ကူညီထောက်ပံ့ရ၏။ သူရင်းဗွားနှင့် ဖူးစာဆုံရတော့လည်း မြရင်ခမျာ ဆင်းရဲတွင်းနက်ရှာသည်ပင်။

'မွဲချင်တဲ့ခွေးမဗို့ ပြာပုံတိုးတဲ့ဥစ္စာ၊ ဘာမှသနားနေစရာမလိုဘူး ဗွားအိ၊ သင်းထိုက်နဲ့သင်းကံ၊ ကောင်းရင်လည်းစံ၊ ဆိုးရင်လည်းခံပေရော့'

ဖခင်ကိုရွှေညာကတော့ ခါးခါးသီးသီးမှ တကယ့်ကို ခါးခါးသီးသီး။ မိခင်မဗွားအိကမူ သမီးအတွက် စိတ်မကောင်း။ သည်တော့လေပြေထိုးကြည့်သည်။

'ကိုရွှေညာရယ်... မိဘမေတ္တာဆိုတာ စုန်ရေလို့ ကြားဖူးပါတယ်၊ ပြီးတော့ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိပါတယ်၊ သားဆိုးသမီးဆိုးဆိုတာ ပစ်ရိုးထုံးစံမရှိပါဘဲကလားရှင်'

'ဟိတ်... တော်စမ်း၊ တော်ဆို တော်စမ်း၊ မိချောင်းမင်းရောကင်းပြ၊ ဘုန်းကြီးကို သင်္ကန်းလာပြမနေနဲ့၊ ငါ ဒီကောင်မ မြရင်နဲ့ပတ်သက်တာ ဘာမှမကြားချင်ဘူး'

ခုထိတောင်မှ ခါးခါးသီးသီးဖြစ်နေတုန်းဆိုတော့ မိခင်ဖြစ်သူ မဗွားအိ တင်းခံနဲ့ဖြစ်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ကိုရွှေညာ၊ မြရင်နဲ့ပတ်သက်တာ ဘာမှမကြားချင်ရအောင် မြရင်က ဘယ်သူနဲ့ရပြီး မွေးထားတာမို့လို့လဲ'

'ခွေးနဲ့ရထားတာဟေ့၊ ခွေးတောင်မှ အမြီးပြတ်နေတဲ့ခွေးဟ'

'ဩော်... ဒါဆို တော်က အမြီးပြတ်ခွေးပေါ့၊ သိပေါင်တော်၊ ကျုပ်က တော့်ကို လူလို့ထင်ထားတာ၊ လက်စသတ်တော့ တော်က လူမှမဟုတ်ဘဲကိုး'

'ဟဲ့... မိုင်းတာမ၊ တော်စမ်း၊ တိတ်စမ်း'

'ကျုပ်က မိုင်းတာမ မဟုတ်ဘူး၊ တော်သာ ပထွေးစိတ်ဝင်နေတာ၊ ပထွေးမှ ပထွေးကောင်းမဟုတ်တဲ့ ပထွေးစုတ်'

'ဟာ... ပြောလေကဲလေ မန်းလေ ပြဲလေဟာမ၊ ကိုင်းဟာ'

'ဖြန်း'

'အောင်မလေး... ကဲဟယ်... ကဲဟယ်'

'အောင်မလေးဗျု၊ ခြေမျက်စိကျွဲပါပြီဗျု၊ အီး...'

ကိုရွှေညာက မထွားအိကျောပြင်အား အလျှုမင်္ဂလာရှေ့တော်ပြေးအဖြစ် ဗျောတင်လိုက်သလို မထွားအိကလည်း စည်းဝါးလိုက်သည့်အလား ကွမ်းအစ်ခေါင်းဖြင့် ထိချင်ရာထိစမ်းဟူ၍ ခုတ်ချလိုက်ရာ ကိုရွှေညာ၏ ခြေမျက်စိသတို့သားနှင့် မထွားအိ၏ ကွမ်းအစ်ခေါင်းသတို့သမီးတို့သည် စုလျားရစ်ပတ်မိသွားကြလေ၏။ သည်တစ်ခါတော့ မောင်မောင်လှ၊ မောင်မောင်ပုတို့သာမက အိမ်နီးနားချင်းတို့ဝင်ရောက်ဆွဲလွဲကြမှပင် ရန်ပွဲမှာ နိဋ္ဌိတံရလေတော့၏။

၀



www.burmeseclassic.com

www.burmeseclassic.com

၆၆
ဘာ . . . အဝါရောင်လက်မှတ်လဲ၊
မင့်လက်မှတ်ကအဖြူရောင်ကွ . . .
အဖြူရောင်
အဖြူရောင်လက်မှတ်ကို
နှင်းတွေဖျော်ပြီး သုတ်လာတဲ့ဟာ
မင်းလက်မှတ်ကို
မင်း ပြန်နမ်းကြည့်စမ်း ၉၉

www.burmeseclassic.com

www.burmeseclassic.com

နေခြည်မှာတော့ ရွှေရည်တွေက ဝင်းခဲ့ပြီ။

ရှင်လောင်းအလှည့်မှာတော့ လိုက်ပါသူတွေက သိပ်မများလှ။ ပရိသတ်အများစုကတော့ ဝက်သားတုံးကြီးများကို တစ်ဝတစ်ပြဲ ဖွဲ့ဖို့ရာအတွက် ထမင်းကျွေးရုံအနီးရှိ မဏ္ဍပ်ထဲမှာပဲ ထိုင်နေကြသည်။ အပင်ပန်းခံပြီး ရှင်လောင်းလှည့်လိုက်ကြ။ လှတပတနှင့် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသော ကာလသား ကာလသမီးအချို့နှင့် ဗျောအဖွဲ့တို့သာ ရှင်လောင်းလှည့်၊ နတ်ပြရန် ထွက်ခဲ့ကြလေသည်။

ရှေ့ဆုံးမှာတော့ အလျှူဒါယကာကြီး ကိုရွှေညာသည် သပိတ်၊ သင်္ကန်းကိုပိုက်ရင်း ထော့နဲ့ထော့နဲ့ဖြင့် ဦးဆောင်လှမ်းနေ၏။ ခြေချက်စိဒဏ်ရာကား ဖူးနေယောင်နေဆဲမို့ လမ်းကိုဖြောင့်ဖြောင့်မတ်မတ် လျှောက်၍မရ။ ၎င်း၏အနောက်ဘက်ဆီမှ အလျှူဒါယိကာမ မထွားအိချောလည်း လင်တော်မောင်၏လက်ချက်ကြောင့် ကန်တော့ပွဲကိုရွက်ထားရသော်လည်း လက်ပြင်မှာမူ ခပ်ကိုင်းကိုင်း။ ကိုင်းပေမပေါ့။ ကိုရွှေညာ၏ လက်ဝါးဒဏ်ကလည်း သေးမှမသေးဘဲကိုး။

မောင်ရှင်လောင်း မောင်မောင်လှမှာ မြင်းပေါ်တွင် ဣန္ဒြေရရှိသလောက် ထီးတော်မိုး ငနိုင်ကြီးကမူ ယိမ်းယိမ်းယိုင်ယိုင်ဖြစ်နေသည်။ ယိမ်းယိုင်ဆို မနက်ကတည်းက ထမင်းချက်အဖွဲ့ ဦးဟိုသိန်းတို့

www.burmeseclassic.com



ဝိုင်းသို့ သွားရောပြီး ခွက်ပုန်းချလာခဲ့သည် မဟုတ်လား။ သည်တော့ ထီးကို ဖြောင့်အောင်မမိုးနိုင်ဘဲ ထီးအနားစသည် မောင်ရင်လောင်း မောင်မောင်လှ၏ မျက်နှာအပါး ဝဲဝဲသွားရာ မောင်ရင်လောင်းခမျာ ထီးအနားစကို ခဏခဏ တွန်းဖယ်နေရသည်။

သူ့အနောက် မောင်ရင်လောင်းကတော့ နေရာတကာ လူတွင်ကျယ်လုပ်ချင်သည့် မောင်မောင်ပု။ မြင်းပေါ်မှာ ဘယ်သူ့မြှောက်ပေးလေသည်မသိ။ စီးကရက်အခဲသား။ အလို… ခေါင်းမှာလည်း ပတ်တီးကအဖွေးသား။ ပတ်တီးအနားစကိုသာ လှပတပ ချိတ်မည်ဆိုလျှင် တိုင်းခန်းလှည့်လည်ထွက်လာသည့် မင်းသားတစ်ပါးနှင့်မခြား။ ခုတော့ ပတ်တီးအဖွေးသား၌ ဒဏ်ရာရထားသော ချိုစောင်းနေရာရှိ ပတ်တီးစတွင် အကွက်ကြီးက ထင်းလျက်ရှိ၏။ ဘကြီးမိုးပေးအပ်လိုက်သော ဆုလာဘ်ပေတကား။

သည်အလှူပွဲ ဝက်သားဟင်းကို ပြောင်ကျွေးမည်ဟူသော သတင်းက တောမီးပမာ ပိတ်စွယ်တစ်ရွာလုံးသာမက ရွာနီးချုပ်စပ် တိုင်အောင် ပျံ့နှံ့နေသည့်အတွက် ရွာသူရွာသားတိုင်းပင် အလှူရက် ရောက်လာပါတော့ အလှူရက်မြန်မြန်ရောက်ပါတော့ဟု ဆုတောင်းရသည်မှာ အမော။

တစ်ပါးသူ၏လယ်တွင် နေ့စားဖြင့် အလုပ်လုပ်ရသော သိန်းတန်ကြီးအဖို့ ငါးပိရည်ကျဲနှင့်သာ ရွှေလက်တွဲရသည့် ကာလကြာတော့လည်း ဟင်းကောင်းကျွေးကောင်းကို အသာငမ်းငမ်းဖြစ်နေသည်မှာ မဆန်း။ ကိုရွှေညာ၊ မထွားအိတို့အလှူမှာ ဝက်သားကျွေးမည်ဆိုတော့ အလှူရက်မတိုင်မီမှာပင် အိပ်မက်တွေဘာတွေမက်ပိုက်ပါသေး။ အိပ်မက်ထဲမှာတော့ သူသည် ဝက်သားတုံးချည်းဆယ့်လေးတုံး



www.burmeseclassic.com

www.burmeseclassic.com



တိတိ တွယ်ပစ်ခဲ့လေ၏။ တွယ်ကောင်းကောင်းနှင့် တွယ်နေစဉ်…

'ဟဲ့… သိန်းတန် ထ… ထ… တောတက်ရမယ် မဟုတ်လား'

ဟူ၍ မယားဖြစ်သူ မနန်းကျင်က လှုပ်နှိုးသဖြင့် လန့်နိုးသွားခဲ့ရလေ၏။ နိုးနိုးချင်း အစားကောင်းစားရသည့်အိပ်မက် ပြုန်းခနဲပျက်ပြယ်သွားလေရကား ဒေါသဖြစ်ဖြစ်နှင့် မနန်းကျင်အား ဖနောင့်စာကျွေးခဲ့ဖူးလေ၏။

ယခုတော့ အိပ်မက်ထဲကဆန္ဒ မကြာခင်ပြည့်ဝပေတော့မည်။

ထမင်းကျွေးရုံ၌ ဟင်းလိုက်ဖြည့်ရသော တာဝန်ကို ရယူထားသည့် ကိုပီယအား မျက်နှာလို မျက်နှာရသဘောဖြင့် ရေရောထားသည့်ချက်အရက်တစ်ပိုင်းအား လာဘ်ထိုးထားခဲ့၏။

'စိတ်ချ သိန်းတန်ကြီး၊ မင်းတို့ဝိုင်းမှာ အသားကောင်းတွေချည်း လာထည့်ပေးမယ်'

'အဟီး… လုပ်ပါဗျာ၊ အားကိုးပါတယ်'

လာဘ်ထိုးထားသော ချက်အရက်တစ်ပိုင်းကား အတော်ကလေး ထိရောက်လှပေစွ။

ပိတ်စွယ်ရွာ၌ တင်မဆုံအကြီးမားဆုံးဖြစ်သော ဒေါ်ဝဝလှိုင်ဆိုသည့် အပျိုကြီးကား အလှူပွဲ၌ ဝက်သားဟင်းကို တစ်ဝတစ်ပြဲတွယ်နိုင်ရန်အလို့ငှာ ဗိန္ဓောဆရာတော်သလင်းအောင်ကြီးထံမှ ဝမ်းနုတ်ဆေးကို ဝယ်သောက်လေ၏။ ချင့်ချင့်ချိန်ချိန် မသောက်ဘဲ တစ်ခွက်စာသောက်ရမည်ကို သုံးခွက်စာလောက်သောက်မိသဖြင့် အီးအီးတွေအဆန်းလွန်ပြီး မျော့မျော့ကလေးဖြစ်နေရသည်ဟူ၏။ ဆယ်အိမ်ခေါင်းဆိုလှကလေးကျပြန်တော့ သူ့ဝမ်းခေါင်းကို ကျယ်စေရန်ဟုဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ခန့်ကြို၍ တုံးခုန်သည်ဆို၏။ တုံးခုန်းရာ၌ အခုန်မတော်ဘဲ ခြေချင်းလိမ်ကာ မှောက်အကျ တုံးနှင့်ပါးစပ် ဆောင့်မိသွားသဖြင့် သွားနှစ်ချောင်း မြေခသွားရသည်ဟူသတတ်။

ရှာခေါ်ကြီး ကိုမုတ်ဆိတ်ကျပြန်တော့လည်း ဝမ်းခေါင်းကျယ်စေရန် ဝေလီဝေလင်း၌ ထပြေးလေရာ သူကြီးကိုစံဖေအိမ်မှ ခွေးများထွက်ဆွဲသဖြင့် ဖင်စုတ်သွားရသည် ဆို၏။ အနှိပ်သည် ဒေါ်ကုလားမကြီးကျပြန်တော့ အလှူပွဲ၌ အားပါးတရဟဲလိုက်မည်ဟု ကြံရွယ်ထားသော်ငြား အလှူရက်မတိုင်မီမှာပင် အံဆုံးပေါက်ကာ ပါးစာစ်ခြမ်းယောင်ရမ်းပြီး ဝေဒနာခံစားနေရသောကြောင့် ပွဲကြီးပွဲကောင်း လွတ်ရတော့မည့်အရေးအတွက် တစ်ကိုယ်တည်း ကြိတ်ဆွေးနေရသည်ဟူ၏။

မဏ္ဍာပ်ထဲမှာတော့ ရေစက်ချတရားတော်နာဖို့ထက် ဝက်သားတုံးကြီးများနှင့် နှစ်ပါးသွားကြရလေအောင် အားခဲကြွရောက်လာကြသော ပရိသတ်အား အဖွေးသားမှ တကယ့်ကို အဖွေးသား။ မကြာခင် ထမင်းစားလက်မှတ်ဝေသော လန်ဘားကြီးကိုကြာမြိုင်ရောက်လာပြီး လက်မှတ်ဝေရာ သူ့ထက်ငါ ဝိုင်းအုံလုကြသဖြင့် မုဆိုးမဒေါ်ဘုတို ထဘီအောက်နား ပြဲသွား၏။ ကာလသားခေါင်း ကြယ်တစ်လုံးမှာလည်း ဘယ်သူဆောင့်ဆွဲလိုက်သည်မသိ။ ပုဆိုးကွင်းလုံးကျွတ်ကျသွားရာ အောက်ခံဘာမျှ မပါရှိသည့်အတွက် ပရိသတ်အပေါင်း၏ ဟားစရာ ဖြစ်ရလေ၏။

'ကြယ်တစ်လုံး မဟုတ်ဘူးကွ၊ ကြယ်နှစ်လုံး ကြယ်နှစ်လုံး'

'ဟုတ်ပါရဲ့၊ နှစ်လုံးကို ပြူးနေတာပဲ၊ သူကြီးကိုင်တဲ့ နှစ်လုံးပြူးထက်တောင် သာသေး'

ကာလသားခေါင်း ကြယ်တစ်လုံးလည်း လူအုပ်ကြား မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မထားတတ်အောင်ဖြစ်သွားပြီး မဏ္ဍပ်အပြင်သို့ အသာလစ်ထွက်ကာ ငှင်း၏ ပုခိုးစခွဲသူ မည်သူမည်ဝါဖြစ်မည်ကို စုံစမ်းနေလေသည်ဟူ၏။ မကြာမီမှာပင် ထမင်းကျွေးရုံမှ ခါတ်စက်သံပေါ်ထွက်လာလေ၏။

'အဝါရောင်လက်မှတ်ရရှိထားသော ဧည့်ပရိသတ်များခင်ဗျာ၊ အဝါရောင်လက်မှတ်ရရှိထားသော ဧည့်ပရိသတ်များခင်ဗျာ၊ အင်မတန်အရသာရှိရှိနဲ့ နူးအိနေအောင် ချက်ထားနှပ်ထားတဲ့ ဝက်သားဟင်းကို အပြတ်ဝါးကြရအောင် ထမင်းကျွေးရုံသို့ ကြွရောက်တော်မူပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျာ'

'ဟေး'

အဝါရောင်လက်မှတ်ရရှိထားသော ဧည့်ပရိသတ်များ ဝမ်းသာအားရဖြင့် ထမင်းကျွေးရုံသို့ သုတ်ခြေတင်သွားကြလေ၏။ ထမင်းကျွေးရုံအပေါက်ဝ၌ ဘုန်းကြီးလူထွက်သောင်းလှိုင်က လက်မှတ်တွေတစ်ယောက်ချင်းသိမ်းကာ ရုံထဲသို့ သွင်းလေ၏။ ဤတွင် ခပ်ထွေထွေဖြစ်နေသော ဗလကြီးနှင့် တစ်ယောက်တစ်ခွန်း စကားများကြလေတော့၏။

'ဟေ့ကောင် ဗလကြီး၊ မူးရင် အေးအေးဆေးဆေးနေကွာ၊ ဒီမှာ စနစ်တကျ အလုပ်လုပ်နေတာ၊ လာမရစ်နဲ့'

'ဟာ… ငါ ဘာရစ်လို့လဲ သောင်းလှိုင်ရ၊ အဝါရောင်လက်မှတ်ပေးပြီး ထမင်းကျွေးရုံထဲ ဝင်မလို့ဥစ္စာ'

'ဘာ… အဝါရောင်လက်မှတ်လဲ၊ မင့်လက်မှတ်က အဖြူရောင်ကွ၊ အဖြူရောင်၊ အဖြူရောင်လက်မှတ်ကို နနွင်းတွေသုတ်ပြီး သုတ်လာတဲ့ဟာ၊ မင်းလက်မှတ်ကို မင်းပြန်နမ်းကြည့်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



‘အယ်’

သူ့ထက်လည်သော သောင်းလှိုင်က အချက်ကျကျ ပြန်လည် ပြောဆိုသည့်အတွက် ဗလကြီးလည်း ခပ်ရှက်ရှက်ဖြင့် ထမင်းကျွေးရုံ အနောက်ဘက်သို့ ခပ်ကုပ်ကုပ်ကလေး ထွက်သွားရလေတော့၏။

ထမင်းကျွေးရုံထဲတွင်ကား စားပွဲဝိုင်းတစ်ခု၌ ထမင်းအဝစား ငါးရာကျပ်ဆိုသည့်ဆိုင်များကပင် ဒိုးဆလံ ဒင်းဆလံ လက်မြှောက်ရသော ဖိုးသင်းနွယ်၊ ဟဲမင်းဝေ၊ မြင့်မြတ်၊ အောင်သျှင်သူ၊ ဖြိုးထိန်၊ ကျော်မင်းနိုင်၊ မောင်တက်တို့ခုနစ်ယောက် ဝိုင်းဖွဲ့မိကြလေ၏။ သူတို့ခုနစ်ယောက်စလုံးမှာ အနိုင်မခံ အရှုံးမပေး၊ လေ့ခွက်ချည်းကျန် အလဲမလှဲဆိုသော စိတ်ဓာတ်အားမာန်အပြည့်ဖြင့် အပြိုင်အဆိုင် ဟဲနေကြသည်မှာ ဝေသာလီပြည်သို့ဝင်စီးသည့် ဘီလူးတွေနှင့်မခြား။

ဟင်းလိုက်သော ကိုပီယမှာတော့ ၄င်းတို့ဝိုင်းကိုကြည့်လျက် မျက်စောင်းတခဲခဲ။ ဝက်သားဟင်းလိုက်ပွဲ ရှစ်ပွဲတိတိ ချပေးပြီးသည့်တိုင် နေရာမှ ထတော်မမူသေး။ ဖြိုးထိန်ဆိုလျှင် ခါးပုံစကိုပင် လျှော့ချလိုက်ပြန်ပါသေး။ ချဉ်ပေါင်ဟင်းပန်းကန်မှာလည်း ပြိုက်ခနဲ။ မောင်တက်အား ဝက်သားတုံးနှစ်တုံးကို ပါးစပ်ထဲ ပြွတ်ခနဲသွင်းလိုက်ပြီးသည့်နောက် လည်ချောင်းတွင် တစ်ဆို့ကာ နင်နေသဖြင့် ချဉ်ပေါင်ဟင်းချိုနှင့် မျှောချရန် ဇွန်းအအားကိုစောင့်ရင်း မျက်လုံးကြီးများ ပြူးသထက် ပြူးလာလေ၏။ ဇွန်းက ဘယ်ကပ်ကမ္ဘာတွင်မှ အားလိမ့်မည်မသိနိုင်သည့်အဆုံး ဟင်းချိုပန်းကန်ကို ဟင်းတွေပေကျံနေသည့် ညာလက်ဖြင့် ဆွဲကိုင်မကာ တဂွပ်ဂွပ်နှင့် မော့သောက်လိုက်လေမှ လည်ချောင်းဝ၌ တစ်ဆို့နေသော ဝက်သားတုံးကြီးသည် အူ[illegible]ဂါ အတွင်းသို့ လျှောကျသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့… ဟင်းကုန်ပြီ လာထည့်ပေးလေကွာ'

ဖိုးသင်းနွယ်က ဝက်သားဟင်းပန်းကန်ကို ဇွန်းဖြင့် တတောင်တောင် တဒင်ဒင်ခေါက်ရင်း ဟင်းလိုက်ဆရာ ကိုပီယကို လှမ်းအော်သတိပေးလေသည်။ ဟင်းခွက်ချလိုက်လေတိုင်း တစ်မဟုတ်ချင်းပြောင်တလင်းခါသွားလေသည်မို့ ဟင်းလိုက်ဆရာ ကိုပီယလည်း မကြားချင်ယောင်ပြုကာ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေလေတော့သည်။

တစ်ဖက်ဝိုင်းမှ သိန်းတန်ကြီးကလည်း တစ်ဘာသာ။

'ဗျို့… ကိုပီယ ကျုပ် ခင်ဗျားကို ချက်အရက်တစ်ပိုင်းပေးထားတယ်နော်၊ သဘောပေါက်'

သည်လိုမျိုး အညာကို ကိုင်ထားလေသည်မို့ ချက်အရက်တစ်ပိုင်းကို ထောက်ထားလျက် ဝက်သားဟင်းကို မပြတ်တမ်း ထည့်ပေးနေရလေသည်။ ထမင်းကျွေးရုံထဲမှာတော့ လူတွေက လက်မလည်။

အဝါရောင်လက်မှတ်သမားတွေကို ကျွေးမွေးပြီးပြန်တော့ အဖြူရောင်လက်မှတ်ရရှိထားသော ဧည့်ပရိသတ်တွေကို ကျွေးမွေးရန် ဒိတ်ခေါ်ရပြန်လေသည်။

အဖြူရောင် လက်မှတ်ရရှိထားသော ဧည့်ပရိသတ်များမှာလည်း 'နောက်လာတဲ့မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ' ဆိုသကဲ့သို့ အဝါရောင်သမားတွေထက်တောင်မှ သာလွန်၍ အားပေးကြပါချိမ့်။ ပါလာသည့် မိဘတွေကလည်း ၎င်းတို့၏ ကလေးများကို အစားအသောက်နှင့်ပတ်သက်၍ ဆုံးမစကားဆိုကြပါ၏။

'ဟဲ့… သေနာကျလေး၊ ထမင်းကိုချည်း အားပြုမစားနဲ့၊ ဒါ ကိုယ့်အိမ်မဟုတ်ဘူး၊ ကြုံတောင့်ကြုံခဲအလှူပဲဟဲ့၊ ဟင်းကို အားပြု

www.burmeseclassic.com

www.burmeseclassic.com



စား၊ အသားတွေကိုဖွဲ့စား၊ အဆီးတုံတွေကို ခုံအောက်ကို မသိမသာ လွှင့်ပစ်၊ လွှင့်ပစ်'

ကလေးတွေကလည်း မိကောင်းဖခင် သားသမီးတွေ ပီသစွာ စကားကို မြေဝယ်မကျ နားထောင်ရှာသည်။ ရုံဘေးနားကပ်လျက် ထမင်းဝိုင်းက ကလေးတစ်ယောက်ဆိုလျှင် အသားတွေချည်းဖွဲ့စားကာ အဆီတုံးများကို ထမင်းကျွေးရုံအကာ၏အောက်ဘက်သို့ လွှင့်ပစ်ရာ ရွာခွေးတစ်အုပ်ဖြစ်သော လေးလုံးတို့ အောင်နက်တို့မှာ အကြိုက်တွေ့ နေကြလေ၏။

ထိုအချိန်တွင် ကျပါးသော ရှင်လောင်းလှည့်အဖွဲ့လည်း ဘုန်းတော်ကြီးနှင့် ရွာတော်ရှင်နတ်တို့ကို ပြပြီးသည့်သကာလ၊ အလှူ့ မင်္ဂလာမဏ္ဍာပ်အတွင်းသို့ စီတန်းလှည့်လည်ဝင်ရောက်လာကြပေပြီ။

မဏ္ဍာပ်အတွင်းရှိ ပရိသတ်သည် ထော့ကျိုးထော့ကျိုးဖြစ်နေသော အလှူ့ဒါယကာ ကိုရွှေညာကိုလည်း စိတ်မဝင်စား၊ လက်ပြင်ကြီးကိုင်းလျက်ရှိသော အလှူ့ဒါယိကာမ မထွားအိအပေါ်လည်း အာရုံ မညွတ်၊ ပတ်တီးအဖွေးသားဖြင့် မျောက်မှိုင်မှိုင်လျက်ရှိသော မောင်ရှင်လောင်း မောင်မောင်ပုအပေါ်၌လည်း နှလုံးမခွေ့။ သူတို့အားလုံး၏ အာရုံ၌ ၄င်းတို့ ကိုင်ဆောင်ထားသော ထမင်းစားလက်မှတ်အပေါ် အကြီးအကျယ် အာရုံထားနေကြလေ၏။ သည်ကနေ့ သည်အချိန်မှာ တော့ ဝက်သားဟင်းလောက် အရေးကြီးသော ကိစ္စမှတစ်ပါး အခြား မရှိပြီ။

ဗျော… ကြေညာ်နှင့်အဖွဲ့ကား ဘယ်သူတွေ နားကလောလော နားမကလောလော ဂရုမစိုက်။ အသံမြည်လျှင် ပြီးရောဆိုသည့် သဘောဖြင့် ဗျောကို ဗျောလို 'တုတ်… ပလုတ်တုတ်… ဖြုန်း…'

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း တီးချင်တီး၏။ နဲ့ဆရာကိုစိန်ဟန်က အိန္ဒိယတေးသွား တစ်ပုဒ်ဖြစ်သည့် 'ယေတိုတင်ချာ… ပန်ပန်…'ကို မြန်မာမှုပြုထားသည့် 'ဝါဆိုဝါခေါင်မှာလေ… ရွှေမိုးလေးတွေညိုတော့… ချစ်တင်းနောကြပါတယ်… အို… ရွှေမိုးလေးက ညိုတယ်'ကိုလည်းတီး၏။ ထိုအခါများ၌ ကိုခွေးကြီးက ကုလားမင်းသားလိုလည်းကောင်း၊ ကိုတင်ဝင်းက ကုလားမဝတ်စုံဝတ်၍လည်းကောင်း ကကြခုန်ကြ၏။ ကလေးတွေကား တရှန်းရှန်း၊ ခွေးတွေကလည်း တဝုန်းဝုန်း။

အတီးအမှုတ်တွေက တစ်သမတ်တည်း မရှိ။ နဲ့ဆရာ ကိုစိန်ဟန် ညွှန်သမျှ ကျန်သမျှ လွှန့်သမျှအပေါ် ဗျောသဖွယ်ရိုက်သည့်အခါ ရိုက်ကြ၏။ အင်္ဂလန်က ဘင်သံနှင့်မခြား ထုသည့်အခါထု၏။ စည်တို သဖွယ် နှက်သည့်အခါ နှက်ကြ၏။ အသံမျိုးစုံ သပွန်ပေါ်ထွက်နေမှု ကြောင့် ငါးသိုင်းများတော့ ဟင်းဟုန် ဟူသည့် စကားအတိုင်း ဗျော ကြေည်တို့ တီးကြမှုတ်ကြ၍ ပေါ်ထွက်လာသော အသံတို့မှာ ပုစဉ်း ရင်ကွဲများ၊ ဖားလက်တက်များ၊ တောက်တဲ့များ၊ ဆိတ်များ၊ ဝက်သိုး များ ဘွတ်ကလုံများ ပိုင်းဝန်းပေါင်းစုအော်ဟစ်နေသကဲ့သို့ နားသောတ ဆင်နေရလေတော့၏။ ထိုအချိန်တွင် အလှူဒါယကာကိုရွှေညာ ဗွား ရမ်းခေါ်ယူထားသော ဓာတ်ပုံဆရာ လဒအောင်မင်းဆိုသော အရပ်ပုပု ငင်တိုတို၊ မျက်ခုံးထူထူ၊ တင့်ကလေး လိမ်ကျစ် လိမ်ကျစ်နဲ့ ဓာတ်ပုံ ဆရာ ဆရာငနဲ့သားသည် ဓာတ်ပုံကောင်းရရှိစေရန်အတွက် မဏ္ဍပ် အဝင်ဝမှ ဆည်းကြို၍ ချိန်နေသည်။ ဤတွင် ဓာတ်ပုံအရိုက်ခံလိုသော ဆည့်ပရိသတ်များစွာသည် မဏ္ဍပ်အတွင်းမှတိုးထွက်ကြကာ ရှင်လောင်း လှည့်အဖွဲ့နှင့် သွားရောလိုက်ကြလေ၏။ ခြေအညောင်းခံ၍ ရှင်လောင်း လှည့် မလိုက်ကြသော်ငြား သည်လိုမျိုး ဓာတ်ပုံရိုက်ပြီဆိုတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လှတပတပုံတွေ အပါချင်ကြသား။ သည့်အတွက် သူသူကိုယ်ကိုယ် မိမိတို့မျက်နှာပေါ်စေရန် အချင်းချင်း ကင်မရာရှေ့လု၍ ရပ်နေကြသော အခါ တိုက်မိခိုက်မိကြကုန်၏။ ဖဲသမားညွှန့်တင်သည် အေးကြည်မ၏ တင်ပါးကို လက်နှင့်တွန်းမိ၍ ဖြန်းခနဲ ပါးအရိုက်ခံလိုက်ရ၏။ ဖဲသမား ညွှန့်တင်၏တူတော်မောင် သန့်ဇော်သစ်ဆိုသည့် ချာတိတ်မှာလည်း ဘုရားဒကာ ဦးစိန်လင်းက ၄င်းရှေ့မှပိတ်ကွယ်ရလေသလားဟု မကျေ မနပ်ဖြစ်ပြီး တောင်ဝှေးဖြင့် လှမ်းခေါက်ရာ အရှောင်အတိမ်းမြန်သဖြင့် သန့်ဇော်သစ်ကို မထိသော်ငြား ကင်မရာကို ပြုံးပြုံးကြွကြွကြည့်ကာ မခို့တရို့လုပ်နေသည့် အပျိုကြီးမသင်းတုံ၏ ချိုစောင်းကို သွားထိ၏။

ဤတွင် ဆံတစ်ပင် လေအဟပ်မခံသော အပျိုကြီးမသင်းတုံ လည်း အပေါက်ကွဲကြီး ပေါက်ကွဲပြီး လွှားခနဲဆိုသလို ဘုရားဒကာ ဦးစိန်လင်းအပေါ် ခုန်အုပ်လိုက်၏။ အပျိုကြီးမသင်းတုံက ခြေတံ လက်တံ ခပ်ရှည်ရှည်၊ အချိုးအဆစ်က ကြီးကြီးမားမား။ ဘုရားဒကာ ဦးစိန်လင်းကျပြန့်တော့ ခြေတံလက်တံက ခပ်တိုတို၊ အရပ်အမောင်း က ဆယ်နှစ်လက်မ တစ်ပေ၊ သုံးပေ ဦးစိန်လင်းဟု ခေါ်ဆိုလောက် သည့်အနေအထား။

အရှိန်ဖြင့် ခုန်အုပ်လိုက်သည်မို့ ဘုရားဒကာ ဦးစိန်လင်းခမျာ ရာဇမတ်ကာထားသည့် နံဘေး၌ ခင်းထားသည့် သဲဖြူပေါ် ပန်လန် လက်ဂဘ ပက်လက်လန်ကျသွားသည်။ အပျိုကြီး မသင်းတုံကမူ ၄င်းအပေါ် ကားယားခွလျက်...

'ဟ... ဟ... ဆွဲကြပါဟ၊ ဆွဲကြပါ'

'ဟဲ့... သင်းတုံ၊ အဲသလိုအပေါ်ကနေ ကားယားခွနေရဘူး လေ၊ ငရဲကြီးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘုရားဒကာကြီးရေ... မခံနဲ့၊ ပြန်ဖက်ပြီး လုံး၊ ပြန်ဖက်ပြီး လုံး၊ ယောက်ျားသိက္ခာ အရှက်ခံနဲ့'

ရန်ပွဲကို ငြိမ်းစေလိုသူတွေရှိသကဲ့သို့ မီးလောင်ရာ လေပင့်ချင်သူတွေကလည်း မရှား။

သို့ရာတွင် ဘယ်က ပက်လိုက်လေသည် မသိ။

ဗွမ်းခနဲ ရေတွေကျအလာမှာတော့ အပျိုကြီးနှင့် ဘုရားဒကာတို့မှာ လူချင်းကွဲသွားကြတော့သည်။ ထိုအချိန်တွင် အာပုံသည်မဝက်မက ဓာတ်ပုံဆရာလဒအောင်မင်းအပေါ်းကပ်၍ ခပ်တိုးတိုးလေး ပြောနေသည်။

'ဒီမှာ ဓာတ်ပုံဆရာ၊ ကျုပ်ပုံလှလှလေး ရိုက်ပေးစမ်းပါတော်၊ တော့်ကို ကျုပ်ရဲ့အာပုံ အဝကျွေးပါ့မယ်'

ကြံစိုက်တောင်သူတစ်ဦးဖြစ်သော ကိုတင်ယုကလည်း အားကျမခံ။ သူက ဓာတ်ပုံဆရာလဒ အောင်မင်းနှင့် မနေ့ညကတည်းက ချိတ်လှည့်ခဲ့သူမို့ ရင်းနှီးနေ၏။

'ဟေ့လူ… ကိုအောင်မင်း၊ ကျုပ်ကိုလည်း ဓာတ်ပုံလှလှ ရိုက်ပေးရမယ်နော်၊ မဝက်မက သူ့အာပုံကျွေးသလို ကျွန်တော်ကလည်း ခင်ဗျား တစ်ဝကြီးစုပ်ရအောင် ကျုပ် စိုက်ထားတဲ့ ကြံချောင်းချောင်းမည်းတုတ်တုတ်ကြီးတွေကို ခုတ်ပြီး လက်ဆောင်ပေးမှာပါဗျာ'

ဓာတ်ပုံဆရာ လဒအောင်မင်းမှာ အကွက်မြင်တတ်သူဖြစ်လေရာအား ဖလင်လိပ်အပိုတွေ ဝယ်လာခဲ့သည့်အတွက် အတော်ကလေးကို ဗျာတ်သားကိုက်နေလေတော့၏။ ငွေကြေးလည်း ရမည်။ လက်ဆောင်ပစ္စည်းလည်း ရမည်။ အောင်မင်းတို့အကြိုက် တကယ့်ကိုကျွမ်းလိုက်။ မောင်ရှင်မိသားစုအတွက် ဓာတ်ပုံတွေလည်း တဖျတ်ဖျတ်။ နံဘေး



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှ ဖိုးအရိုက်ခံချင် မယ်အရိုက်ခံချင်တွေအတွက်လည်း တဖျတ်ဖျတ်။ ဓာတ်ပုံအရိုက်ခံရသူများ ပျော်ရွှင်မြူးတူးနေကြသည်။

'ဘယ်နှယ် ငါပေးတဲ့အိုက်တင် ကောင်းရဲ့မဟုတ်လား'

'ကောင်းတယ်၊ ကောင်းတယ်၊ မစင်ပုံမှာ ယင်အုံတဲ့အတိုင်းပဲ'

'ငါကတော့ သူ့သဘာဝအတိုင်း လွှတ်ပေးလိုက်တာပဲလေ၊ ဓာတ်ပုံထွက်လာရင်တော့ ဘယ်လိုနေမယ် မသိဘူး'

'ခွေးအကြီး လှည်းကြိတ်ခံရတဲ့အတိုင်းပေါ့ကွ'

'ဟော့ကောင်… သူများကို မိုချိုးမှျစ်ချိုး မပြောနဲ့၊ မင်းရုပ်ကသာ ကျွဲမကြီး သားတင်ပြီး ပြန်လာတဲ့အတိုင်း'

'မင်းရုပ်လည်း မင်းပြန်ကြည့်ဦး၊ ကြွက်ဟင်းခါးသီး မီးဖုတ်ခံထားရတဲ့အတိုင်း'

'အေး… အဲဒီပုံရရင် မင်းနှမကို လက်ဆောင်ပေးရမယ်'

'အတော်ပဲပေါ့၊ ကြွက်ခြောက်လို့ ရသွားပြီ'

တစ်ယောက်တစ်ပေါက်နှင့် ဆီးမနိုင် တားမနိုင်လေအောင် ဆူညံနေကြသည်။ သည်အထဲမှာမှ ထမင်းကျွေးရုံမှာ ပြဿနာပေါ်သည်။

ကိစ္စက ဝက်သားဟင်းပြတ်သွားသည့်ကိစ္စ။

'ဟာကွာ၊ ပြတ်စရာအကြောင်း မရှိဘူး၊ ပရိသတ်ကို မှန်းပြီး ဝက်သုံးကောင် ပိုပိုသာသာလုပ်ထားတဲ့ဟာ၊ ခုမှ သုံးပုံနှစ်ပုံလောက်ပဲ ကျွေးရသေးတယ်'

'အဲဒါတော့ မသိဘူး၊ လူတွေ ထမင်းကျွေးရုံထဲ မလွှင်းခင် ကာယကံရှင်သိအောင်တော့ အကြောင်းကြားဖို့ လိုတယ် ဟော့ကောင်



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းသောင်း သွားစမ်း၊ ကိုရွှေညာကို အကျိုးအကြောင်း သွားပြော ချေ'

အကျွေးအမွေးတာဝန်ယူထားသော ကိုဝီယက သူ့တူလွှမ်းသောင်းကို စေလွှတ်လိုက်သည်။ လွှမ်းသောင်းသွားပြောတော့ ကိုရွှေညာ အူလျားဖားလျား ရောက်လာသည်။ ခြေထောက်ကမှု ထော့နင်း ထော့နင်း…

'ဘယ်လိုဖြစ်ရတာလဲဗျာ၊ မသကာ ပိုလျှံလို့ အရပ်ဝေရ တယ်ဆိုတာ ကြားကောင်းပါရဲ့၊ အချိန် ၂၀၀ နီးပါးလုပ်တာတောင် ပြတ်သွားတယ်ဆိုတော့ ပြဿနာပဲ'

'နေဦး ကိုရွှေညာ နေဦး၊ ကျုပ်တို့ချက်ထားတာ မိုးပြဲဒယ် နဲ့ လေးလုံး၊ အဲ… အခုသုံးသုံးပဲ ရှိတယ်'

'ဒါ… ဒါဆို တစ်… တစ်လုံး ပျောက်နေတဲ့သဘောပေါ့'

'ဟုတ်တယ်'

'ဒါဆိုလည်း မြန်မြန်ရှာကြပါဦးဗျာ၊ မဏ္ဍပ်ထဲက ပရိသတ် တွေဆိုတာ ပရိတ်တရားနာဖို့လာကြတာထက် ဝက်သားဟင်းနဲ့ထမင်း စားဖို့လာကြတာ များတယ်'

အချက်အပြုတ်သမားတွေက သူတို့တာဝန်ပြီးဆုံးပြီဖြစ်သဖြင့် ညတုန်းက တစ်မှေးမျှ မမှေးရလေသည်မို့ သစ်ပင်ရိပ်အောက်မှာ တခူးခူးတခေါခေါ။ သည်မှာတင် ဝေါ်ကြီးကျသူတစ်စုက အားလုံး၏ အလစ်မှာ မိုးပြဲတစ်ဒယ်ကို မည်သူမည်ဝါမျှ မရိပ်စားမိရလေအောင် ယယ်သွားခဲ့လေပြီ။

နောက်ဆုံးမှာတော့ ကျန်ရစ်သည့်ပရိသတ်အား တောင်းပန် စကား ဆိုရလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ခင်ဗျာ… ဒီတစ်ခါမှာတော့ဖြင့် လက်မှတ်ရဲ့ အရောင်ကို ခွဲခြားမနေတော့ပါဘူး၊ ထမင်းမသုံးဆောင်ရသေးတဲ့ ညှော် ပရိတ်သတ်အပေါင်း ထမင်းကျွေးရုံသို့ ကြွရောက်တော်မူကြပါခင်ဗျာ၊ အဲ… အဲ… တစ်ခု ကြားဖြတ်ပြီး တင်ပြတောင်းပန်လိုတာကတော့ ဖြင့် ပရိသတ်ကြီးအတွက် ဝက်သားဟင်းဟာ ပြတ်သွားပါပြီ၊ သည် တော့ ချဉ်ပေါင်းဟင်းချို၊ ငါးပိရည်၊ တို့စရာအစုံအလင်နဲ့ မိုက်ခွေးနမ်း အောင် အားပါးတရ သုံးဆောင်နိုင်ကြပါတယ် ခင်ဗျာ'

'ဟာ'

'ဟယ်'

'ဟင်… ဘယ်လိုဖြစ်ရတာတဲ့လဲ'

'တောက်… ခဲလေသမျှတော့ သဲရေကျရပါပြီကွာ'

'သေပြီ ဆရာ'

ညှော်ပရိသတ်အပေါင်းမှာ မာတ်စက်မှ ကြေညာသံကို ကြား လိုက်ရလေတော့ အံ့အားတသင့်ဖြစ်သွားကြလေသည်။ မျှော်လင့်ချက် တွေ သဲထဲရေသွန်ဖြစ်ရလေသည်မို့ သည်းခံစောင့်စိုင်းနေခဲ့ရသော အချိန်တွေကို နှမျောမိခဲ့ကြသည်။ နှမျောမိရင်းမှလည်း စိတ်ထဲကျလိ ကျလိနှင့် ဒေါသတွေ အလိပ်လိုက်တက်ခဲ့ရသည်။ ထိုဒေါသတွေ ပြေပျောက်စေရန် ဖဲသမားညွန့်တင်သည် ၎င်း၏ ခါးပုံစအတွင်းသို့ အကြမ်းပန်းကန်သုံးလုံးကိုထည့်ကာ ဖြောင်လိုက်လေ၏။ ဘုရားဒကာ ဦးစိန်လင်းကလည်းအားကျမခံ။ ၎င်း၏ဖွားဖက်တော် ဝစ်စ်ကုတ်အင်္ကျီ ဘေးနှစ်ဖက်တွင်းသို့ ဆေးပေါ့လိပ်များ၊ ကွမ်းသီးခြမ်းများ၊ ထုံးဘူးနှင့် ကွမ်းညှပ်တို့ကို မသိမသာ ထည့်လိုက်လေ၏။ အပျိုကြီးမသင်းတင့် လက်ဖက်စားဇွန်းများကို ၎င်း၏အထက်ဆင်တွင်ပတ်ကာ ကိုယ်ပျောက် ဖျောက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝက်သားနှင့်တော့လွဲကလေးလွဲသွားရှာသော ပရိတ်သတ်များ အနက် အချို့အလွန်မတာန်ဆာလောင်သူသာလျှင်ထမင်းကျွေးရုံအတွင်း သို့ဝင်ကာ ချဉ်ပေါင်ဟင်းချို၊ ငါးပိရည်၊ တို့စရာတို့ဖြင့် နှစ်ပါးသွား ကြလေကုန်၏။

'တို့ကတော့ ကေသရာဇာ ခြင်္သေ့လိုပဲပေါ့၊ ကေသရာဇာမှန် ရင် ဘယ်တော့မှ မြက်ကိုမစားသလိုမျိုး၊ ဝက်သားဟင်းနဲ့မှ မတွယ်ရ သမျှ ဘာမဟုတ်တဲ့ ချဉ်ပေါင်ဟင်းချို၊ ငါးပိရည်တို့စရာတွေကို သွားထိရမှာလဲ'

'ဟွန်း… ဖိတ်စာဝေတုန်းက ပြောတော့ မိုးလားကဲလား ဝက်သားကို ပြောင်ကျွေးမတဲ့၊ အပြောကြီးကြီးနဲ့ ခုလိုပြောင်ကျွေး တော့ရော လောက်ကောလောက်ရဲ့လား၊ မတော် မတတ်နိုင်ရင် မတတ်နိုင်ဘူးပေါ့၊ ဂေါ်ဖီနဲ့ရောရော၊ အာလူးနဲ့ရောရော ရောလိုက်ပေါ့ ဗျာ၊ ခုတော့ စားရသူက စားရ၊ မစားရသူက မစားရနဲ့ ကတောင်း တခြား တင်တခြားအလှူ… ဖွီ…'

တကယ့်အရင်းခံကိစ္စကို မသိကြသူတွေက အလှူရှင်တွေ အပေါ်အထင်လွဲကာ ကောက်ချက်ချကြသည်။ သူတို့သည် ထမင်း ကျွေးရုံသို့ ခြေဦးမျှပင် မလှည့်တော့။ အလှူမဏ္ဍာပ်ကို ကျောခိုင်းထွက် သွားကြလေသည်။ အချိန်တန်၍ ဘုန်းတော်ကြီးဦးသာဂရက မောင် မောင်လှနှင့်မောင်မောင်ပုတို့ညီအစ်ကိုအား ကိုရင်အဖြစ် သင်္ကန်းစီး ပေးလိုက်သည်။ ပြီးတော့ ရေစက်ချတရားနာဖို့ ပြင်သည်။

'ဟဲ့… ရွှေညာ'

'ဘုရား'

'ပရိတ်တရားနာကြမယ့်သူတွေကလည်း ဒါပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'အ… အမြင်အတိုင်းပါပဲ ဘုရား'

မနက်တုန်းဆီက တိုးမပေါက်လောက်အောင် အုံ့ခဲများပြားလှသည့် ပရိသတ်ကြီးသည် ယခုတော့လည်း ကိုယ်အလိုရှိရာ သုံးဆောင်ပြီးစီးသွား၍လည်းကောင်း၊ အချို့ကိုယ့်အလိုရှိရာ မသုံးဆောင်ရသဖြင့် စိတ်ဆိုးစိတ်ကောက်၍လည်းကောင်း ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေရာ မဏ္ဍပ်တွင်း ပရိတ်တရားနာမည့်သူဆို၍ ငါး ယောက်လောက်သာ ရှိတော့၏။

'အင်းလေ… မတတ်နိုင်ဘူး၊ ထုံးစံအတိုင်းတော့ လုပ်ရမှာ ပဲ၊ ပရိတ်တရားနာပြီးရင် ရေစက်ချ အနုမောဒနာခေါ်ပေါ့၊ ဟုတ်ပြီ လား'

'တင်ပါ့ ဘုရား'

ဘုန်းတော်ကြီး ဦးသာဂရလည်း စိတ်မသက်မသာနှင့်ပင် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်၏။ ရေစက်ချတရားကို ဟောကြား၏။ ပြီးလေသော် အလှူ့ရှင်ကိုရွှေညာ၏ နှုတ်ဖျားမှ…

'အားလုံး ကြားကြားသမျှ၊ အမျှ… အမျှ… အမျှ ယူတော်မူကြပါကုန်လော့'

ဟု ရွတ်ဆိုလိုက်ရာ သာဓုခေါ်မည့်သူ အင်အားနည်းပါးသည့်အတွက် ဘုန်းတော်ကြီးဦးသာဂရနှင့်အတူ ပင့်သံဃာလေးပါးတို့က လည်း အကြောင်းပြု ပေါင်းစုလျက် 'သာဓု… သာဓု… သာဓု' လိုက်ကြလေတော့သတည်း။

၀



www.burmeseclassic.com

www.burmeseclassic.com

ပိတ်စွယ်ကျေးရွာ၏ ကင်းတဲ။

ကျေးရွာလုံခြုံရေး၊ မီးဘေးအန္တရာယ်၊ သူခိုးဓားပြအန္တရာယ်တို့မှ ကာကွယ်နိုင်စေရေးအလို့ငှာ အခြားအခြားသော ကျေးရွာများနည်းတူ မောင်မောင်ပုတို့ ပိတ်စွယ်ကျေးရွာသည်လည်း သူ့အလှည့်နှင့်သူ ကင်းစောင့်ကြရပါချေ၏။

သည့်အတွက်တော့ မောင်မောင်ပုတို့က စိတ်မညစ်ညူးသည့်အပြင် ပျော်တောင်မှ ပျော်ပါသေး။ ရှင်ကလည်းပြုပြီးပြီ။ လူကလည်းကြီးကောင်ဝင်လာပြီး ကာလသားကြီးတွေနှင့် ရင်ဘောင်တန်းပေါင်းသင်းနိုင်ပြီဆိုတော့ မောင်မောင်ပုတို့အဖို့ ညည ကင်းတဲ၌ အာလာပသလ္လာပစကားတွေ ဖောင်ဖွဲ့ရသည်ကိုက ကြီးစွာသော အရသာပေတည်း။

တစ်ခါတစ်ရံ ပြဿနာမဖြစ်နိုင်လောက်သော ခွေးနီးမျိုးစပ်အိမ်၊ အမျိုးအိမ်တို့မှ ကြက်ကလေး၊ ကြောင်ကလေး၊ ဘဲကလေးများ၊ အုန်းသီးများ၊ ဘူးသီးများကို တိုးတိုးကလေးခိုး၍ တိတ်တိတ်ကလေးနှိုးကာ တိတ်တခိုက် ပျော်ဝင်စားသည်ကလည်း ထူးကဲလှစွာသော အရသာတစ်ပါး ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မယ်ဒလင်တစ်လက်ဖြင့် ခာတ်မီးတဝင့်ဝင့်ထိုးကာ ကျေးရွာသူကျေးရွာသားတွေ လုံခြုံစိတ်ချစွာ အိပ်ကောင်းခြင်း အိပ်စက်နိုင်ကြရန် ကျွန်တော်တို့ ကင်းသမားတစ်စု တာဝန်ထမ်းဆောင်နေပါသည်ခင်ဗျားဟူသော သဘောဖြင့် ရွာအတွင်းလှည့်လည်ကြလေ၏။ သည်တာဝန်ကို ထမ်းနေသော ကင်းသမားအဖွဲ့အား ရွာအတွင်းရှိ သုနကွှောပေါင်းစုံ အရွယ်အစားအမျိုးမျိုးတို့က…

'ဝု… ဝု… ဝု… ဝုတ်… ဝုတ်… ဝုတ်'

'အူး… ဂူး… ဂူး… ဝို'

'ဂွဲ… အယ့်အယ်… ဝေါင်း… ဝေါင်း'

အစရှိသော ဗီယဝါစာအသံတို့ဖြင့် ကြိုဆိုကြကုန်၏။ အသိအမှတ်ပြုကြကုန်၏။ အဲသည်လို ကင်းမသားတွေထက် ကိုယ့်သခင်အိမ်ခြံအား လုံခြုံအောင် စောင့်ရှောက်တတ်ကုန်သော သုနကွှောတို့ပြူးပြူးပြဲပြဲ ဂူးဂူးဂဲဂဲကြားမှပင် ကြောင်ကလေး ကြက်ကလေး ဘဲကလေးများသာမက ဘူးသီးတို့၊ သခွားသီးတို့ကိုပါ ရအောင်ဆောင်ကြဉ်းနိုင်ခဲ့ကြလေသည်ကား တိရစ္ဆာန်ထက် အဆင့်မြင့်သော မဟာလူသား၏ အောင်ပွဲပါတည်း။

'ဟော့ကောင် မောင်ပု'

'ဘာတုန်းကွ သံလုံးရ'

'တို့ကင်းသမားတွေအပေါ် ကင်းမှူးဆိုပြီး လာလာအနိုင်ကျင့်တဲ့ ရာအိမ်မှူးဦးညွန့်တင်ကို ကြည့်လို့မရဘူးကွာ'

'ဟုတ်တယ် မောင်ပု၊ သံလုံးပြောတာ ငါလည်း လက်သင့်ခံတယ်'

ဟုတ်လည်း ဟုတ်၏။



www.burmeseclassic.com

www.burmeseclassic.com


ရာအိမ်မှူးဦးညွန့်တင်ဆိုသူက အသက် ၅၀ ကျော်လောက် တော့ရှိမည်။ မောင်မောင်ပုဖခင် ဦးရွှေသာနှင့် အသက်မတိမ်းမယိမ်း။

သည် ပိတ်စွယ်ရွာမှာက သူကြီးဦးဝင်းမောင်ပြီးလျှင် ဩဇာ အာဏာအရှိဆုံးသည် ရာအိမ်မှူးဦးညွန့်တင်ပါတည်း။ သူကား အစားရ ချောင်ရန်အတွက် လူငယ်ပိုင်းနှင့်ရော လူကြီးပိုင်းနှင့်ပါ ရောနှောတတ် သူဖြစ်၏။

သူသည် ပျော်ဘွယ်လေးကျေးရွာမှ တစ်ခုလပ်မကြီးနှင့် အိမ် ထောင်ကျသူမှန်သော်လည်း မောင်မောင်ပုတို့လို ကာလသားတွေနှင့် တွေ့လျှင် သူသိတာရော မသိတာကိုပါ လေလုံးခပ်ထွားထွား၊ အကြွား ခပ်သန်သန်ဖြင့် ဝင်ရောက်ရောတတ်၏။ အထူးသဖြင့် ကင်းမှူးဆိုလေ တော့ ကင်းစစ်ဆေးသည်ဟူသော အကြောင်းပြချက်ဖြင့် ကင်းသမား ကာလသားတို့ ရာကြဲဖန်တီးချက်ပြုတ်ထားသော (တစ်နည်းအားဖြင့်) ရွာထဲမှ အလစ်ဖြောင်လာသော ကြောင်သား၊ ကြက်သား၊ ဘဲသား၊ ဘူးသီးနှင့် ကာလသားချက်တို့ကို အားမနာတမ်း မိုန်းမိုန်းပြီး တုပ် သွားတတ်ချေ၏။

'တောက်… ဘူးသီးလေးကို အရေတယ်မို့လားမသိဘူး၊ ချိုလိုက်တာကွာ၊ အဟီး'

ချိုးမွှမ်းတော့ ဘူးသီး။ ဟင်းခပ်လေတော့ အသည်းအမြစ်။

'ဒီတစ်ခါ ကြောင်သားကတော့ နီးတူးပဲဟေ့၊ ဒါကြောင့် ထောင်ဆိုလျှင် နောင်မမေ့ပါဘူး၊ ကြောင်တွေ့လျှင်ပြောရယ်လို့ စကား ရှိခဲ့တာ နေမှာကွ'

စင်စစ် ပိုင်ရှင်မသိအောင် ကြက်၊ ဘဲ ခိုးကာ အပျော်ခင်း ချက်စားကြခြင်းသည် မကောင်းသောလုပ်ရပ်မှန်းတော့ နေလည်ကြ


www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သို့ရာတွင် ကျေးလက်တောရွာအတော်များများ၌ သည်လိုမှ မလုပ်လျှင် ကာလသားမပီသသလို ဖြစ်နေ၏။ အကယ်စင်စစ် ကိုယ့်အိမ်ကိုယ့်ခြံ၌ မွေးထားသော ကြက်၊ ဘဲတို့ကို ယူငင်ချက်ပြုတ်စားသောက်နိုင်ပါလျက်နှင့် ခိုးစားရသော သစ်သီးမှာ ပို၍ချိုမြ၏ဆိုသော ထုံးစလေ့ရှိသည်မို့ အစဉ်အလာကို မဖျက်ချင်သောသဘောဖြင့် ကာလသားစစ်စစ်ဘဝကို ခံယူလိုက်ကြလေသည်တကား။

ရာအိမ်မှူးဦးညွန့်တင်သည် လူငယ်ကာလသားတို့ဝိုင်းထဲသို့ ဩပုံဩနည်း ရောနှောကာ မြှောက်ပင့်စားတတ်သလို လူကြီးဝိုင်းသို့လည်း အစားရချောင်မည်ဆိုလျှင် ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဓမ္မအကြောင်းများ၊ နိုင်ငံရေးအခြေအနေများကို ရောသောဖောသောဖြင့် ဝင်နှောတတ်၏။ ပြီးလေသော် ဝိုင်းအလယ်ရှိ လက်ဖက်ပန်းကန်ကိုသော်လည်းကောင်း၊ ပဲခြမ်းသုပ်ပန်းကန်ကိုလည်းကောင်း ရန်ရှာလေတော့၏။

သည့်အတွက်တော့ လူကြီးဝိုင်းအနေဖြင့် မည်သို့ခံစားချက်တွေရှိလေမည်မသိ။ ကင်းစောင့်ဖော် ကင်းစောင့်ဖက် သံလုံးတို့၊ မောင်မောင်ပုတို့၊ ဒီလုံးတို့ကာလသားအဖွဲ့က ရာအိမ်မှူး ဦးညွန့်တင်အား ခပ်ချဉ်ချဉ်ဖြစ်နေကြလေ၏။

'တစ်ခုခုတော့ ပညာပေးမှဖြစ်မယ်ကွ၊ ဒီလိုမှ မဟုတ်ရင် ကောင်းတော့ညွန့်တင်၊ ညောင်းတော့တို့ဖင် ဖြစ်နေမှာ၊ ခိုးရဝှက်ရတာလည်း တို့၊ ဆီစိုက်ဆားစိုက်၊ ဆန်စိုက်ရရှုံ့တင်မက ချက်ပြုတ်ရတော့လည်း တို့၊ အဲ··· ကျက်ပြီနပ်ပြီဆိုတဲ့အခါကျ အရှံ့သင့် ဝင်ဝင်တွယ်သွားတာကျတော့ အဲဒီလူကြီး၊ ဒီတော့ ပညာတော့ပေးမှဖြစ်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပညာပေးမှာတဲ့လဲ သံလုံး'

'မပူပါနဲ့ မောင်မောင်ပုရာ၊ အကြံမတုံးပါဘူးကွ၊ အစီကြီး မယ့် ဒီလုံးနဲ့ပေါင်းပြီး ပညာပေးလိုက်ရင် ကော့ဆင်းသွားမယ် စိတ်ချ၊ နောက်ဆို တို့ကို အလိုလိုနေရင်း ဖြူသွားလိမ့်မယ်'

မောင်မောင်ပုကတော့ ဘာမျှ နားမလည်။

သံလုံးနှင့် ဒီလုံး အလုံးနှစ်ကောင် ဘယ်လိုများ ပညာပေးမှာ တဲ့နည်း။ အဲသည်နှစ်ကောင်ကတော့ အချင်းချင်း တီးတိုး တီးတိုး သဖန်းပိုး...။

○



www.burmeseclassic.com

www.burmeseclassic.com

၉၉
သူ့ဘာသာသူ ဖင်ဆောင့်ပြီး
နေရာမှာတင် လဲသေသေကွာ
ကိုယ့်ပစ္စည်း ကိုယ် ဂရုမစိုက်လို့
အဖြောင်ခံရတာ
နည်းတောင် နည်းသေး အပေး . . . ပေး . . .
မင်းတို့ငါတို့တော့
အီစလံဝေအောင်
ဆိမ့်သွားတာပဲဟေ့ ၉၉

www.burmeseclassic.com

www.burmeseclassic.com

ဆယ်အိမ်ခေါင်း ဦးညွှန့်တင်တစ်ယောက် ကျေးရွာ၏ကင်းမှူး ဖြစ်လာခြင်းက အများတင်မြှောက်၍မဟုတ်။ ဘာပြောပြော အာဏာ ဓါဝါလေးရှိထားက လူရှိန်သည်ဟူသောသဘောဖြင့် ပိတ်စွယ်ကျေးရွာ သူကြီး ဦးဝင်းမောင်တို့ စားသောက်ရန် ဝက်ကလီစာဖြင့် လာဘ်ထိုး လျက် ရာအိမ်မှူးရာထူးအပြင် ကင်းမှူးရာထူးကိုပါ ရယူထားခဲ့သည်။ သူကြီးကတော့ ဝက်ကလီစာလာဘ်လာဘကို လျှို့ဝှက်ထားပြီး…

'ကင်းစောင့်နေတဲ့ကာလသားတွေက ငယ်သေးတယ်၊ ဒီတော့ ထူငယ်အဖွဲ့မှာ လူကြီးတစ်ယောက် ရှိသင့်တာနဲ့ ညွှန့်တင်ကို တာဝန် ပေးလိုက်တာ'

ကျေးရွာအာဏာရ သူကြီးဆိုတော့လည်း ဘယ်သူဘယ်ဝါက မှ အထွန့်တက်မနေကြတော့။ လူကြီးတွေ ကောင်းသလို စီစဉ်တာပဲ ပေဟူ၍သာ သဘောထားလိုက်ကြလေ၏။

သို့သော်…

ဆိုခဲ့ပြီးလေသည့်အတိုင်း ဦးညွှန့်တင်ကား နွားရှေ့ထွက်ကျူး ကျော်သူ၊ ဘုန်းကြီးရှေ့က သွားတတ်သူပါတည်း။ သူကြီးပြီးလျှင် ရည်ရပ်သည်ရွာမှာ ဩဇာအရှိဆုံးက သူပဲရယ်မို့ ပေါ်ရုံတန်ရုံ



www.burmeseclassic.com

www.burmeseclassic.com



သောက်က ဘာမှ ဝေဖန်မနေတော့။ စကားနည်း ရန်စဲသဘောမျိုးသာ ထားလိုက်ကြသည်။

သူသည် ကင်းမှူးဆိုသော်ငြား မောင်မောင်ပုတို့ သုံးလုံးတို့ကို ညလုံးပေါက် ကင်းစောင့်တတ်သူမဟုတ်။ သုံးလုံးတို့ ကြံဖန်ရှာဖွေ ချက်ပြုတ်ထားသော ထမင်းဟင်းလျာတို့ကို လျှာရင်းမြက်အောင် နှက်အပြီး စကားရောဖောရောဖြင့် ည ၁၂း၀၀ နာရီကျော် ၁း၀၀ နာရီ ရောက်လျှင် ဟိုနားအပေါ့သွားသလို သည်နားအပေါ့သွားသလိုလိုနှင့် အိမ်သို့ပြန်ကာ ပျော်ဘွယ်လေးသူ တစ်ခုလပ်မကြီးနှင့် အုံးစက်ပါ ဘုန်းလက်ျာဇာတ်ကို ကလေ့ရှိ၏။

သည်ကနေ့ညလည်း ည ၁၁း၀၀ နာရီထိုးလောက်မှ ကင်းတဲသို့ ရောက်လာ၏။ မောင်မောင်ပုတို့သုံးယောက်သား ကြံဖန်ချက်ပြုတ်စားသောက်ကာ ထမင်းလုံးစီရင်း မယ်ဒလင်လက်သံစမ်းနေစဉ်မှာပင် ဦးညွန့်တင် ရောက်လာသည်။

'ဟကောင်တွေ ငြိမ်လှချည်လား၊ စားပြီးသောက်ပြီးကြပလားကွ၊ လျှာရင်းအဝေးအဖျားမြက်ဖို့ ဘာဟင်းကလေးများ ချက်သတုံးကွ'

'အင်း… ကျွန်တော်တို့ စားပြီးကြပြီဗျ၊ ဒီညဟင်းကတော့ စပါယ်ရှယ်ပဲဗျာ၊ ဘဲသားဟင်းဗျ၊ ဘဲသားဟင်း၊ အတော်ကလေးဆူဖြိုးတဲ့ ဘဲသားပဲဗျာ'

'ဟေ… ဘဲသား ဟုတ်လား၊ အင်း… ဆူဖြိုးဆို ဆောင်းတွင်းကာလပေကိုးကွ၊ ဒါ့ထက် ငါ့ဖို့ ငါ့ဖို့ရော'

လျှာဖျားဖြင့် နှုတ်ခမ်းတစ်ဝက်ကို သပ်လိုက်ရင်း ခေငမ်းမရ မေးလိုက်သည်။ သူ အိမ်မှထွက်တော့ ည ၉း၀၀ နာရီ။ သူကြီးက



www.burmeseclassic.com

www.burmeseclassic.com


ခေါ်၍ သူကြီးအိမ် ခဏဝင်လိုက်ရသေးသည်။ သူကြီးက ဘာမှ မကျွေး။ ယုတ်စွအဆုံး ရေနွေးကြမ်းကလေးပင် မတည်။ သည်တော့ အမြဲလို စားကောင်းသောက်ဖွယ်ရာတို့ကို အာသာငမ်းငမ်းဖြစ်နေတတ်သည့် ဦးညွန့်တင်အဖို့ ဆူဖြိုးသောဘဲသားဟင်းဆိုသည့် စကားကြောင့် မျက်လုံးအစုံမှာ အရောင်တောက်သွားခဲ့တော့သည်။

'ဟော့ကောင်တွေ၊ ငါ့ဖို့ရောလို့မေးနေတယ်ကွ၊ ငါက ကင်း မှူးနော်၊ အားလုံးထဲမှာ အကြီးဆုံး'

'သိပါတယ် ဦးညွန့်တင်ရာ၊ သိပါတယ်၊ အဲသည်အတွက် ကြောင့် ဦးညွန့်တင်စားဖို့ ဦးဦးဖျားဖျားဆိုသလို အသည်းအမြစ်ချန် ထားပါတယ်'

'ဟာ... ကောင်းတာပေါ့ သံလုံးရာ'

ထမင်းပန်းကန်အတွင်းသို့ ဘဲအသည်းအမြစ်ကို ထည့်ရင်း ဦးညွန့်တင် စိတ်ဝင်စားစွာ စူးစမ်းလိုက်သည်။

'ဘယ်လို ဆန်းတာတဲ့လဲ သံလုံးရ'

'ဘဲခေါင်းနဲ့ ဘဲခြေထောက်တွေကို ဘဲပိုင်ရှင်အိမ်ရဲ့ နောက် ဖေးရေကပြင်မှာ ထားခဲ့တယ်တဲ့ဗျာ၊ ဘဲရှင်တော့ အဲဒါကိုမြင်ရတွေ့ရ ရင် ဘယ်ကလောက်များ ဆွေ့ဆွေ့ခုန်နေမလဲ မသိဘူး'

'အဟီး... ဟီး... သူတို့မှ ကိုယ့်ဘဲကိုကိုယ် ဂရုမစိုက်ဘဲ ဥစ္စာ၊ ဆွေ့ဆွေ့ခုန်ရုံမက လဲသေသေကွာ၊ ဘာမှ ဂရုမစိုက်နဲ့၊ သေသေ ချာချာစဉ်းစားကြည့်ရင် မင်းတို့အနေနဲ့ သူတို့ သူတို့တွေကို ပညာပေး နေတာပဲကွ၊ ဘယ်သူမဆို စားသတိ သွားသတိ နေသတိ ထိုင်သတိ အိပ်သတိရှိကြရင် ဘယ်ရန်သူမျိုးငါးပါး ကျရောက်မှာတဲ့လဲ'

'ငါတို့ဆို အမြဲတမ်း သတိထားတယ်၊ သတိ မြဲ်ကြမကွာဖို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ရောမထားပါ ဝိပဿနာရှုကြတယ်၊ ပြီးတော့ ငါက ရာအိမ်မှူး၊ တင်းမှူး၊ သည်လိုမျိုး အကြီးအမှူးကလည်း ဖြစ်နေတော့ တော်ရုံ တန်ရုံက ဘယ်လိုလုပ်ပြီး ကျူးကျော်စော်ကားဝံ့မှာလဲ'

'ဟုတ်တာပေါ့ဗျာ၊ ဩော်… ဆိကျန်ရေကျန်လေးတွေ နှမျော စရာ ဦးညွန့်တင်ရယ်၊ ကျန်နေသေးတဲ့ ထမင်းခဲနဲ့ လူးပြီးစားလိုက်ပါ လား'

'ဟား… စိတ်သာချ၊ တစ်စေ့တစ်လေတောင်မှ အကြွင်း အကျန်မရှိရအောင် တွယ်မှာကွ၊ ဟုတ်ပြီကွာ သံလုံးပြောသလို အတော် ကလေး ဆူဖြိုးတဲ့ဘဲပဲကွ'

'အစားအသောက်မှာ တရုတ်ဆိုတာ အစားကောင်းအသောက် ကောင်း ကြိုက်တဲ့နေရာမှာ နာမည်ကြီးတဲ့လူမျိုးကွ။ သူတို့က ငွေရှိရင် ရှိသလို ကောင်းကောင်းစားကြတာ။ စားပြီဆိုရင် ကုန်းမှာ၊ ရေမှာ၊ လေမှာ ကျင်လည်ကျက်စားတဲ့ သတ္တဝါတွေကို အမျိုးမျိုးအဖုံဖုံ ကင် တန်ကင်၊ ကြော်တန်ကြော်၊ ချက်တန်ချက်၊ ပြုတ်တန်ပြုတ်၊ ပေါင်း တန်ပေါင်း စားကြတာကလား'

'အဲဒီမှာ ဘဲဆိုတာက ကုန်းမှာ၊ ရေမှာ၊ လေမှာ သုံးမျိုးစလုံး ကျင်လည်ကျက်စားကြတာမို့ အထူးပဲတန်ဖိုးထားကြတယ်၊ ဘဲကင်၊ ဘဲကြွပ်ကြော်၊ ဘဲခြေထောက်၊ ဘဲသားဆန်ပြုတ်၊ ဘဲသားပေါင်း အစရှိသဖြင့် စီပွားဖြစ်တောင် လုပ်ကြတယ် မဟုတ်လား'

'ဟုတ်တယ်နော်'

'ဟုတ်ကိုဟုတ်တာကွ၊ အင်း… ဒီကနေ့ညတော့ လျှာရင်း ဘကယ် မြက်သွားပြီ၊ ဒီလောက်ဆူဖြိုးတဲ့ဘဲကို အလစ်သုတ်နိုင်တဲ့ မင်းကို ချီးကျူးတယ်ဟေ့ သံလုံး'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် ဦးညွှန့်တင်ရယ်၊ ခုလိုမျိုး မြိန်ရည်ယှက်ရည် အားပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ'

'အေးကွာ၊ ဘဲရှင်ကတော့ ဒီလောက်ဆူဖြိုးတဲ့ဘဲကို အခိုးခံရတော့ ဖင်ဆောင့်ပြီး ဒေါပွနေမှာ အမှန်ပဲ'

'သေချာတာပေါ့ ခင်ဗျာ'

'သူ့ဘာသာ ဖင်ဆောင့်ပြီး နေရာမှာတင် လဲသေသေကွာ၊ ကိုယ့်ပစ္စည်းကိုယ်ဂရုမစိုက်လို့ အဖြောင်ခံရတာ နည်းတောင်နည်းသေး၊ အဟေး… ဟေး… မင်းတို့ ငါတို့တော့ အီဆလံဝေအောင် ဆိမ့်သွားတာပဲဟေ့'

ကင်းမှူးဦးညွှန့်တင်က နှီးဖျာကလေးတစ်ခုကို ချိုးကာ သွားကြားထိုးရင်း နှီးဖြာတွင်ကပ်ပါလာသော ဘဲသားစများအား ထွေးထုတ်မပစ်ဘဲ မျိုချနေပြန်၏။ သည်မြင်ကွင်းကိုကြည့်လျက် မောင်မောင်ပု အဖို့ အော်ဂလီဆန်သလို ခံစားရလေ၏။

အချိန်တွေကား တရွေ့ရွေ့နှင့်…။

ရေနွေးကြမ်းအိုးမှ ရေနွေးများကို ငှဲ့သောက်ကြရင်း အချင်းချင်းရောက်တတ်ရာရာ စကားများကို ပြောကြားနေလေ၏။ ထိုခဏမှာပင် ဦးညွှန့်တင်ထံမှ ဝါးခနဲ ပျင်းကြောဆန့်ရင်း သမ်းလိုက်သည့်အသံကို ကြားလိုက်ရရာ ဦးညွှန့်တင်တစ်ယောက် ရမယ်ရှာအကြောင်းပြလျက် အိမ်ပြန်တော့မည်မှန်း သဘောပေါက်နားလည်ထားလိုက်သည်။

ဒီလုံးက သံလုံးနှင့်မောင်မောင်ပုအား မေးဆတ်ပြလိုက်သည်။

သဘောက ငနဲကြီး သူ့အိမ်သို့ ပြန်ယွန်းတော့မည့်သဘော။ ပြန်ပလေ့စေ။ မည်သို့မျှ စောဒကမတက်ဘဲ မသိလိုက်မသိဘာသာ နေကြဆိုသည့်သဘော။ ဒါကို သူတို့သုံးယောက်သား နားလည်ကြ၏။ ဦးညွှန့်တင်ကား ဘာမျှ သိပုံမရချေ။

www.burmeseclassic.com



'ဝါး… လား… လား၊ မေ့နေလိုက်တာကွာ၊ ဒီအချိန် ငါ ဆေးသောက်ရမယ့်အချိန်ကွ၊ ခက်တာက ဆေးကပါမလာခဲ့ဘူး၊ အိမ်က စားပွဲပေါ်မှာ မေ့ကျန်ရစ်ခဲ့တယ်၊ အသက်က ထောက်လာပြီဆိုတော့ ကျန်းမာရေးကို ဥပေက္ခာပြုထားလို့မရဘူးကွ၊ ကိုယ်နဲ့သင့်လျော်အပ်စပ်တဲ့ဆေးကို အချိန်မှန်သောက်ရတယ်၊ ဒီတော့ မင်းတို့ ကင်းစာအုပ်ထဲမှာ တာဝန်ကျေကြောင်း၊ အားလုံးကို ကျေနပ်ကြောင်း ငါ လက်မှတ်ထိုးပေးခဲ့မယ်၊ သတိဝိရိယရှိရှိနဲ့ သူ့အချိန်ပိုင်းနဲ့သူ အိပ်ကြပေါ့၊ ငါးနာရီထိုးတာနဲ့ ကင်းဖြုတ်လိုက်တော့၊ ဟုတ်ပြီလား'

သို့ကလိုပြောဆိုပြီး ခြင်ခါယမ်းသည့် မည်းညစ်ညစ် သဘက်ကလေးအား ပခုံးပေါ်တင်ကာ ကင်းတဲကိုကျောခိုင်းလျက် အမှောင်ထုတွင်း တိုးဝင်သွားလေတော့၏။

ဆောင်းညချမ်းမို့ မြောက်ပြန်လေကလေးက တစ်ချက်တစ်ချက် ဝေ့ဝေ့ဝဲဝဲ။ ဝေ့ဝဲတိုက်ခတ် လေညင်းလေးနှင့်အတူ ခွာညိုရနံ့က ညင်းညင်းညှံ့ညှံ့ကလေး စီးမျောနေလေသည်။ ပန်းရနံ့နှင့်အတူ မောင်မောင်ပုတို့ ကင်းတဲဆီမှ မယ်ဒလင်သံ၊ တေးသီချင်းသံတို့ကလည်း ညင်ညင်သာသာကလေး စီးမျောပေါ်ထွက်လာလေသည်။

*'သီဝေသွဲ့နှင်း… မင်းလွင်ကျင်းပြန်တော့… ပင်မြင့်စံတဲ့… ငွေသဇင်… ခင်မင်ခိုလှုံ… ဆောင်းရိပ်မြုံထဲ… လသာစဉ်အခိုက်… လရောင်ကို သူကြိုက်ပါ၍… မှောင်မိုက်လွန်ကာ… နေခြည်ဖြာသော်… လသာသာမေ့နိုင်အားသည်… ယုံစားလေသမျှ… ကိုယ့်အမှားဖြစ်မည်… လွမ်းရက်ရှည်၍ ဖြေပါနိုင်… ငါးပွင့်ပန်းခိုင်… လ…ဝယ်ကိုင်ကာ… စိန္တေထဲလျှောက်တိုင်ဝံ့သည်… စောင်းပော…ံ… အခါဆန်းရင်… သဇင်ပန်းတွေ ပွင့်မှာစိုးပါသည်'*



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ပု၏ မယ်ဒလင်တီးကွက်နှင့် ဒီလုံး၏အသံဝါကြီးက လိုက်ဖက်တော့အညီသား။ တိတ်တဆိတ်ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသော မြန်မာသံတေးဂီတ။ ဦးညွန့်တင်အဖို့ ဆီးအောင့်လာသဖြင့် လမ်းဘေးခြုံစပ်၌ ဆီးထိုင်သွားရင်း ဆီးနှင့်အတူ ဝမ်းကပါ ပြွတ်ခနဲ ထွက်သွားလေသည်မို့ ပတ်ဝန်းကျင် အနှောင့်အယှက်ကင်းကင်းတွင် စိတ်ပါလက်ပါ ပုဆိုးခြုံရင်း ဝမ်းကိစ္စကို ဖြေရှင်းနေလေသည်။

'အင်း… လောကကြီးရဲ့ အကောင်းဆုံးအရသာဆိုတာ ဝမ်းသွားချင်တုန်း သွားလိုက်ရတာပါပဲလား'

ညှစ်အားကောင်းကောင်းနှင့် ညှစ်နေစဉ်မှာပင် ဒီလုံးတို့၏ ဂီတသံက စီးမျောလာပြန်ချေပြီကော။

*'သည်နွေ… သည်မိုးတွေပြောင်းရင်… သည်ဆောင်းကိုလည်း ရောက်လာပေဦးတော့မည်… ဆောင်းရောက်ရင်… သဇင်ပွင့်မည်… နှင်းကျမည်… ဆုတောင်းမပြည့်ခဲ့ပါလေပြီ'*

သီချင်းက ပတ်ဝန်းကျင်ရာသီဥတုနှင့် လိုက်လျောညီထွေလှစွာ ရေးဖွဲ့သီဆိုထားသည့် သီချင်း။ အေးအေးငြိမ့်ငြိမ့်မို့ နားအရသာရှိလိုက်ပါဘိ။

*'ငွေနှင်းရယ်မှုန်… လေညှင်း… သုန်သောတစ်ညဆီ… ချစ်ခွန်းဝေရွှန်း… လမင်းရှက်အောင်… ချစ်သက်နှောင်ခဲ့… မောင်မေ့ပါချေပြီ… မြောက်လေသုတ်ဖျန်း… ချမ်းရှာ အေးရှာရှာမည် ရှင်ဝယ်တွေးကာ… နွေးစေပါသည်ယ… နှင်းမကျစေကြောင်း… နန်းမွှာမြတ်ပန်းခိုင်သို့… ဦးတိုက်ထပ်ချီ… လျှောက်လိုပါသည်… သည်လိုဆောင်းကိုရောက်ရင် နှင်းမကျစေကြောင်း ဆုတောင်းနေပါသည်'*



www.burmeseclassic.com

www.burmeseclassic.com



*'သည်နွေ သည်မိုးတွေပြောင်းရင်… သည်ဆောင်းကိုလည်း ရောက်လာပေဦးတော့မည်… ဆောင်းရောက်ရင် သဇင်ပွင့်မည်… နှင်းကျမည်… ဆုတောင်းမပြည့်ခဲ့ပါလေပြီ'*

ဟန်ချက်ညီအောင် ညှိထားလေသလားမသိ။

တေးသွားအညပီးမှာပင် ဦးညွှန့်တင် အခင်းကြီးသွားသည့် ကိစ္စ ပြီးလေ၏။ နောက်ဖေးနောက်ဖီသွားပြီးနောက် သန့်ရှင်းမှုပြုလုပ်ရန်အတွက် စက္ကူကလည်း ပါမလာ။ ရေကလည်း နတ္ထိ။ တုတ်ခနောင်းကလည်း ပတ်ဝန်းကျင်မှာ မမြင်။

သည်တော့ မနက်ရောက်မှ လျှော်ဖွပ်ပစ်တော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ပခုံးပေါ်မှဘသက်ကို ဆွဲယူကာ ကိစ္စဝိစ္စကို ရှင်းလင်းလိုက်ရတော့၏။

'ဟူး… ခုမှ လူကိုပေါ့ပါးသွားတော့တာပဲ'

ကောင်းကင်ပြင်မှာတော့ လရောင်က မှုံမှုံစိပ်စိပ်။

ပိုးတဝါးလရောင်မျှင်ကြားမှာတော့ ကြယ်ပြာလေးတွေက လက်လက်ဖိတ်ဖိတ်။

'ဂီးလ်'

ထင်မှတ်မထားသော ငှက်ဆိုးထိုးသံကြောင့် ရာအိမ်မှူး၊ ကင်းမှူး အာဏာများကို ရယူထားသည့် ဦးညွှန့်တင်အဖို့ ကြက်သီးမွေးညင်းတွေ ဖြန်းခနဲ ထသွားရသည်။ သည့်အတွက် အိမ်ကို မြန်စွာရောက်ရှိရေးအတွက် ခြေလှမ်းတွေကို အသော့နှင်ရသည်။

'ဟူး… တော်ပါသေးရဲ့၊ ခြံဝရောက်ပေလို့'

ခြံဝရောက်တော့ အထာကျနေသည်မို့ ခြံတခါးချက်ကို သူ့ဘာသာဆွဲဖွင့်လိုက်သည်။ ပြီးသော် ခြံထဲသွားသည်။ တစ်အိမ်လုံးကား



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေပါသည်ကော။ တိတ်ဆိတ်ငြိမ်သက်ဆို ၄င်း၏ ကြင်လျာတော် တစ်ခုလပ်မကြီး ဒေါ်တင်မမက စားလုံးသောက်လုံး ကြီးသလို အအိပ်အနေကလည်း ဆင်အော်တောင် နိုးမည့်အနေအထား မရှိလောက်အောင် အအိပ်မက်လှသည်။ သည်တော့ ညဘက် သူ ကင်းစစ်ထွက်တော့မည်ဆိုလျှင် အိမ်တံခါးကို အပြင်မှ သော့ခတ်ပြီး ထွက်လေ့ရှိသည်။ သူပြန်ရောက်လျှင် ဘယ်လက်ဖြင့် အတွင်းရှိသော့ ခလောက်အိမ်ကိုကိုင်ကာ သော့တံကိုင်ထားသော ညာလက်ကို ထိုး သွင်းပြီး သော့လှည့်ဖွင့်ရသည်။ ဒါက တစ်ညတည်းမဟုတ်။ ကင်း တာဝန်ယူလိုက်ကတည်းကပင် ယနေ့အထိ။

ထုံးစံအတိုင်း တံခါးကြားထဲ ဘယ်လက်ကိုထိုးသွင်းပြီး သော့ အိမ်ကို ဆုတ်ကိုင်လိုက်သည်။

'ဟင်… ပျော့စိ ပျော့စိနဲ့ ဘာတွေများတုံးဟ'

ဘယ်လက်ကို ပြန်ဆွဲထုတ်ပြီး လက်တွင်ပေနေသော ပျော့စိ ပျော့စိများကို စူးစမ်းသည့်အနေဖြင့် အနံ့ခံကြည့်ရန် နှာခေါင်းနားတိုး ကပ်လိုက်သည်။

'ဟင်… ဝေါ့… ထွီ… ချေးတွေ ချေးတွေ ရွှံစရာကောင်း လိုက်တာများ၊ ဘယ်မိမစစ် ဖမစစ်ကောင် အပင်းတွေ ချသွားပါလိမ့်'

အမှန်တကယ်လည်း သော့ခလောက်အိမ်တစ်ခုလုံး ချေးတွေ ပေကျံနေသည်။ သည့်အတွက် ရွံရှာစိတ်ဖြင့် သည်အတိုင်းနေရမည် လား။

မဖြစ်ရေးချ မဖြစ်။

သည်ပုံအတိုင်းနေလို့က အိမ်ထဲသို့ ဘယ်နည်းနှင့်မျှ ရောက် မည်မဟုတ်။

သည်တော့ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ရွံရှာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ဘေးချိတ်လျက် အတွင်းသို့ လက်တွေပြန်ထည့်ကာ တံခါးဖွင့်ရေးအတွက် သော့ဖွင့်ရလေသည်။

'သေလိုက်ပါ၊ သော့အိမ်ထဲမှာလည်း ချေးတွေကအပြည့်၊ ဖွီ... အဂေါ်ယုတ်ကမ်းလိုက်တဲ့ သကောင့်မသား'

စိတ်ထဲက ပျစ်ပျစ်နှစ်နှစ်ကျိန်ဆဲ ရေရွတ်ရင်း သော့ပေါက်တွင်း သော့တံထိုးသွင်းလျက် လှည့်ဖွင့်လိုက်လေမှ ဂလောက်ဆို သော့ပွင့်သွားလေသည်။

လွှင့်မပစ်ဘဲ ယူလာခဲ့သော တဘက်မှာလည်း မှင်တွေနှင့်။

အိမ်တွင်းမီးအလင်းရောင်ရဖို့ မီးခွက်ကို မီးထွန်းဖို့ မီးခြစ်ခြစ်ပြန်တော့ မီးခြစ်သည်လည်း မစင်တွေနှင့် ပေကျံခဲ့ရပါပကော။

'တောက်... ဒီလိုလုပ်တဲ့ကောင် ဘယ်သူဆိုတာ သိများသိလို့ကတော့ကွာ၊ သူကြီးဦးဝင်းမောင်ကို ကြက်သားအုပ်မတစ်အုပ်လောက် လာဘ်ထိုးပြီး တစ်ပတ်လောက်ကို ထိပ်တုံးခတ်ပစ်ခိုင်းမယ်'

တစ်အိမ်လုံးမှာတော့ မစင်နံ့တွေက တထောင်းထောင်း။ သည်အတိုင်း အိပ်ရာဝင်လို့ကတော့ ကြင်လျာတော် အသန့်အပြန့်ကြိုက်မကြီး ဒေါ်တင်မမက ခြေဖြင့်ခတ်ထုတ်မည်မှာ မြေကြီးလက်ခတ်မလွဲ။

သည်တော့ မီးခွက်ကိုကိုင်ကာ သော့သန့်ရှင်းရေး၊ မီးခွက်သန့်ရှင်းရေးအတွက် နောက်ဖေးရေကပြင်ရှိရာသို့ အတွင်းခန်းမှ ဖြတ်လျှောက်လာခဲ့သည်။ တဘက်ကိုတော့ဖြင့် အင်တုံတွင် ရေဖြင့်စိမ်ထားကာ မနက်ကျမှ လျှော်ပစ်ရမည်။

ရေကပြင်ရောက်တော့ မီးခွက်၏ အလင်းရောင်ဖြင့် [illegible] လိုက်ရသော မြင်ကွင်းကြောင့် ဦးညွန့်တင်ခမျာ မျက်လုံးပြူးရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com


ရေကပြင်အစပ်မှာတော့ ဘဲခြေထောက်က နှစ်ချောင်း၊ ဘဲခေါင်းက တစ်ခေါင်း။

'တောက်… ဒါ… ဒါ… ဒီ… ဒီလုံးရဲ့လက်ချက်၊ သိကြရောပေါ့ကွာ'

အိမ်အောက်ရှိ ဘဲခြံကိုကြည့်တော့ ဘဲတစ်ကောင်လျော့နေသည်။ သည်ကတည်းက ဘယ်သူ့လက်ချက်ဖြစ်မည်ဆိုသည်ကို ဒိုင်းခနဲ သိလိုက်ရပါပြီ။

စိတ်အာရုံထဲမှာလည်း စကားသံတွေကို ပြန်လည်ကြားယောင်မိပါသေး။

'ဘဲခေါင်းနဲ့ ဘဲခြေထောက်တွေကို ဘဲပိုင်ရှင်အိမ်ရဲ့ နောက်ဖေးရေကပြင်မှာ ထားခဲ့တယ်တဲ့ဗျာ၊ ဘဲရှင်တော့ အဲဒါကိုမြင်ရတွေ့ရရင် ဘယ်ကလောက်များ ဆွေ့ဆွေ့ခုန်နေမလဲ မသိဘူး'

သံလုံး၏ အသံ။

'အင်း… ဒီကနေ့ညတော့ လျှာရင်းတကယ်မြက်သွားပြီ၊ ဒီလောက်ဆူဖြိုးတဲ့ဘဲကို အလစ်သုတ်နိုင်တဲ့မင်းကို ချီးကျူးတယ်ဟေ့၊ ဒီလုံး… ကိုယ့်ပစ္စည်းကိုယ်ဂရုမစိုက်လို့ အဖြောင်ခံရတာ နည်းတောင်နည်းသေး၊ အဟေး… ဟေး… မင်းတို့ငါတို့တော့ အိဆလံဝေအောင် ဆိမ့်သွားတာပဲဟေ့'

ဒါက သူ့နှုတ်မှ အားပါးတရ ပြောဆိုခဲ့သည့်အသံ။

ဆိုတော့… သည်ကနေ့ညမှာတော့ သူ့အဖို့ မိအေးနှစ်ခါနာ ခံရပါပြီ။ သည့်အတွက် ပြဿနာထလုပ်မည်ဆိုလျှင်ဖြင့် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်နေမည် မဟုတ်ပါလား။

ဝ

www.burmeseclassic.com

www.burmeseclassic.com



စပါးပေါ်ချိန်၊ ငွေပေါ်ချိန်ဟု ဆိုကြသည်။

သည်စကားနှင့် လျော်ညီစွာ စပါးပေါ်ချိန်ဖြစ်သဖြင့် မောင်မောင်ပုတို့ ပိတ်စွယ်ကျေးရွာတစ်ရွာလုံး ငွေရွှင်နေကြသည်။ စပါးပွဲစားတွေကလည်း ခြေချင်းလိမ်လျက်။

'ဟေ့ကောင်… မောင်ပု၊ သန်ဘက်ခါကျရင် ရန်ကုန်သွားမယ်၊ ဘုရားစုံဖူးမယ်၊ လိုက်ခဲ့ကွာ၊ တစ်ပတ်လောက်ကြာမယ်၊ တည်းဖို့ခိုဖို့လည်း ဘာမှမပူနဲ့၊ အဲသည်မှာ ငါ့ဦးလေးတစ်ယောက်လုံးရှိတယ်၊ ငါ့ကို သူ့ဆီလာလည်ဖို့ ခဏခဏ ဖိတ်ခေါ်နေတာကွ'

'အေး… ကောင်းသားပဲ၊ ငါလည်း ရန်ကုန်ကို မရောက်ဖူးသေးတော့ အလည်သွားချင်နေတာနဲ့ အတော်ပဲ၊ အဘနဲ့ အမေတို့ကို ပြောကြည့်ဦးမယ်'

'ရပါတယ်ကွာ၊ ဘကြီးရွှေညာနဲ့ အရီးမထွားအိတို့က သဘောကောင်းပါတယ်၊ ငါလည်း လိုက်ပြောပေးမှာပါ၊ ငါ့ဦးလေး ဗေဒင်လက္ခဏာဆရာ ဆရာပွဆိုတာ မင်းအဖေ ဘကြီးရွှေညာနဲ့က ညီအစ်ကိုလို ခင်မင်ကြတဲ့သူတွေပါ'

ဒီလုံးပြောတာ မှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလုံးဦးလေး ဦးပွသည် ပိတ်စွယ်ကျေးရွာသားစစ်စစ်။ မောင်မောင်ပုဖခင် ဦးရွှေညာနှင့်က ငယ်စဉ်တောင်ကျေးမှ လူပျိုပေါက်ရောက်သည့်အထိ သွားသွားလာလာ စားစားသောက်သောက် အမြဲလိုတတွဲတွဲ။

ဦးလေးပွက ဦးရွှေညာလို လယ်ယာကိုင်းကျွန်းလုပ်ငန်းအပေါ် စိတ်မပါ။ ဘုန်းတော်ကြီး ဦးသီလစာရထံမှ ဗေဒင်လက္ခဏာပညာအမွေကို ရအောင်ယူရင်း ၄င်းပညာရပ်ဖြင့် ဘဝရပ်တည်ဖို့ ကြိုးစားသူဖြစ်သည်။

သူ့ပညာကလည်း မခေ။

ဦးရွှေညာတစ်ယောက် မထွားအိအပေါ် မျက်စိကျ၍ မရလျှင် သေရပါတော့မည့်အခြေအနေတွင် ၄င်း တတ်စွမ်းသော ဓာတ်ရိုက်ဓာတ်ဆင်ဗေဒင်ပညာ၊ ယတြာများဖြင့် အသုံးချခဲ့လေရာ နောက်ဆုံး၌ဦးရွှေညာနှင့် မထွားအိတို့ ဖူးစာဖက် ချစ်သက်ဝေဖြစ်ခဲ့ကြပြီး၊ ထိုမှအစ်မကြီး မမြရင်၊ အစ်ကိုမောင်မောင်လှနှင့် သူ မောင်မောင်ပုတို့ကိုမွေးဖွားသန့်စင်ခဲ့သည် မဟုတ်ပါလား။

ဦးလေးပွအနေဖြင့် ပိတ်စွယ်ကဲ့သို့ ကျေးရွာဇနပုဒ်ကလေး၌ သူ့ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုပါက ထမင်းစားရရုံလေးသာဖြစ်မည်ကို တွက်ဆပြီး တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသောစကားကို နှလုံးမူလျက် ဇာတိရပ်ရွာကို ကျောခိုင်းပြီး ရန်ကုန်သို့ ပြောင်းရွှေ့ကာ ဗေဒင်လက္ခဏာဆရာကြီးလုပ်ရင်း ဟန်ကျနေသူဖြစ်လေသည်။

ဦးလေးပွသည်ကား ဒီလုံး၏ ဦးလေးအရင်းခေါက်ခေါက်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မိဘနှစ်ပါး၏ ကြည်ဖြူစွာခွင့်ပြုမှုဖြင့် မောင်မောင်ပုလည်း ဒီလုံးနှင့်အတူ ရန်ကုန်ရွှေမြို့တော်သို့ ရောက်ခဲ့ပါလေ၏။

၀



www.burmeseclassic.com

www.burmeseclassic.com

“

အင်း . . .

မကျင်လှိုင်ရဲ့လက္ခဏာဇာတာကို

ဆန်းစစ်ရရင် ၇ တန့်မှာ

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ ဂြိုဟ်တွေအပြင်

ရာဟုဂြိုဟ်ကပါ လာပြီးပူးနေတာမို့

မကျင်လှိုင်ဟာ

အိမ်ထောင်လုံးဝမကျသေးတဲ့ အပျိုကြီးပဲ ”



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံကျော် ဗေဒင်လက္ခဏာဆရာကြီး ဆရာပွ။

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပစ္စည်းပျောက်၊ အမှုကိစ္စ၊ အိမ်ထောင်ရေး၊ အချစ်ရေး အထူးဟောပြောသည်။ ဓာတ်ရိုက်ဓာတ်ဆင်၊ ယတြာပညာရပ်ဖြင့် အခက်အခဲများကို ကူညီဖြေရှင်းပေးမည်။

အစရှိသည့် ခန့်ထည်သော ဆိုင်းဘုတ်က ဆရာပွ၏အိမ်ခြံဝ၌ ခံ့ခံ့ညားညား ဝင့်ဝင့်ထည်ထည်။

ဆရာပွဟုဆို၍ နှာခေါင်းကြီးပွနေသူလားဟု အထင်ရှိလျှင် မှားသွားပေလိမ့်။

နှာတံစင်းစင်း၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ အသားအရည်လတ်လတ်ဖြင့် လူရိုသေရှင်ရိုသေ တည်တည်ကြည်ကြည် သိက္ခာသမာဓိရှိရှိ ကြည့်ပျော်ရှုပျော် ဥပဓိရုပ်ကောင်းသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း မောင်မောင်ပု အကဲခတ်၍ရသည်။

ခက်သည်က သည်လိုကြည့်ပျော်ရှုကောင်း ကျက်သရေအပေါင်းခဲသောင်းသည့် ဦးလေးပွ (ဝါ) ဆရာပွသည် အသက် ၄၀ ကျော် ၅၀ နား ကပ်နေသည့်တိုင်အောင် ဘဝကြင်ဖော်၊ သစ္စာဖက်ဦးသက်နှံဖူးခက် ချစ်ဘက်သက်လျှာ လစ်ဟာနေခြင်းပါပေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာပွမ၏ ဂုဏ်သတင်းသည် ပတ်ဝန်းကျင်တစ်ခွင်၌ တသင်းသင်း။

ဆရာပွမ၏ ဂုဏ်သတင်းကျော်ကြားရခြင်းကို စေ့ငုကြည့်လိုက်တော့ အပြောအဟောကောင်းခြင်း၊ လူကဲခတ်ကောင်းခြင်း၊ အကင်းပါးခြင်း၊ ပရိယာယ်ကြွယ်ဝပြီး အယူအဆ၊ နိမိတ်ကောက်ကောင်းခြင်း၊ ဗေဒင်မေးသူ စိတ်ကြည်လင်သွားစေရန် ဤဗ္ဗာရုံများကို ဦးစားပေးဟောခြင်း၊ ဆက်ဆံမှုပြေပြစ်ခြင်း၊ သင့်တင့်သောနှုန်းထားလောက်သာ အခကြေးငွေယူခြင်းတို့ကြောင့် ဗေဒင်မေးလာကြသူအပေါင်းနှစ်ခြိုက်ကြသည်။

အထူးသဖြင့် အိမ်ထောင်ရေးကိစ္စ၊ အချစ်ရေးကိစ္စများ၌ ဦးစားပေးလျက် ကျကျနန သေသေချာချာ ဟောပြောတတ်သူမို့ ဗေဒင်မေးလာကြသူအများစုမှာ အပျိုတွေ၊ လူပျိုတွေ၊ အပျိုဟိုင်းကြီးတွေ၊ လူပျိုဟိုင်းကြီးတွေ အစရှိသော အစွံထုတ်လိုသူတွေ၊ ဂေါ်မစွံတွေပဲဖြစ်ကြသည်။ ဆရာပွမကလည်း ဓာတ်ရိုက်ဓာတ်ဆင် ယတြာများကို အထူးဝါယမစိုက်၍ လုပ်ဆောင်ပေးလေရာ ဂေါ်မစွံအပေါင်း၏ အားကိုးအားထားပြုရသော ဆရာကြီးတစ်ပါးဖြစ်နေသည်မှာ မဆန်း။

၀



www.burmeseclassic.com

www.burmeseclassic.com


ဆရာပွ၏ ဂုဏ်သတင်းသည် ပတ်ဝန်းကျင်တစ်ခွင်၌ တသင်းသင်း။

ဆရာပွ၏ ဂုဏ်သတင်းကျော်ကြားရခြင်းကို စေ့ငုကြည့်လိုက်တော့ အပြောအဟောကောင်းခြင်း၊ လူကဲခတ်ကောင်းခြင်း၊ အကင်းပါးခြင်း၊ ပရိယာယ်ကြွယ်ဝပြီး အယူအဆ၊ နိမိတ်ကောက်ကောင်းခြင်း၊ ဗေဒင်မေးသူ စိတ်ကြည်လင်သွားစေရန် ဂဏ္ဍာရုံများကို ဦးစားပေးဟောခြင်း၊ ဆက်ဆံမှုပြေပြစ်ခြင်း၊ သင့်တင့်သောနှုန်းထားလောက်သာ အခကြေးငွေယူခြင်းတို့ကြောင့် ဗေဒင်မေးလာကြသူအပေါင်း နှစ်ခြိုက်ကြသည်။

အထူးသဖြင့် အိမ်ထောင်ရေးကိစ္စ၊ အချစ်ရေးကိစ္စများ၌ ဦးစားပေးလျက် ကျကျနန သေသေချာချာ ဟောပြောတတ်သူမို့ ဗေဒင်မေးလာကြသူအများစုမှာ အပျိုတွေ၊ လူပျိုတွေ၊ အပျိုဟိုင်းကြီးတွေ၊ လူပျိုဟိုင်းကြီးတွေ အစရှိသော အစွံထုတ်လိုသူတွေ၊ ဂေါ်မစွံတွေပဲ ဖြစ်ကြသည်။ ဆရာပွကလည်း ဓာတ်ရိုက်ဓာတ်ဆင် ယတြာများကို အထူးဝါယမစိုက်၍ လုပ်ဆောင်ပေးလေရာ ဂေါ်မစွံအပေါင်း၏ အားကိုးအားထားပြုရသော ဆရာကြီးတစ်ပါးဖြစ်နေသည်မှာ မဆန်း။

၀


www.burmeseclassic.com

www.burmeseclassic.com

ဦးလေးပွ၏ အိမ်မှာက အိမ်ရှင်မ မရှိသည်မို့ ရပ်ကွက်ထဲရှိ ထမင်းဆိုင်တစ်ဆိုင်မှ လပေးစနစ်ဖြင့် ချိုင့်ဆွဲစားရ၏။ ဗာဟီရမများ သည်မို့ သည်လိုမျိုး ချိုင့်ဆွဲစားရသည်မှာပင် ခပ်ကောင်းကောင်း။

တစ်နေ့...။

ဗေဒင်မေးလာမည့်သူ ရှင်းနေသည်မို့ ဦးလေးပွသည် ပက်လက်ကုလားထိုင်၌ခါးဆန့်ရင်း အခါးရည် (ရေနွေးကြမ်း) သောက်လိုက်၊ ဇောတိသဒေဝမဂ္ဂဇင်းစာအုပ်ကို လှန်လိုက်လုပ်နေသည်။ မောင်မောင်ပုနှင့် ဒီလုံးတို့မှာ ထမင်းလုံးစီရင်း ဆရာပွနှင့်မနီးမဝေး၌ ကျားထိုးနေလေသည်။ ထိုခဏ အိမ်ပေါက်ဝမှ အသံတစ်သံကြားလိုက်ရသည်။

'ဆရာပွ... ဆရာပွ ရှိပါသလားရှင်'

အသံက ဣတ္ထိယတစ်ဦး၏အသံ။

သည်အသံကြောင့် ကာယကံရှင် ဆရာပွအပါအဝင် ဒီလုံးတို့လည်း အသံထွက်ပေါ်လာရာသို့ ဖျတ်ခနဲ ကြည့်လိုက်ကြ၏။

အသားအရည်က မည်းမည်းသည်းသည်း။

ခန္ဓာကိုယ်အနေအထားက ဝဝတုတ်တုတ်။ လုံးလုံးကျစ်ကျစ်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ခန့်မှန်းရသည်က ၃၅ နှစ်ခန့်။ အနေအထားကို ကြည့်ရသည်က ဘာမျှ ယိုယွင်းခြင်းမရှိသေးသည့် အနေအထား။ ဂေါ်မစွံအပျိုကြီးပေပဲလား။

'ဆရာပွဆိုတာ ကျုပ်ပါပဲ၊ လာပါ၊ ကြွပါ၊ ကိစ္စက'

'ဗေဒင်မေးမလို့ပါ ဆရာ'

ပြောပြောဆိုဆိုနှင့် တစ်ယောက်ထိုင် သင်ဖျူးဖျာချပ်လေး အပေါ်တွင် စွင့်ကားသောတင်လုံးကြီးကို နေရာချထားလိုက်သည်။ ဆရာပွလည်း ပက်လက်ကုလားထိုင်မှထကာ ဗေဟင်ဟောခုံကလေး၏ တစ်ဖက်တွင်ထိုင်ကာ ဗေဒင်မေးမည့် အမျိုးသမီးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'နာမည်၊ နေ့နံနဲ့ မွေးသက္ကရာဇ်ကလေးကို ပြောပါဦး'

'ကျွန်မနာမည် မကျင်လီပါ'ဟူ၍ အစချီရင်း သူမ၏ မွေးနံနှင့် မွေးသက္ကရာဇ်ကို ပြောပြရာ ဆရာပွလည်း ကျောက်တံကိုကိုင် လျက် ကျောက်သင်ပုန်းပေါ် ရေးမှတ်ရင်း မျက်လုံးကလေးမှေး၍ တဒေါက်ဒေါက်နှင့် ခေါက်နေ၏။

'အိမ်း... မကျင်လီ ကျုပ်ဆီရောက်လာတဲ့အချိန်က သူရဿ အချိန်ပဲ၊ သည်တော့ သူရဿတိုင်ထူရမယ်၊ တိုင်ထူပြီးရင် လဲကျမသွား အောင် လိုရမယ်ရ ကျားကန်ရမယ်၊ တိုင်ထူကြည့်လိုက်တဲ့အခါ ကြည့် လိုက်တဲ့အခါ အင်း... တိုင်ရဲ့အလယ်အချာ၊ တနင်္ဂနွေနဲ့ အချာ အထက်က သောကြာဟာ ဥသာဆိုတဲ့ အိမ်ထောင်မိတ်ကိုရတယ်'

တစ်ဖက်လူခမျာတော့ သူမ နားမလည်သည့် ဗေဒင်လက္ခ ဏာ နက္ခတ်ဆိုင်ရာ ဝေါဟာရများအတွက် မျက်တောင်ကလေး ပုတ် ခတ်ပုတ်ခတ် လုပ်နေသည်။ မောင်မောင်ပုနှင့် ဒီလုံးလည်း ဆရာပွ၏ ဗေဒင်ပညာရပ်အပေါ် အကဲခတ်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'သည်တော့ကာ အမျိုးသားလာမေးရင် အမျိုးသမီးကိစ္စ၊ အမျိုးသမီးလာမေးရင် အမျိုးသားကိစ္စဖြစ်မယ်၊ အဓိက ဖြစ်နိုင်တာက အိမ်ထောင်ရေးကိစ္စ၊ အချစ်ရေးကိစ္စသိချင်လို့ လာမေးတာပဲ ဖြစ်လိမ့်မယ်၊ ဟုတ်ရဲ့လား မကျင်လီ'

ဆရာပွက ပိုင်ပိုင်နိုင်နိုင်ဖြင့် မေးကလေးဆတ်ပြလိုက်သည်။ မကျင်လီမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'ဟုတ်လိုက်လေ ဆရာရယ်၊ မှန်လိုက်လေ ဆရာရယ်၊ ဒါကြောင့်လည်း ဟောချက်မှန်စွ ဆရာပွရယ်လို့ နာမည်ကျော်ပေတာပဲ'

'ကျော်ရမယ်လေ၊ ကျော်ရမယ်၊ ကျော့်ကိုကျော်ရပေမပေါ့၊ ဆရာပွပဲဉစ္စာ၊ ကျုပ်ဟောချက်မှန်သမျှကို ဒက်ထိမှ ဒက်ထိ၊ စပါးစေ့ တစ်ထောက်တောင် လွဲချော်သွားတာမျိုး မရှိခဲ့ဖူးဘူး'

'ဟုတ်ပါတယ် ဆရာ၊ ဒါကြောင့်လည်း ဆရာ့ဆီကို အားကိုး တကြီးနဲ့ ရောက်လာတာပေါ့ ဆရာရယ်'

'အားကိုးပါ အားကိုးပါ၊ ဆရာပွနဲ့ တွေ့လိုက်ပြီဆိုတာနဲ့ ဆရာပွရဲ့ ပညာနဲ့ အရာရာဟာ အကောင်းဆုံးတွေဖြစ်သွားစေရမယ်'

ဆရာပွကား ချိုးမွှမ်းကာမှ မဏ္ဍာပ်တိုင်ထိပ် တက်ပြနေပြန် သေးတော့၏။ ပြီးတော့ မကျင်လီ၏ လက်ဖဝါးနှစ်ဖက်ကို မှန်ဘီလူး ဖြင့်ကြည့်၏။

'အင်း… မကျင်လီရဲ့ လက္ခဏာဇာတာကို ဆန်းစစ်ရရင်ဖြင့် လဂ်ကနေပြီး ၇ တန့်မှာ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါဂြိုဟ်တွေ ဖြစ်ပြီး ရာဟုဂြိုဟ်ကပါ လာပြီးပူးနေတာမို့ မကျင်လီဟာ အိမ်ထောင်လုံး မကျရသေးတဲ့ အပျိုကြီးပဲ'

www.burmeseclassic.com

'ရှင်'

'ဘာလဲ ငြင်းချင်လို့လား၊ ငြင်းရင်မှားသွားလိမ့်မယ် မကျင်လီ၊ ခင်ဗျားစာတာက လက်ကနေ ၇ တန့်မှာ ပြောခဲ့တဲ့ ဂြိုဟ်လေးလုံး စုနေတယ်၊ အဲဒါနဲ့ပတ်သက်လို့ အာလကပ္ပကျမ်းအလာ အဟော တေးထပ်က ဘယ်လိုရေးစပ်ထားသလဲဆိုတော့'

'ကြွင်သက်လျာ လင်နဲ့ဝေး
ယဉ်ကျေးသည့် ကညာ၊
ခင်လေး၏ စာတာကို
ငါဆရာ အသိ။
ရေးလိုက်သည့် နဖူးစာမှာ
သတ္တဘာ လွဲလို့မရှိ။
ရွှေညာဏ်နှင့် ထက်ရ ဖွေလျှင်
ထက်ကြပ်လေမြင်ဘိ
လက်သတ္တေခွင်ကို ကြည့်လျှင်
ခင်တစ်မိစာတာ၊
စန်းဂမ္ဘုန် ရွှေခြံသော့ယိတို့
ခွင့်မရှေ့ရာဟုနှင့်သာ။
မြင်အတွေ့ ကိန်းအလာကို
တိမ်းပါလျှင် မောင်းခတ်တော့
အကြောင်းမစပ် လူပျိုစင်
မဲ့တဲ့ဖြစ်အင်၊
အပျိုကြီးလို့ ဆရာထင်တယ်
မလာချင် ပြန်ဦးတော့လေး'

www.burmeseclassic.com

www.burmeseclassic.com



'အဲသလို ဗေးထပ်ကဆိုထားလေတော့ မကျင်လီအနေနဲ့ ဖူးစာဖက် ဘယ်လောက်မဲတွေ့တွေ့ ယောက်ျားမရနိုင်ဘူး၊ တစ်နည်း အားဖြင့် လင်မရနိုင်ဘူး'

'အို'

'မအိုဘူး၊ ဘယ်တော့မှ မအိုနိုင်ဘူး၊' ကံသေကံမ ပြောရဲ ဟောရဲတယ်'

'သွားပါပြီ'

'ဘာသွားတာလဲ'

'ဆရာ့ဟောချက်တွေ သွားပြီလို့ ပြောတာရှင့်'

'ဟေ'

အပျိုကြီးမကျင်လီ၏ စကားကြောင့် ဆရာပွခများ မျက်နှာ တစ်ချက်ကွက်ခနဲပျက်သွားသည်။ ပျက်ဆို သူ့ဗေဒင်ဟောသည့်တစ် သက်၌ ခုလိုမျိုး လွဲချော်သည်ဟု ဘယ်သူမှ ပြန်ပြောနိုင်ခြင်းမရှိခဲ့။ ခုကျတော့ သူ့ဟောချက်ကို လွဲချော်ကြောင်း စကားဆိုနေပါရော့လား။

'ဒါဖြင့် ဘာလို့ကျုပ်ဆီလာရသလဲ'

'လာရတဲ့အကြောင်းက ကျွန်မအနေနဲ့ အိမ်ထောင်ပြုတဲ့အခါ မှာ အကျိုးပေးကောင်းမကောင်း သိရအောင် အိမ်ထောင်ပြုသင့် မပြု သင့် လာမေးတာပါ ဆရာ'

'သေလိုက်ပါတော့ဗျာ'

ဆရာပွလည်း သူ့နဖူးကိုသူ ဖြန်းခနဲ ရိုက်လိုက်သည်။

'ကျုပ် ဗေဒင်ဟောလာတဲ့တစ်လျှောက်လုံး လွဲချော်တိမ်းပါး သွားတာမျိုး မရှိခဲ့ပါဘူး မကျင်လီရဲ့၊ ခုကျ ဘယ်နှယ်ဖြစ်ရတာပါ လိမ့်'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး ဆရာရယ်၊ ပုထုဇဉ်ပဲဥစ္စာ၊ လောကမှာ မမှားသောရှေ့နေ၊ မသေသောဆေးသမား၊ မပြားသော ဘောလုံး၊ မရှုံးသော ကုန်စည်၊ မအီသောဝက်ဆီဖတ်ရယ်လို့ မရှိကြတာပဲ ဥစ္စာ၊ ဆရာ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ကျွန်မ မေးမိတဲ့ ဗေဒင်ဆရာနာမည်ကြီးတွေအားလုံးကလည်း အခုဆရာဟောသလိုမျိုး ကျွန်မကိုယောကျ်ား မရနိုင်တဲ့ လင်မရနိုင်တဲ့ အပျိုကြီးပဲရယ်လို့ ဟောခဲ့ကြတာချည်းပါပဲ၊ ဆရာ့တစ်ယောက်တည်း လွဲတာမဟုတ်ပါဘူး'

'အဲသလို ဆရာ့မတိုင်ခင် ဟောခဲ့ကြတဲ့ ဗေဒင်ဆရာတွေကို မခံချင်စိတ်နဲ့ ဘယ်ယောကျ်ားရရ ယောကျ်ားရရင် ပြီးရောဆိုတဲ့ သဘောနဲ့ လင်တစ်ယောက်တော့ ငွေနဲ့ပေါက်ပြီးဝယ်မယ်ဆိုပြီး မိဘတွေဆီကအမွေရထားတဲ့ ရန်ကုန်မြို့လယ်က တိုက်ခန်းတစ်ခန်းတောင် ရောင်းခဲ့ပြီးပါပြီ ဆရာ၊ အဲဒီငွေနဲ့ လင်ယူဖို့ကြိုးစားတာ အဆင်ပြေပြီ ဆရာ၊ မင်္ဂလာဆောင်ရမယ့်ရက်တောင် သတ်မှတ်ပြီးပြီ ဟောဒီမှာ ကြည့်'

ပြောပြောဆိုဆိုနှင့် ဖိတ်စာတစ်စောင်ထုတ်ပြသည်။

'အို... ဟုတ်ပါရဲ့၊ နောက်တစ်ပတ်ဆိုရင် မင်္ဂလာတောင် ဆောင်ကြတော့မှာကိုး'

'အဲဒါပြောတာပေါ့ ဆရာ၊ ကျွန်မကို လင်မရတော့ဘူးလို့ ပြောနေကြတာ၊ သူတို့ထက်စာရင် ဆရာက ဆရာပွ ဆရာပွရယ်လို့ နာမည်ကြီးနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဆရာပွဟောရင် မှန်မှာပဲဆိုပြီး လာခဲ့တာပါ၊ ခုတော့ ဆရာလည်း ထူးမခြားနား ဒီပုပ်ထဲက ဒီပဲပါပဲလား'

'အင်း... ပြောမယ့်သာ ပြောရတာ၊ ကျွန်နဲ့မင်္ဂလာဆောင်မယ့် သူက မောင်ပိန်တဲ့၊ နေတာက ကျွန်မတို့ သုဝဏ္ဏမှာပဲ၊ နာမည်



www.burmeseclassic.com

www.burmeseclassic.com



နဲ့လိုက်အောင် ပိန်တယ်၊ ဒါပေမဲ့ လူနံပိန် ကျွဲချိုလိမ်ဆိုသလိုပဲ တစ်နေရာရာတော့ စွမ်းမှာပဲလို့ယူဆပြီး ငွေနဲ့ပေါက်ပြီးယူမှာ ဆရာ၊ မောင်ပိန်က ဆင်းရဲပါတယ်၊ ကျွန်မအိမ်မှာ ရေထမ်းပေးရတဲ့သူ၊ ကျွန်မထက် ဆယ်နှစ်လောက်ငယ်တယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်မဘဝမှာ လင်တစ်ယောက်ရရင်ပဲ ပြည့်စုံပါပြီ ဆရာ'

မကျင်လီက သူမပြောလိုရာကို ပြောဆိုလိုက်ရ၍ အတော်ကလေး ကျေနပ်အားရသွားဟန်တူ၏။ မျက်နှာအနေအထားက ကျေနပ်မှုအတိ။ ပြုံးပြုံးရွှင်ရွှင်။

မပြုံးမရွှင်နိုင်သူက ဒီလုံး၏ဦးလေး ဆရာပွပါတည်း။

'ဒါဆိုလည်း ကောင်းတာပေါ့ဗျာ၊ ကျုပ်ကတော့ ကျုပ်ပညာရပ်အားကိုးနဲ့ ကျုပ်တွက်ဆလို့ရတာတွေကို ဟောတာပါ၊ လွဲသွားတာတော့ မတတ်နိုင်ဘူး'

'ကိစ္စမရှိပါဘူး ဆရာရယ်၊ ကျွန်မ ဖြစ်ချင်တာဖြစ်ရတော့မှာမို့ ကျွန်မ သိပ်ပျော်နေပြီ၊ အဲသည့်နေ့ကျရင် ဆရာ ကြွဖြစ်အောင် ကြွပါ ဆရာရယ်၊ ကျွန်မတို့ မင်္ဂလာဆောင်မှာ ဩဘာစာဖတ်ပေးပါ သည့်အတွက် ထိုက်ထိုက်တန်တန် ဆရာ့ကို ကန်တော့ပါ့မယ်'

'ရပါတယ်ဗျာ၊ ဖိတ်တော့လည်း လာရတာပေါ့၊ မင်္ဂလာပွဲကြီးလည်း အောင်မြင်စွာ အထမြောက်ပါစေလို့ ဆုတောင်းပါတယ်'

'ဟင်… ဆရာ့စကားက ဘယ်လိုကြီးပါလိမ့်၊ ကျွန်မတို့ မင်္ဂလာဆောင် အထမမြောက်တော့မယ့်သဘောကျနေတာပဲ'

'ဒီသဘော မဟုတ်ပါဘူးဗျာ၊ ခင်ဗျားရဲ့ဓာတ်နဲ့ ပတ်သက်လို့ ခေါင်းထဲကို ဖတ်ခနဲဝင်လာတဲ့ စာကဗျာလေးတစ်ပုဒ်ကြောင့်ပါ'

'ဘယ်လိုပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဘာလဲဆိုတော့'

'ကုသိုလ်ဟုန် ထပ်ပွားလို့

မယားများပရိယာယ်၊

ပြောရှုပကယ်

ရေမြောင်းကို စီးဖြာသွယ်လျှင်

လယ်ကောင်းကြွယ် သီးတန်ငှဲလေ

ဆိုတာလေးပဲပေါ့၊ လောကီရေးအတွက်သာမဟုတ်၊ လောကုတ္တရာ ကုသိုလ်ကောင်းမှုတွေကိုလည်း မင်္ဂလာပွဲမတိုင်ခင်မှာ လုပ်ကိုင်သင့်တယ် မကျောင်လီ'

'လုပ်ရမှာပေါ့ ဆရာရယ်၊ ကုသိုလ်ရေးလုပ်တယ်ဆိုတာ ကောင်းတဲ့ကိစ္စပဲဟာ၊ ဟောဒီမယ် ဆရာ ဉာဏ်ပူဇော်ခ'

မကျောင်လီက ငွေစက္ကူအချပ်ကြီးတစ်ရွက်ကို ဆရာပွလက်တွင်းသို့ ထည့်လိုက်သည်။

'ကဲ… ဆရာ ကျွန်မကို ပြန်ခွင့်ပြုပါဦး၊ ကျွန်မလည်း မကြာခင်မှာ တစ်ကိုယ်တည်း အပျိုကြီးဘဝကနေ ကျွတ်တမ်းဝင်တော့မှာမို့'

'ဘာလဲ ကျုပ်ကို လာကြွားတဲ့ သဘောပေါ့'

'ဟင်း… ဟင်း… ဟင်း… ဒီလိုဆိုတော့လည်း ချက်ဆိုနားခွက်က မီးတောက်ပေသားပဲ၊ ဟဲ… ဟဲ… ဟဲ… ဟုတ်ပါပေတယ်၊ မှန်ပါပေတယ် ဆရာ၊ မင်္ဂလာပွဲနေ့မှာ စောစောစီးစီးနဲ့ ဆက်ဆက်လာဖြစ်အောင်လာပါ။ ဟောဟိုက မောင်လေးနှစ်ယောက်လည်း ဆရာနဲ့ လိုက်လာကြကွယ်နော့၊ မင်္ဂလာဆောင်မှာ ဒံပေါက်နဲ့ ရေခဲမုန့်နဲ့ ကျွေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



မကျင်လီကား မကြာခင်ကာလအတွင်း ချီသွေးခွင့်ရတော့မည့် နွားမတန်းသဖွယ် မြူးကြွသွက်လက်လျက် ရှိလေသည်။ မောင်မောင်ပုနှင့် ဒီလုံးတို့မှာ ကြုံတောင့်ကြုံခဲ စားသောက်ရမည့် ဒံပေါက်နှင့် ရေခဲမုန့်တို့ကြောင့် သွားကလေးတွေအဖြီးသား။

ဆရာပွမည်သော ဦးလေးပွကို ကြည့်လိုက်တော့…

အိမ်အောက်သို့ဆင်းသွားသည့် မကျင်လီ၏ကျောပြင်ကိုလည်းကောင်း၊ နိမ့်တုံမြင့်တုံ တင်ပါးဆုံကြီးများကိုလည်းကောင်း၊ နှမြောတသခြင်းဖြစ်သကဲ့သို့ ငေးကြည့်ရင်း တံတွေးမျိုချလိုက်သည်ကိုမြင်လိုက်ရပေရာ 'သြော်… သူလည်းလေ လောကီသားပေပဲ' ဟူ၍ သဘောပိုက်လိုက်ရပါတော့သတည်း။

၀



www.burmeseclassic.com

www.burmeseclassic.com

❝
ဟာ . . .

ဘယ်ကလာ အိမ်ထောင်ရှိရမှာလဲ

ခုထိ . . .

တစ်ကိုယ်တည်း လူပျိုကြီးဗျ၊

အပူမရှာချင်လို့

ခုချိန်ထိ ဘယ်မိန်းမကိုမှ

ယူဖို့မပြောနဲ့

စဉ်းတောင်မစဉ်းစားခဲ့ဘူး❞



www.burmeseclassic.com

www.burmeseclassic.com

သည်ကနေ့ကား ဗေဒင်လာမေးသော အပျိုကြီး မကျင်လီ မင်္ဂလာဆောင်ရန် တစ်ရက်အလိုတွင်ဖြစ်လေသည်။

'မနက်ဖြန်ကျရင် မကျင်လီရဲ့မင်္ဂလာဆောင်ကို သွားမှာလား ဦးလေးပွ'

'သွားရမှာပေါ့ကွာ၊ ကိုယ့်ကို တခုတ်တရလာဖိတ်ထားတဲ့ ဥစ္စာပဲဟာ၊ လိုအပ်ရင် ဩဘာစာလေးဘာလေး ဖတ်ပေးရတာပေါ့၊ မင်းတို့ကော လိုက်ကြမှာလား ဒီလုံး'

'လိုက်မှာပေါ့ ဦးလေးပွရာ၊ ကာယကံရှင်ကိုယ်တိုင် ဦးလေးပွ ရှေ့ထားလို့ ဖိတ်သွားတဲ့ဥစ္စာ၊ ဒံပေါက်နဲ့ ရေခဲမုန့်ကို ဟဲချင်နေတာ ဦးလေးပွရဲ့၊ ဟော့ကောင်မောင်ပု မင်းကော မဟဲချင်ဘူးလား'

'ဟ… အခွင့်သာခိုက် မဟဲလိုက်က အမိုက်တို့ပြင် ရှိပါဦး လေား ဒီလုံးရယ်၊ တွယ်မှာ ဖွဲ့မှာ ဟဲမှာပေါ့ကွာ'

'မင်းတို့နှစ်ကောင်ကလည်း လိုက်လည်းလိုက်ပါ့ကွာ၊ အေး… မနက်ဖြန်ကျရင် ခပ်စောစောလေး သွားကြတာပေါ့'

သို့ကဲလို ရပ်ခွေရပ်မျိုး တူအရီးတွေ စကားလက်ဆုံကြနေ သည့်အခိုက် အိမ်ပေါက်ဝဆီမှ 'ဆရာ… ဆရာ… ကျွန်မကို ကူညီ ပါဦး'ဟူသည့် မိန်းမအသံကို ကြားလိုက်ရ၍ စေ့ငုသေချာ ကြည့်လိုက် ရာ မင်္ဂလာသတို့သမီး မကျင်လီ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အသွင်အပြင်ကား ဗေဒင်လာမေးစဉ်ကလိုမဟုတ်။ ပြောင်ပြောင်တင်းတင်းကြီးကို ဆန့်ကျင်ကာ ဆပ်ပြာသည်လင်ပျောက် ပုံစံဖြစ်နေသည်။

'ဘယ်လိုများ ဖြစ်လာရတာတဲ့လဲ မကျင်လီရယ်'

'ပြော မပြောချင်တော့ပါဘူး ဆရာရယ်၊ ကျွန်မရဲ့အဖြစ်က ရေမရှိတဲ့ချောင်းမှာ နှာခေါင်းဖော်ပြီးတော့ကို ပက်လက်ကြီးသေဖို့ ကောင်းတော့တာပဲ'

'အို… နိမိတ်မရှိ နမာမရှိ၊ မနက်ဖြန်ဆို တကျော့ယှ်မင်္ဂလာ တွေလွှမ်းခြုံပြီး မင်္ဂလာပွဲကြီး ဆင်နွှဲရတော့မယ့်ဟာ'

'မဟုတ်ဘူး ဆရာရဲ့၊ မဟုတ်ကို မဟုတ်တော့ဘူး၊ ခုတ်ရာ တစ်ခြား ရှရာတစ်ခြား အားလုံးလွဲကုန်ပြီ၊ ချော်ကုန်ပြီ'

'ဘယ်နှယ် မင်္ဂလာဦးညတောင် မရောက်သေးဘဲနဲ့ လွဲရ ချော်ရတာတဲ့တုံး'

'အဲဒီည မရောက်သေးလို့ လွဲကုန် ချော်ကုန်တာပေါ့ ဆရာ ရယ်'

'သေသေချာချာ ဂဃနဏ ပြောပြမှပေါ့'

'ဒီလို ဆရာရဲ့… ဟိုးတစ်ရက် ဆရာ့ဆီ ကျွန်မလာတုန်းက ပြောခဲ့တဲ့ မင်္ဂလာဆောင်မယ့်ကိစ္စလေ၊ ဆောင်ရမှာ မနက်ဖြန်၊ အဲသည် အတွက် မင်္ဂလာဖိတ်စာတွေလည်း ဝေပြီးပြီ၊ မင်္ဂလာမဏ္ဍပ်လည်း ထိုးပြီးပြီ၊ ခန်းဝင်ပစ္စည်းတွေကလည်း အစုံအလင်၊ အကျွေးအမွေးက လည်း အကျေချေပြီးသား၊ အားလုံး ကျွန်မကချည်း အကုန်အကျခံ ခဲ့တာပါ ဆရာရယ်'

'ဟုတ်ပါပြီလေ၊ အဲဒီတော့ ဘာဆက်ဖြစ်တုန်း'



www.burmeseclassic.com

www.burmeseclassic.com



'အဟီး… ဟီး… ရှုတ်… မနက်ဖြန်ဆို ကျွန်မ မင်္ဂလာပွဲကို ဖိတ်ကြားထားတဲ့လူတွေ လာကြမှာ ဆရာ'

'ဖိတ်ထားတာပဲ၊ လာမှာပေါ့၊ ကျုပ်တို့တောင် မနက်ဖြန် မင်္ဂလာဆောင်သွားကြဖို့ တိုင်ပင်နေကြသေးတယ်'

'အဟီး… အဲဒါမှ ပြဿနာပဲ ဆရာရယ်'

'မင်္ဂလာဆောင်ကိုဖိတ်လို့ ဧည့်ပရိသတ်လာတဲ့ဥစ္စာ ပြဿနာ ဖြစ်ရမှာတဲ့လား'

'ဆရာ မသိဘူးနော်၊ မသိဘူး'

'အဲဒါ မကျင်လီရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပဲဟာ၊ ကျုပ် အနေနဲ့ ဘယ်လိုများ သိရမှာတဲ့တုန်း၊ ကျုပ်က ဗေဒင်လက္ခဏာသာ ဟောတတ်တာ၊ အကြားအမြင်ရနေတာမဟုတ်ဘူး၊ နတ်မျက်စိရှိတာ မဟုတ်ဘူး'

'ဒါဆိုလည်း ပြောရတာပေါ့၊ သူ… သူ… ကျွန်မနဲ့မင်္ဂလာ ဆောင်မယ်ဆိုတဲ့ မောင်ပိန်လေ'

'အင်း… ဘာဖြစ်သတုံး'

'ကျွန်မက သုံးရစွဲရအောင်ပေးထားတဲ့ငွေတွေ၊ ဆင်ပေးထား တဲ့ လက်ဝတ်ရတနာတွေ၊ ပြီးတော့ ခန်းဝင်ပစ္စည်းတွေ၊ အဲဒါတွေ ယူလို့ သူထိုင်နေကျ လက်ဖက်ရည်ဆိုင်က စားပွဲထိုးကောင်မလေးကို သုတ်ပြီး ပျောက်သွားတယ် ဆရာ၊ ဘယ်မှာရှိမှန်းလည်း စုံစမ်းမရ ဘူးဘူး၊ ကျွန်မတော့ ဖွတ်မရတဲ့အပြင် ဓားမပါ ဆုံးတဲ့ကိန်းဆိုက်နေ ပြီ'

ကြားရချက်ကဖြင့် နားဝသက်သာစရာအကြောင်းမရှိ၊ ပူပင်သောကရောက်မည်ဆိုလျှင်လည်း ရောက်လောက်ပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူဆိုသည်မှာ အသက်ကိုတန်ဖိုးထားသည့် နည်းတူ၊ အရှက်ကို လည်း ဂုဏ်သိက္ခာတစ်ရပ်အဖြစ် တန်ဖိုးထားတတ်ကြသည်မဟုတ်ပါ လား။

'ဒီတော့ ကျုပ်က ဘာလုပ်ပေးရမလဲ၊ မောင်ပိန် သမသွားတဲ့ ပစ္စည်းတွေ ပြန်ရအောင် ခုတ်ရိုက်ခုတ်ဆင် လုပ်ပေးရမလား'

'ပစ္စည်းထက် လူက အရေးကြီးတယ် ဆရာ၊ လူပြန်ရအောင် လုပ်ပေးပါ'

'ဟာ... ခင်ဗျားဟာက ဖြုန်းစားဒိုင်းစားကြီးပါပဲလား၊ အဲ သည်လောက်ကြီး မြန်မြန်ဆန်ဆန် အဆင်ပြေအောင် ကျုပ်လည်း မတတ်နိုင်ဘူး၊ နီးစပ်ရာ ရဲစခန်းတစ်ခုခုသွားပြီး တိုင်ချက်ဖွင့်ပေ တော့၊ မောင်ပိန် ပြန်လာတာ မလာတာ အပထား၊ အချစ်ပျောက် တိုင်ချက်ဖွင့်တဲ့ခင်ဗျားကို သတင်းထောက်တွေ သတင်းယူလို့ မှုခင်း ဂျာနယ်တွေမှာ ဖော်ပြလိုက်ရင် ခင်ဗျားတော့ ကြော်ငြာခတစ်ပြားမှ မကုန်ကျဘဲနဲ့ အသားလွတ်နာမည်ကြီးဦးမှာပဲ'

'အောင်မလေး နာမည်ကြီးတာ ဘာလုပ်ရမှာလဲ၊ နာမည် မကြီးချင်ပါဘူး၊ မောင်ပိန့်ကိုသာ ပြန်ရောက်စေချင်တာ'

'ပြန်ရောက်တော့လည်း ခင်ဗျားကောင်က လူပျိုစစ်တော့မှာ မဟုတ်တော့ဘူး၊ စဉ်းစားကြည့်လေ၊ ကိုယ့်ကိုမှ မခင်တွယ်ဘဲ၊ အခြား သစ်နဲ့ ကျောခိုင်းထွက်ပြေးသွားတဲ့လူဟာ မတတ်သာလို့ ခင်ဗျားဆီ ပြန်ရောက်မယ်၊ ခင်ဗျားနဲ့ပေါင်းဖက်မယ်ဆိုတဲ့တိုင် ခင်ဗျားအပေါ် နှစ်နှစ်ကာကာ ရှိနိုင်ပါတော့မလား'

ဆရာပွ၏ အချက်ကျကျ ပြောဆိုသောစကားက ကျော်လီ၏ စဉ်းစားဆင်ခြင်ဉာဏ်ကို တို့ခတ်သွားစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ကျုပ်ရဲ့ ဓာတ်ရိုက်ဓာတ်ဆင်အစွမ်းနဲ့ ပြန်လာတယ်ထားဦး၊ မောင်ပိန်ခမျာ သူချစ်တဲ့သူနဲ့ကွဲအောင် ကျုပ်က ခွဲသလိုဖြစ်နေတော့ ကျုပ်အဖို့ ငရဲအုံမကြီးဘူးတဲ့လား၊ ဒီတော့ အကြောင်းအမျိုးမျိုးကို အကြောင်းပြုပြီးသကာလ မင်္ဂလာပွဲကိုဖျက်သိမ်းလိုက်ရပါတယ်လို့ သတင်းစာထဲမှာ ထည့်ကြော်ငြာဗျာ၊ ခင်ဗျားလည်း တစ်နေရာရာကို တစ်လကိုးသီတင်းလောက် ရှောင်နေဗျာ၊ ကိစ္စပြတ်ရောပေါ့၊ အချိန်ကြာလာတာနဲ့အမျှ ပြင်းထန်စွာခံစားရပါတယ်ဆိုတဲ့ ရောဂါဝေဒနာတွေဟာ အချိန်သမားတော်ရဲ့ ကုစားခြင်းကြောင့် သက်သာလာပါလိမ့်မယ် မကျင်လီ'

'ဟင်း… ဆရာမှ အပြောကောင်း၊ ကျွန်မ အနေနဲ့ ရည်ရွယ်ချက်ကြီးကြီးမားမားထားပြီး ကြိုးစားဖန်တီးထားခဲ့တဲ့ မင်္ဂလာဆောင်ကို ဖျက်ချင်တာတော့ အမှန်ပဲ ဆရာ၊ ဆရာ အကျိုးသင့်အကြောင်းသင့် ပြောပြလို့ ကျွန်မကို စုံကန်သွားတဲ့ မောင်ပိန်လို မိန်းမထဘီနားခိုစားသည့်ကောင်စုတ်ကို ဦးနှောက်ထဲကရော နှလုံးသားထဲကပါ အပြီးအပိုင် ဖယ်ထုတ်လိုက်ပါပြီ၊ ဒီတော့ ဆရာ တတ်ကျွမ်းတဲ့ပညာနဲ့ ကျွန်မ တ်ဖြန့် လင်တစ်ယောက်အဖြစ် ပေါင်းဖက်နိုင်ဖို့ မင်္ဂလာပွဲကြီး ပြီးမြောက်အောင် ဆောင်ရွက်ပေးပါ ဆရာ'

'ဟိုက်ရှား'

အခြေအနေက တကယ့်ကို ခေါင်းစားစရာ။

ဦးလေးပွ မည်သော ဗေဒင်လက္ခဏာဆရာ ဆရာပွကား ဖြူနေသောဦးခေါင်းဆံပင်တို့ကို တဗျင်းဗျင်းကုတ်လေ၏။ လေးလံသော သက်ပြင်းကြီးကိုလည်းချ၏။

'ဘယ်လိုလဲ ဆရာ၊ အဆင်ပြေအောင် လုပ်ပေးနိုင်မယ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'မြန်းစားဒိုင်းစားကြီးတော့ လွယ်မယ်မထင်ဘူး မကျင်လီရဲ့'

'ဒါဆိုရင်တော့ ကျွန်မ ပေတစ်ရာလမ်းမပေါ်ထွက်ပြီး အရှိန်နဲ့မောင်းလာတဲ့ ကားတစ်စီးစီးရှေ့ကို ပြေးပြီးလှဲချလိုက်မယ် ဆရာ'

'ဟာ… မလုပ်နဲ့၊ မလုပ်နဲ့၊ တော်ကြာ ကျုပ်ပရောဂမကင်းဘဲဖြစ်နေဦးမယ်၊ အဖန်ငါးရာငါးကမ္ဘာကို မကြောက်ဘူးလား'

'လင်မရဘူးဆိုရင် ဘာကိုမှ မကြောက်ဘူး ဆရာ'

'အောင်မလေး တကယ့်ကို အာဂသတ္တိပါပဲလား၊ ကျုပ်က အတတ်နိုင်ဆုံး ကူညီချင်ပါတယ်၊ ဒါပေမဲ့ မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင် ဘာကိုဘယ်လိုလုပ်ရမှန်း မသိလို့ပါ မကျင်လီ'

ဆရာပွ၏စကားကြောင့် မကျင်လီ တွေတွေငေးငေးကလေးဖြစ်သွားသည်။ ပြီးတော့မှ တစ်စုံတစ်ခုကိုတွေးတောမိဟန်ဖြင့် အငိုမျက်လုံးတို့ ပြုံးယောင်သမ်းလာခဲ့သည်။

'အကြံရပြီ ဆရာ၊ အကြံရပြီ၊ ဆရာသာ ကူညီမယ်လို့ကတိပေးရင် အားလုံးအဆင်ပြေပြီ၊ ကျွန်မ ဖြစ်စေချင်တဲ့ ဆန္ဒလည်းပြည့်ဝပြီ'

'ဘယ်လိုအကြံများပါလိမ့်'

'အဲဒါ အသာထား၊ ဆရာ့မှာ အိမ်ထောင်ရှိလားဟင်'

'ဟာ… ဘယ်ကလာ အိမ်ထောင်ရှိရမှာလဲ၊ ခုထိ တစ်ကိုယ်တည်းလူပျိုကြီးဗျ၊ အပူမရှာချင်လို့ ခုချိန်ထိ ဘယ်မိန်းမကိုမှ ယူဖို့မပြောနဲ့ စဉ်းတောင်မစဉ်းစားခဲ့ဘူး၊ မယုံရင် ဟောဒီက ကျုပ်တူနှစ်ယောက်ကို မေးသာကြည့်'

'ဟုတ်တယ် ခင်ဗျ၊ ကျွန်တော့်ဦးလေး ဆရာပွက လူပျိုကြီးစစ်စစ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com


ဒီလုံးက သူ့ဦးလေးအတွက် သွက်သွက်လက်လက်ကြီး ထောက်ခံ၏။ မောင်မောင်ပုမှာမူ ရှေ့ဆက်ဘာတွေဖြစ်လာလိမ့်မည်နည်းဟု မျက်စိဖွင့်၊ နားစွင့်လျက်။ ဒီလုံး၏ စကားကြောင့် မကျင်လီ၏ မျက်လုံးအစုံမှာ ဝင်းဝင်းလက်သွားခဲ့တော့၏။

'ဒီလိုဆိုရင် ရေငတ်နေတုန်း ချောင်းထဲပြုတ်ကျတာပေါ့ ဆရာ၊ ကျွန်မကလည်း အပျိုကြီး၊ ဆရာကလည်း လူပျိုကြီးဆိုတော့ နက်ဖြန်ခါ ကျင်းပမယ့် ကျွန်မရဲ့မင်္ဂလာပွဲမှာ ဆရာက သတို့သားလုပ်ပေးပါလားဟင်'

'ဗျာ'

မျှော်လင့်များသော စကားကို ကြားလိုက်ရသည့်အတွက် လူပျိုကြီးဆရာပွအတွက် ဒိန်းခနဲ ရင်ႈ ႈ၂ခုန်လှုပ်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

'ဘယ်လိုလဲ ဆရာ၊ ဆရာ ကျွန်မကို မယူနိုင်ဘူးလား'

'အမ်…'

တဖက်သား၏ အမေးစကားကို မည်သို့ပြန်လည်ဖြေကြားရသည်မှန်း ဆရာပွ မသိတတ်နိုင်တော့။ ဆရာပွအဖို့ အိမ်ထောင်ရေးကိစ္စများအား ခပ်ရှင်းရှင်းနေလာခဲ့သည်မို့ ခုလိုမျိုး စကားကို ကြားလိုက်ရသော့ မျက်နှာတွေထူပူသွားပြီး အမ်းတမ်းတမ်းဖြစ်ရလေသည်က အမှန်ပင်။

တကယ်တမ်း သုံးသပ်ကြည့်လိုက်တော့ သူ့အသက်အရွယ်နဲ့ အိမ်ထောင်တစ်ခုပြုဖို့ ရသည်သာဖြစ်၏။ စူ အိမ်ထောင်ပြုလိုက်သို့လည်း မည်သူမည်ဝါကမျှ စကားတင်းဆိုကြလိမ့်မည်မဟုတ်။ ကျင်လီကို အကဲခတ်လိုက်တော့အပျိုကြီးသာဆိုသည် အဖိုးလေးတွေ

www.burmeseclassic.com



ကပင် ဆလံသရမည့်အနေအထား။ အသားဆိုင်ကြီးတွေက ပုံ့ပုံ့အိအိ တင်းနေသည့်နေရာတင်း၊ ဖွံ့သည့်နေရာဖွံ့၊ စွင့်သည့်နေရာစွင့်၊ ကား သည့်နေရာကား၊ ထွားသည့်နေရာထွား၊ လုံးသည့်နေရာလုံးနှင့် အာရုံထဲ သိမ်းကြုံးဝင်လာတိုင်း ရှိမ်းတိမ်းဖိမ်းတိမ်းဖြစ်ရလေတော့တကား။

'ဘယ်လိုလဲ ဆရာ၊ ဖြစ်နိုင်တယ် မဟုတ်လား၊ ကိုင်း… ငါ့တူ မင်းဦးလေးသဘောထားကို မေးမြန်းကြည့်စမ်းပါကွယ်၊ အချိ က သိပ်ရှိတော့တာ မဟုတ်ဘူး'

မကျင်လီက ဒီလုံးကို အဖော်ညှိလိုက်သည်။ ဒီလုံးကလည်း သည်လိုနေရာမျိုးမှာ စိတ်က ခပ်ပါပါ။

'ဟုတ်သားပဲ ဦးလေးရယ်၊ တစ်ဖက်သားမိန်းမသားခချာ တကယ့်ကို သေရေးရှင်ရေးတမျှ အခက်အခဲဖြစ်နေလို့ အကူအညီ တောင်းလာတဲ့ဟာ၊ ပေးနိုင်မယ်ဆိုရင် ပေးသာပေးလိုက် ဦးလေး'

'နေပါဦး ဒီလုံးရာ၊ မင်းက ငါ့တူအရင်းဆိုတော့ မင်းစိတ် မင်းဆန္ဒ မင်းရဲ့သဘောထားကို ပွင့်ပွင့်လင်းလင်း ဦးလေးသိချင်တယ်'

'ဩော်… ကျွန်တော့် သဘောထား ဟုတ်လား၊ ကျွန်တော် ကတော့ ဦးလေးနဲ့ မကျင်လီတို့ကို အသွင်တူတယ်လို့ သဘော တယ်၊ အသွင်မတူရင် အိမ်သူမဖြစ်တဲ့ ဦးလေးရဲ့၊ ပြီးတော့ နှစ်ဦးစလုံး ဟာ အရွယ်တွေရှိကြသေးတယ်၊ နှစ်ဦးသားရဲ့ဘဝဟာ စွယ်တော်ရွက် လို၊ အီကြာကွေးလို၊ ခုံဖိနပ်လို ပေါင်းစပ်လိုက်ကြမယ်ဆိုရင် ဥစ္စာ ပစ္စည်း ရှိကြတာချင်းညီကြတာမို့ အစစအရာရာ တိုးတက်ဖို့ပဲ မြင် တယ်၊ ကျွန်တော်တော့ ဦးလေးနဲ့မကျင်လီကို သဘောတူတယ်'

ဒီလုံး၏စကားက မကျင်လီ၏မျက်နှာကို အထူးပင် လန်းဆန်း သွားစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


'ကိုင်း… တူတော်မောင်က သူ့သဘောထားကို ပွင့်ပွင့်လင်းလင်းပြောနေပြီ၊ ဆရာ့သဘောကကောဟင်'

'အင်း'

လေးပင်သော အာမေဋိတ်။

'ကျုပ်တူက သဘောတူတယ်ဆိုတော့ ကျုပ် ငြင်းမနေတော့ပါဘူး မကျင်လီ၊ ကောင်းမြတ်တဲ့အတိုင်းသာ စိတ်တိုင်းကျ စီစဉ်ပါတော့'

'ဟာ… ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်မ ဆရာနဲ့ညားပြီးတာနဲ့ ဆရာ့စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်၊ ကျွန်မရဲ့ ပိုင်ဆိုင်မှုမှန်သမျှကို ဆရာနာမည်နဲ့ လွှဲအပ်လိုက်မှာပါ၊ ဒါပဲနော်၊ ဆရာပေးတဲ့ကတိစကားကို ဆရာမဖျက်ပါနဲ့၊ မင်းမှာသစ္စာ၊ လူမှာကတိတဲ့၊ ကတိစကားတည်ပါစေ'

'ကတိတည်ဖို့လား တည်လွန်းလို့ တည်… တည်… တည်… တည် မကျင်လီလို့တောင် ပြောလိုက်ချင်သေး အဟေး… ဟေး'

လူပျိုကြီးများ ချစ်အညှောင့်တွေ အခါလွန်မှ ပေါက်လာတော့လည်း ခပ်ပေါပေါပကလားဟူ၍ တွေးထင်စရာ။

မကျင်လီက သူမ၏ဆန္ဒပြည့်ဝတော့မည်မို့ လာစဉ်တုန်းကနှင့်မတူ။ အိမ်ပေါ်မှပြန်အဆင်း တကာယ်ကို အပျံသင်စ ငှက်ငယ်မလေးခများ။

ဆရာပွ ဆိုလျှင်ကော…။

တစ်ခါဖူးကသော်မျှ အာဝါဟဝိဝါဟ အကြောင်းကိစ္စမဆိုက်ဘဲနေခဲ့ရာမှ သည်ကနေ့မှာတော့ မမျှော်လင့်ဘဲ တည့်တည့်ကြီး


www.burmeseclassic.com

www.burmeseclassic.com



ဆိုက်လာသဖြင့် မနက်ဖြန် မင်္ဂလာဦးညအရေးကို တွေးတွေးရင်း တံတွေးတွေကို တဂွပ်ဂွပ် မျိုချပစ်နေလေတော့၏။

ဒီလုံးနှင့် မောင့်မောင်ပုတို့အဖို့ မနက်ဖြန်ကျလျှင်ဖြင့် ဗိုက်ခွေးနမ်းလောက်အောင် ဒံပေါက်နှင့်ရေခဲမုန့်ကို တစ်ဝတစ်ပြဲ အပြတ်ဟဲပစ်လိုက်မည်ဟု တွေးနေကြ၏။

သြော်… လူချင်းတူပေသော်ငြား အတွေးတွေမှာမူ ကွဲကွဲပြားပြား…။

၀

www.burmeseclassic.com

www.burmeseclassic.com

၆၉ မမှားဘူးကွ၊ မမှားဘူး၊
ငါ့ပညာကို ငါယုံတယ်
လင်တရှူးမ ကျင်လီ . . .
မင်္ဂလာသာ ဆောင်ရင်ဆောင်ရမယ်
လင်စစ်စစ် မရနိုင်ဘူးဆိုတာ
ဒီညကျရင် သိသွားလိမ့်မယ်
ငါ့ကို တစ်ပတ်ရိုက်သွားတဲ့ ကောင်မ ၉၉

www.burmeseclassic.com

www.burmeseclassic.com

နံနက်မိုးသောက် အာရုဏ်ရောက်ပေရော့မည်။

သည်တစ်နေ့ကား လူပျိုကြီး ဗေဒင်လက္ခဏာဆရာပွ တစ်ယောက် ဘဝအနေအထား တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့မည့် နေ့ထူးနေ့မြတ်ကြီးဖြစ်တော့၏။

ခါတိုင်း နံနက် (၇း၀၀)နာရီထိုးသောက်မှ အိပ်ရာမှထသော ဆရာပွသည် သည်ကနေ့ကျတော့ မိုးသောက်အာရုံတက်မှာပင် နိုးနေသည်။ သူမို့ မချမ်းမစီး ရေတွေဘာတွေ ချိုးလို့…။

'ဒီလုံးတို့၊ မောင်ပုတို့… ထကြလေကွာ၊ ထကြ၊ ရေမိုးချိုးကြ၊ အဝတ်အစားလဲကြ၊ ပြီးရင် လေးဘီးကားငှားပြီး မင်္ဂလာမဏ္ဍပ်ရှိရာ သွားကြတာပေါ့'

'မနက်လေးစာအဆာပြေ မစားရတော့ဘူးလား ဦးလေး'

'ဟိုရောက်မှပဲ မနက်လေးစာမကဘူး၊ မနက်ကြီးစာပါ အားပါးတရ စားကြပေါ့ကွာ၊ ခုတော့ သည်းခံလိုက်ကြဦး'

ဆရာပွကား တစ်ခါဖူးမျှ မင်္ဂလာမဆောင်ခဲ့ရမှန်း သိသာလှသည်။ အဝတ်အစားကို ကြော့နေအောင် ဝတ်၏။ တစ်ထည်မကြိုက် တစ်ထည်လဲ၍ ကိုယ်လုံးပေါ်မှန်ရှေ့က မခွာ။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့တူတွေ ကြည့်စမ်းပါဦးကွ၊ ဒီအဆင်နဲ့ ငါနဲ့လိုက်ရဲ့ မဟုတ်လား'

'ဟာ… ဦးလေးဟာက အောက်က အစိမ်း အပေါ်က အနီ ဆိုတော့ ကြက်တူရွေးလိုလို ဘာလိုလို'

'အယ်… ဟုတ်ပါရဲ့ကွာ၊ ဒါဖြင့် အပေါ်ရှပ်အင်္ကျီဖြူမှာ နဲ့သာရောင် တိုက်ပုံဝတ်မယ်၊ ပုဆိုးက ချောကလက်ရောင်ပိုးအကွက် စိပ်၊ ဘယ့်နှယ် ဒါဆို ကြည့်ကောင်းတယ်မဟုတ်လားကွ'

'ကောင်းတယ်၊ ကောင်းတယ်၊ ဦးလေးက အသားညိုညိုဆို တော့ ရွေးထားတဲ့ အရောင်တွေနဲ့က တကယ့်ကိုကွက်တိပဲ'

ဒီလုံး၏ အလိုက်သင့်ဖြေဆိုမှုက သတို့သား ဦးလေးပွအတွက် ဘဝင်ကျစရာဖြစ်သွားရလေသည်။

ဦးလေးပွတစ်ယောက် ကိုယ်လုံးပေါ်မှန်ရှေ့၌ ဆီမွှေးလိမ်း ဘိုကေကို ဘီးဖြင့်ကော့နေအောင် ပုံစံအမျိုးမျိုး ဖြီးနေချိန်ဝယ် မင်္ဂလာ ပွဲသို့ သွားရောက်ဆင်နွှဲရန် ဒီလုံးနှင့် မောင်မောင်ပုတို့လည်း ရေမိုးချိုး ကြရလေ၏။ ပြီးလေသော် ဝတ်ကောင်းစားလှများကို လဲလှယ်ဝတ် ဆင်ကြလေ၏။

'ရေမွှေးလေး ဘာလေး ဆွတ်ချင်ရင် ဟောဒီမှာရှိတယ်ဖေ့'

ဦးလေးပွသည် ပြောပြောဆိုဆိုနှင့်ပင် တိုက်ပုံအနားစပ်များ ရေမွှေးဖြင့် တို့ထိဆွတ်ဖျန်းလေရာ မွှေးရနံ့တွေက အခန်းတစ်ခုလုံး အား ထုံသင်းကြိုင်လှိုင်သွားတော့၏။ သည်ခဏ…

'ဆရာပွ… ဆရာပွ'

ဟူသော အသံတစ်သံက ခြံဝဆီမှ ပေါ်လာလေ၏…

'ဒီလုံးရေ… စောစောစီးစီးကွာ ခြံဝမှာ ငါ့ကိုခေါ်သံကြား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အကျိုးအကြောင်းသိရအောင် သွားမေးစမ်း၊ ဗေဒင်မေးမလို့ဆို ရင် ငါ ဒီနေ့ ဟောခန်းပိတ်တယ်လို့ ပြောလိုက်ကွာ'

'ဟုတ်ကဲ့ ဦးလေး'

ဦးလေးပွ၏ စေစားချက်ဖြင့် ဒီလုံးလည်း အိမ်ပေါ်မှ ဆင်းကာ ခြံတံခါးရှိရာသို့ လျှောက်သွားရလေ၏။ တံခါးဝ၌ ရပ်နေသူက အသက် ၄၀ ကျော်ခန့် အဒေါ်ကြီးတစ်ဦး။

'ဘာကိစ္စလဲ အဒေါ်၊ ဗေဒင်မေးမလို့ဆိုရင်တော့ ဆရာပွက ဒီကနေ့ ဟောခန်းပိတ်ပါတယ်တဲ့ခင်ဗျ'

'ဗေဒင်မေးမလို့လာတာ မဟုတ်ပါဘူးကွယ်၊ အဒေါ့်ကို မကျင်လီက စာပေးခိုင်းလို့ပါ၊ ကဲ... ရော့၊ အဒေါ်သွားပြီ'

'ဟုတ်ကဲ့ခင်ဗျ'

အဒေါ်ကြီးက ဒီလုံးလက်ထဲ စာအိတ်တစ်အိတ်ထည့်ပေးပြီး လှည့်ပြန်သွားလေ၏။ ဒီလုံးလည်း အိမ်ပေါ်ပြန်တက်ကာ ဦးလေးပွ လက်ထဲ စာအိတ်ကို ပေးလိုက်၏။

'မကျင်လီဆီက စာဆိုတော့ တစ်ခုခုတော့ တစ်ခုခုပဲဟေ့၊ ငါတို့ သူ့ဆီလာဖို့ရာ ကြာနေလို့ ရေးလိုက်သလား မပြောတတ်ဘူး'

'ဒါတော့ ဖတ်ကြည့်မှ သိရမှာပေါ့'

'ဒါဆိုလည်း မင်းပဲဖတ်ကွာ မောင်ပု၊ ဦးလေးက စာဆိုရင် ချက်မှန်အကူနဲ့မှ ဖတ်လို့ရတာ'

မောင်မောင်ပုလည်း ဦးလေးပွထံမှ စာအိတ်ကိုယူလျက် ဖွင့် ဖောက်ဆွဲထုတ်ကာ အသံထွက်ဖတ်ပြရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့…

လေးစားစရာကောင်းပါတဲ့ ဆရာပွရှင့်…

ကျွန်မ မကျင်လီ ဂါရဝတရားရှေ့ထားလျက် လေးစားစွာ စာရေးလိုက်ပါတယ်။ ဆရာ့ရဲ့ ဖြူစင်သန့်ရှင်းပြီး ကျွန်မရဲ့ဒုက္ခကိုကူညီမယ့်အကြောင်း သိခဲ့ရတဲ့အတွက် လေးစားမဆုံး ကျေးဇူးတင် မဆုံးဖြစ်ရပါတယ်ရှင့်။

အခု ဆရာ့ဆီ စာရေးအကြောင်းကြားရတဲ့ ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ ဆရာ့ရဲ့ ကိုယ်ဖိရင်ဖိ ကူညီမယ့် အကူအညီတွေ မလိုတော့တဲ့အကြောင်း။ ဆရာတို့တစ်တွေလည်း ဒီကနေ့ ကျင်းပမယ့် ကျွန်မရဲ့ မင်္ဂလာပွဲရှိရာကို လာဖို့မလိုတော့တဲ့အကြောင်း စောစောစီးစီး သိရှိရလေအောင် လူကြုံနဲ့ စာပေးခိုင်းလိုက်ရတာပါရှင့်။

စာအသွားအလာကြောင့် ဒီလုံးနှင့်တကွ သတို့သားဝတ်စုံဆင်မြန်းထားသော ဦးလေးပွတို့မှာ ပါးစပ်အဟောင်းသားဖြစ်သွားကြလေသည်။

'ဟေ့ကောင်… မောင်ပု၊ ဆက်ဖတ်စမ်း၊ ဆက်ဖတ်စမ်း'

'အေး… ဖတ်မှာပါကွာ၊ အဟမ်း… အဟမ်း'

ဘာဖြစ်လို့ ဆရာတို့လာစရာမလိုတော့ဘူးလဲဆိုတော့ ကျွန်မ အတွက် တကယ့်ဖူးစာရှင်အစစ်အမှန်ကို မနေ့က ဆရာတို့ဆီက အပြန်မှာ တွေ့ကြုံ ဆုံစည်းလိုက်ရလို့ပါ။ ဒီကနေ့ ကျင်းပပြုလုပ်မယ့် မင်္ဂလာပွဲဆိုတာ ကျွန်မနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတို့မဟုတ်တော့ပါဘူး။ ကျွန်မနဲ့ ဖူးစာရှင်အသစ်ပဲ ဖြစ်ပါတယ် ဆရာ။

ဆရာ… မရှင်းသေးရင် ကျွန်မ ဆက်ရှင်းပြပါ့မယ် ဆရာ။

ဆရာသိတဲ့အတိုင်း သူဝဏ္ဏမောင်ပိန်ဟာ ကျွန်မအပေါ် တကယ့်မေတ္တာအစစ်အမှန်မထားဘဲ ကျွန်မ ပိုင်ဆိုင်တဲ့ ငွေကြေးဥစ္စာတွေကို အလစ်သုတ်သွားခဲ့တာ ဆရာအသိပါ။ ကျွန်မမှာသာ ကံကောင်းလို့ ပစ္စည်းသာဆုံးပြီး လူမဆုံးရတာ။

အဲဒါနဲ့ အရှက်တကွဲ အကျိုးနည်းတော့ ဖြစ်ပြီဆိုပြီး ဓာတ် ရိုက်ဓာတ်ဆင်အင်မတန် အစွမ်းထက်ပါတယ်ဆိုတဲ့ ဆရာ့ဆီ ကျွန်မ ရောက်လာခဲ့ရတာပဲပေါ့။ အဲဒီမှာဆရာလည်း ကျွန်မအားကိုးရလောက်အောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ဒီတော့ ငါးမရလည်း ရေချိုးပြန်မယ်လို့ ဆုံးဖြတ်ပြီး ကျွန်မနဲ့ မင်္ဂလာဆောင်ရအောင် ဆရာ့ကို အတင်းအကူအညီတောင်းခဲ့တာပေါ့။ ဆရာ့ရဲ့မျက်လုံးတွေ အကြည့်တွေဟာ ကျွန်မ ဝတ်စားထားတဲ့အပေါ်မှာ အတော်ကလေး တင်နေကျန်နေခဲ့ရှိတဲ့ ကျွန်မရဲ့ခန္ဓာကိုယ် ဖွံ့စည်းမှုအပေါ်မှာ အာသာငမ်းငမ်းဖြစ်နေတာကို ကျွန်မ သိရပါတယ်။ ဒါကြောင့်လည်း ဆရာ တင်းမခံနိုင်တော့ဘဲ စားရကံကြုံတော့ နေရင်းထိုင်ရင်း မုတ်ဆိတ်ကို များဆွဲပဟာဆိုပြီး လက်ခံလိုက်တာပဲ မဟုတ်လား။ ကျွန်မ အနေနဲ့ လူပုံအလယ်မှာ အရှက်ကွဲတာထက်တော့ အများ



www.burmeseclassic.com

www.burmeseclassic.com



*ကြီး ကောင်းလိမ့်မယ်ဆိုပြီး ဆရာနဲ့ မင်္ဂလာဆောင်ဖို့ စီစဉ်လိုက်တာပါ။*

*အဲဒါနဲ့ သောကတွေပြေပျောက်ပြီး ဆရာ့အိမ်က အပြန်မှာ ဆရာတို့နဲ့ တစ်လမ်းကျော်မှာ ဗေဒင်ဆိုင်ခန်းဖွင့်ထားတဲ့ အင်္ဂဝိဇ္ဇာ ဆရာခဲဆိုတဲ့ ပုဂ္ဂိုလ်ဆီ ဆရာနဲ့ ကျွန်မယူလိုက်ရင် ကောင်း၏မကောင်း၏ သိရအောင် ကျွန်မ ဝင်သွားခဲ့တယ် ဆရာ။*

၇

စာဖတ်ရသည်မှာ အာခြောက်သွားသည့်အတွက် မောင်မောင်ပုလည်း အကြမ်းပန်းကန်လုံးထဲမှ ရေနွေးကြမ်းခပ်အေးအေးကို မော့ချလိုက်လေ၏။

'ဒီမိန်းမ ဗေဒင်လက္ခဏာမေးတာ တော်တော်ဝါသနာကြီးတာပဲနော် ဦးလေး'

'မိန်းမတော်တော်များများဟာ ဒီလိုပါပဲ ဒီလုံးရယ်'

'အဲဒီအင်္ဂဝိဇ္ဇာ ဆရာခဲဆိုတာ ဦးလေးနဲ့ သိလား'

'သိတာပေါ့ကွာ၊ သူ့နာမည်က မကြင်ခဲတဲ့ကွ၊ မိန်းမကွ၊ မိန်းမ၊ ဒါပေမဲ့ ယောကျ်ားစိတ်ပေါက်နေတဲ့ ယောကျ်ားလျှာ၊ ဝတ်စားထားတာတွေက ယောကျ်ားအဝတ်အစားတွေချည်း၊ နှုတ်ခမ်းမွှေးလေးတွေတောင် ခပ်ရေးရေးနဲ့ တော်ရုံတန်ရုံလောက်ကတော့ သူ့ကို မိန်းမလို့ မထင်ရလောက်ဘူး၊ ပြောဟန်ဆိုဟန် သွားဟန်လာဟန်တွေက သူ့ဇစ်မြစ်အမှန်ကို မသိရင် ယောကျ်ားတစ်ယောက်လို့ ထင်မှတ်ကြမှာ အမှန်ပဲ၊ သူကလည်း ခပ်တည်တည်နဲ့ ဆရာခဲလို့ နာမည်တပ်ပြီး ဗေဒင်လက္ခဏာဟောစားနေတာ၊ လက္ခဏာတင်မကဘူး စတန့်ထွင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြေဖဝါးကိုပါကြည့်လို့ ခြေခဏာလည်း ဟောတယ်ကွာ၊ ကိုင်း… စာမဆုံးသေးဘူး မဟုတ်လား၊ ဆက်ဖတ်ပါဦး မောင်ပုရေ'

စာက မဆုံးသေး။ မျက်နှာဝက်လောက်ကျန်နေပါသေး၏။ သည်တော့လည်း ဆက်ဖတ်ရပြန်၏။

*ဆရာခဲဟာ ဆရာနဲ့တော့ ရုပ်ရည်ရူပကာဟာ ဆီနဲ့ရေပဲ နော်၊ နဂိုကတည်းက ဆရာနဲ့မတွေ့ဘဲ ဆရာခဲနဲ့တွေ့ရင် သိပ်ကိုကောင်းမှာပဲလို့ ကျွန်မ တွေးမိပါသေးတယ်။ ဆရာခဲကို မြင်လျှင်မြင်ချင်းဆိုသလို ကျွန်မ စိတ်ထဲ မေတ္တာသက်ဝင်မိသွားရပါတယ်ဆရာ၊ ဆရာနဲ့ ဖူးစာ မဆုံဘဲ ဆရာခဲနဲ့ ဖူးစာဆုံရင် ကျွန်မဘဝတော့ သေပျော် ပါပြီ ဆရာ။*

*ဆရာခဲဟာ ကျွန်မရဲ့ လက္ခဏာကိုသာမန်ကာလျှံကာ လောက်ကြည့်ပြီး ခြေဖဝါးကိုတော့ အသေးစိတ်ကြည့် တယ် ဆရာ၊ အထူးသဖြင့် ကျွန်မရဲ့ခြေဖဝါးကို ခဲဆံ ကလေးနဲ့ ဟိုခြစ်သည်ခြစ်လုပ်တာ ကျွန်မရဲ့ရှိုးတွင်း ခြင်ဆီတွေ၊ ပေါင်တွင်းကြောတွေ တွန့်တွန့်လူးရတယ် ဆရာ၊ အောင်မလေး ဒီစာရေးနေရင်းတောင် ကြက်သီး တဖျန်းဖျန်း ထမိပါသေးရဲ့၊ ကောင်းလှချည်လား ဆရာ ရယ်၊ ရင်ထဲမှာလည်း တဒိတ်ဒိတ်ခုန်ပြီး ကျွန်မလည်း စိတ်ထဲချုပ်တည်းမရတဲ့အဆုံး ဆရာခဲကို ဖြုန်းခနဲ ဖက် လိုက်မိတယ်။ ဆရာခဲကလည်း ကျွန်မကို ပြန်ဖက်ပြီး ကျွန်မကြောပြင်ကို ပွတ်ပေးနေတာ မလွှတ်တော့ဘူး ဆရာရဲ့။*

www.burmeseclassic.com

www.burmeseclassic.com



*အဲဒီမှာလည်း ကျွန်မနဲ့ ဆရာခဲတို့ ပွင့်ပွင့်လင်းလင်းချစ်သူတွေ ဖြစ်သွားကြတယ်။ ကျွန်မ ကြုံတွေ့ရတဲ့ ပြဿနာကိုလည်း သဘောပေါက်နားလည်သွားပြီး သူနဲ့မင်္ဂလာဆောင်ဖို့ ပြောလာတော့ ကျွန်မ ဘယ်ငြင်းတော့မှာလဲ ဆရာရယ်။*

*ဒါကြောင့် ဒီနေ့ကျင်းပမယ့် မင်္ဂလာပွဲမှာ သတို့သားဟာ ဆရာ မဟုတ်တော့ပါဘူး။ ဒီညကစပြီး ကျွန်မရဲ့လင်သား စစ်စစ် ဖြစ်တော့မယ့် ကျွန်မကို သာယာမှုရှေ့ အစွမ်းကုန်ပေးတော့မယ့် ကိုလူချော် ရွှေမင်းသားကြီး ဆရာခဲခေါ် ကိုကိုခဲပေါ့။ ဒီတော့ ကျွန်မတို့ မင်္ဂလာပွဲကို ဆရာတို့လာဖို့ မလိုတော့ပါဘူး။*

*ဘာပဲဖြစ်ဖြစ် ဆရာ့ကို လှည့်စားသလို ဖြစ်ခဲ့ရတဲ့အတွက် စိတ်မကောင်းပါဘူး။ ကျွန်မအတွက် မုဒိတာထားပြီး ခွင့်လွှတ်ပါရှင်။*

**မကျင်လီ**

စာဆုံးသွားချေပြီ။

မောင်မောင်ပုနှင့် ဒီလုံးလည်း ပါးစပ်ထဲရောက်အံ့ဆဲဆဲ အစားကောင်း အသောက်ကောင်းတစ်ခု လွတ်သွားသည့်အတွက် ဆရာ တစ်ယောက် အကြီးအကျယ်ဒေါသတွေဖြစ်နေမည်လား။ ဒါမှမဟုတ် ကိုယ်ကြေကွဲနေပြီ ဖြစ်နေမည်လား စသဖြင့် အတွေးဝင်သေး

သို့သော် သူတို့အတွေးတွေမှာ တက်တက်စင်လွဲ ကော။ ဘာကြောင့်ဆို ဆရာပွဲတစ်ယောက် ခေါင်းတဆတ်ဆတ်ညိ ကာ ပြုံးယောင်ပြုံးတုံ့ လုပ်နေသောကြောင့်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ၊ ငါ့မှာ အိမ်ထောင်ကျရမယ့် ဖူးစာမပါတော့လည်း လွဲချော်သွားရတာ မဆန်းပါဘူးကွာ'

'ဒါထက် မကျင်လီဟာ လင်မရနိုင်ဘူးဆို၊ ဦးလေးပွဲ ဟော ထားတာ၊ ခုတော့ မကျင်လီ လင်ကျိန်းသေရတော့မယ်၊ ဒါဆို ဗေဒင် ဆရာ အတွက်မှားသွားပြီပေါ့နော်'

'မမှားဘူးကွ၊ မမှားဘူး၊ ငါ့ပညာကို ငါယုံတယ်၊ လင်တ ရူးမ ကျင်လီ၊ မင်္ဂလာသာဆောင်ရင်ဆောင်ရမယ်၊ လင်စစ်စစ်မရနိုင် ဘူးဆိုတာ ဒီညကျရင် သိသွားလိမ့်မယ်၊ ဟွန်း… ငါ့ကို တစ်ပတ် ရိုက်တဲ့ ကောင်မ၊ ယောက်ျားလျှာ မကြင်ခဲတစ်ဖြစ်လည်း ဆရာခဲဆို တဲ့ ငေါ်နဲ့ညားမှတော့ ဟွန်း… သင်းကိုသင်း လည်လှုပြီမှတ်နေတဲ့ ကောင်မ၊ ဒီတစ်ခါတော့ တစ်ပတ်အုပ်ခံရကိန်းဆိုက်ပြီဟေ့၊ ဟေဟေ့ ဟေ့'

ဆရာပွ၏ ချက်ကျလက်ကျ ပြောဆိုလိုက်သော စကား ကြောင့် ဒီလုံးနှင့် မောင်မောင်ပုလည်း သဘောပေါက်ကာ တဟား ဟား ရယ်မိကြပါလေတော့၏။

○

www.burmeseclassic.com

www.burmeseclassic.com

“
သည်းခံပြီးသာပေါင်းပါ သမီးရယ်
သမီးလင်က ဇရာပိုင်းရောက်ပြီး
ဗေယျာကောင် စောင့်နေတဲ့ဥစ္စာ
နောက်နေ့ရ ဘာကြာမှာတဲ့တုံး
ကိစ္စချောပြီဆိုရင်
သူ့ဆီကရမယ့်
အမွေအနှစ်တွေဆိုတာ
နည်းနည်းနောနောတဲ့လား”

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လှဆိုသည်ကား ဦးရွှေညာ ဒေါ်ထွားအိတို့၏ သားသမီးသုံးဦးအနက်မှ ဒုတိယမြောက်ဖြစ်၏။ အကြီးမ မြရင်၏ မောင်၊ အငယ်ကောင် မောင်မောင်ပု၏ အစ်ကို။

မောင်မောင်လှဟူသည်ကား နာမည်နှင့်လိုက်အောင် ရုပ်ရည်ရူပကာ ကြည့်ပျော်ရှုကောင်းသူဖြစ်သည်။ လူပျိုဖော်ဝင်ခဲ့ပြီဖြစ်သော်ငြား ရည်းစားသနာထားသည့် ကိစ္စ၌ ဝါသနာအလျဉ်းမရှိ။ အဲသည့်ဘက်မှာတော့ လွန်စွာရိုး လွန်စွာအသူ ဖြစ်သည်။ ၎င်းအပေါ် ရေလာမြောင်းပေးလုပ်ကြသည့် လုံမေပျိုကာလသမီးတွေရှိကြသည့်အတိုင်းဘာမျှ နားမလည်။ သည်တော့လည်း မြာအလွန်စွံသင့်ပါလျက် ၎င်း၏ရိုးအထုံနမှုတို့ကြောင့် မိဘတွေ အတင်းကာရော ပေးစားမှသာလျှင်မိန်းမရမည့်လက္ခဏာ ဖြစ်လေ၏။

မောင်မောင်လှကား သူ့ညီ မောင်မောင်ပုလို ရွာရှိ ကာလသားတွေနဲ့ တရုံးရုံးလုပ်လျက် လတ်လျားလတ်လျား လုပ်သူမဟုတ်။ သူ့ဝါသနာပါရာ ငွင်းဘားဆွဲခြင်း၊ ရေကူးခြင်း စသည့် အားကစားတို့နှင့်သာ မွေ့လျော်သူဖြစ်၏။ သည်လိုမျိုး အားကစားလိုက်စားသဖြင့် ရင်အုပ်ကားကား ကြွက်သားအဖုဖုနှင့် ထုထုပြီးခရာချင်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com

လောက်အောင် ကိုယ်ကာယလှပသူဖြစ်သော်ငြား ကာလသားတွေကမူ ကွယ်ရာ၌ ၎င်းအား ဝိတ်ပေါကြီးဟူသည့် အမည်နာမကို ပေးထားလေ၏။

အရွယ်ရောက်လာတော့ လုပ်ငန်းခွင်ဝင်ရောက်ရာ၌ မိဘလက်ငုတ်လက်ရင်းဖြစ်သော လယ်ယာခွင်ကို ဝါသနာမပါ၍ မဝင်။ သူကြီးဟောင်း ဦးစိန်လင်း ပိုင်ဆိုင်သော စိန်ဘရားသား ဆန်စက်၌ အလုပ်ဝင်လုပ်၏။ အတွက်အချက် ကျွမ်းကျင်ခြင်း၊ ရှပ်ရှပ်ပွေပွေ မရှိ ရိုးသားခြင်း၊ အသောက်အစားအပျော်အပါးနှင့် လောင်းကစားကင်းခြင်းစသည် ဂုဏ်ပုဒ်တွေကြောင့်လည်း သူကြီးဟောင်းဆန်စက်သူဌေး ဦးစိန်လင်းက လူယုံအဖြစ် သဘောထားကာ လခကောင်းကောင်းပေးလျက် သူ့အိမ်၌ ခေါ်ထား၏။ ဆန်စက်၏ လုပ်ငန်းအဝဝကို စာရင်းအင်းနှင့်တကွ ယုံကြည်စိတ်ချစွာ လွှဲအပ်ထား၏။ သူရရှိသော လစာငွေအား မိဘများထံ တစ်ပြားတစ်ချပ်မကျန် အပ်နှံသည့်အတွက်လည်း မိဘနှစ်ပါးက သားလိမ္မာ မောင်မောင်လှအား အချစ်ပိုကြပါလေ၏။

သူကြီးဟောင်း ဆန်စက်သူဌေး ဦးစိန်လင်းကား ငွေကြေးဥစ္စာ ကြွယ်ဝချမ်းသာသူဖြစ်သည်နှင့်အညီ မိန်းမထည်လဲယူခဲ့သူဖြစ်၏။

စစ်စစ်ပေါက်ပေါက် တွက်ကြည့်လျှင် တရားဝင်မိန်းမချည်း လေးယောက်တိတိ ရှိ၏။ တရားမဝင်တွေကတော့ ကာယကံရှင်ကိုယ်တိုင်ပဲ သိပါလိမ့်မည်။ ကနဦးယူထားသော တရားဝင်မိန်းမသုံးယောက်မှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြရာ မိန်းမမရှိလျှင် မနေတတ်သော ဦးစိန်လင်း နောက်ဆုံးယူထားသော မိန်းမမှာ အသက်အရွယ်အားဖြင့်ဆိုလျှင် မြေးအဘိုးအရွယ်ဟု ဆိုရမည်သာပင်။


www.burmeseclassic.com

www.burmeseclassic.com



မဆိုလို့ကော ရမည်တဲ့လား။

ဦးစိန်လင်း၏ အသက်က ၈၁ နှစ်။

နောက်ဆုံး တရားဝင်ယူထားသည့် မချိုရီက အသက် ၂၀ ကျော်ကလေး။ မေတ္တာမပါသော်ငြား မပူမပင် မကြောင့်မကြ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ရွှေတွဲလဲ ငွေတွဲလဲနှင့်နေရသည်မို့လည်း အသက် ၈၀ ကျော် အရိုးပြိုင်းပြိုင်း ခါးကိုင်းနှင့် သချိုင်းကုန်းရှိရာမျက်စောင်းထိုးနေသော အဘိုးကြီးအား လင်တော်လိုက်ရခြင်းဖြစ်သည်။

သည်မယားကလေးကို ရမှပင် အဘိုးကြီးစိန်လင်း၏ ကျန်းမာရေးက ခဏခဏဆိုသလို ချူချာလာခဲ့၏။ ဆေးဆရာပင့်လျက် ကုသရသည်မှာလည်း အကြိမ်ကြိမ်။ သည့်အတွက် ဗိန္ဒောဆရာ ဦးအောင်ကြီးကတော့ ကွယ်ရာမှာ မှတ်ချက်ချပါသည်။

'သည်အသက်အရွယ်ရောက်မှတော့ ဘုရားကျောင်းကန်သွားဖို့ တရားရိပ်သာတစ်ခုခု ဝင်သင့်တာပေါ့၊ ခုကျ အဲသလိုမဟုတ်ဘဲ ကာမရာဂစိတ်တွေက မကုန်တော့ စိတ်သာရှိတယ်၊ လူကမလိုက်နိုင်တဲ့အနေအထား ကြာရင် သွားမှာပဲ'တဲ့။

အမှန်တကယ်လည်း ဦးစိန်လင်းအဖို့ ဇရာက ဖိစီးလာပြီဖြစ်သဖြင့် အသက်အရွယ်က ခပ်ငယ်ငယ်၊ အသွေးအသားတွေက ဆူဆူဖြိုးဖြိုး၊ ချစ်ပင်ပျိုး၍ အချစ်မိုးတွေ ဖြဲခနဲ ဖြဲခနဲ ရွာချစေချင်သော ချိုရီအတွက် ဆန္ဒအာသာတွေက လုံးဝဆို လုံးဝမပြေခဲ့။

ဒါကို ချိုရီ့အမေက မိန်းမသားချင်းပီပီ သဘောသိသဖြင့် ချွေးမရာ၌ ဆိုဆုံးမ၏။

'သည်းခံပြီးသာ ပေါင်းပါ သမီးရယ်၊ ... မီးလင်က ရော

www.burmeseclassic.com



ပိုင်းရောက်ပြီး ဇယားတောင်စောင်းနေတဲ့ ဥစ္စာ၊ နောက်နေရ ဘာကြာ မှာတဲ့တုံး၊ ကိစ္စချောပြီဆိုရင် သူ့ဆီကရမယ့် အမွေအနှစ်တွေဆိုတာ နည်းနည်းနောနောတဲ့လား၊ အဲဒီအခါကျ ကိုယ်နဲ့သက်တူရွယ်တူ ကိုယ့် အပေါ်လည်း အနွံတာခံမယ့်ယောကျ်ားတစ်ယောက်ယောက်ကို ခေါင်း ခေါက်ယူပြီး လောကစည်းစိမ်ကို အပြည့်အဝခံစားပေါ့ကွယ်'တဲ့။

အမေပြောသည်ကလည်း အဟုတ်သား။

ဥစ္စာစည်းစိမ်တို့အပေါ် ငဲ့ညာထောက်ထားလျက် အလိုဆန္ဒ မပြည့်ဝလေသည်တိုင်း ကာလအနည်းငယ်တော့ သည်းခံ၍ နေရပါဦး မည်။ သို့သော် သို့ပါသော်ငြား ဆန္ဒအလိုကတော့ဖြင့် အတွင်းခာတ်ခံ ၌ အရှိန်လွန်ကဲ မီးခဲတွေက တရဲရဲ။

သည်မှာတင် ချိုရီ မျက်ဝန်းထဲ၌ အရောင်လက်သွားခဲ့သည်။ ဉာဏ်ကလည်း ပွင့်သွားခဲ့သည်။

လက်သွားသော သူမ၏ မျက်ဝန်း၌ ပုံရိပ်တစ်လွှာက ထင်း ခနဲ ပေါ်လာခဲ့၏။ ထိုပုံရိပ်ကား ရင်အုပ်ကားကား ကြွက်သားဖုဖုဖြင့် ထုထုပြီး ခရာချင်စရာ တာချင်စရာကောင်းလှသော ယောကျ်ားပီပီ သသ ကိုယ်ကာယပိုင်ရှင် အိမ်ပေါ်တွင်လည်း ရောက်ရှိနေသော လင်တော်မောင် ဦးစိန်လင်း၏ လူယုံတော် လူပျိုစစ်စစ် ချစ်ချင်စရာ မောင်မောင်လှပါပေတည်း။

အကယ်တန္တု လင်တော်မောင်ဂီလာနကြီးသာ ကြွသွားလျှင် ဖြင့် သူမ၏ အလိုမကျစရာကောင်းလှသော ဖဲမွေ့ရာ ခုတင်ကြီးပေါ် မောင်မောင်လှအား လင်အဖြစ် မြှောက်စားရင်း သည်လောကကြီး၌ အလိုဆန္ဒပြည့်ဝခြင်းကြီးစွာဖြင့် လှုံ့ဆွေးလိုက်မည်ဟု ခေါက်ကြံဉာဏ် ဝင်ရောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် စောင်းပါးရိပ်ခြည်ဆိုသလို မိန်းမတို့တတ်စွမ်းသော မူရာမာယာများဖြင့် ဖျိုးထားဖို့ရာလည်း စိတ်ကူးဖဲချပ်တွေ ဆင်ထားမိလေ၏။ သူမဆင်ထားသော အကွက်ထဲသို့ ထုထုပြီးရော ချင်စရာကောင်းလှသော မောင်မောင်လှ ဝင်ရောက်လာပါက လင်တော်မောင် ဂီလာနကြီး လူ့ပြည်လောကမှာ မကြွမြန်းသေးသည့်တိုင် ချိုမြိန်သော အချစ်သစ်သီးကို ခိုးစားရမည်ဟုလည်း တွက်ဆထားလေ၏။

သို့ဖြစ်လေရာ လင်တော်မောင် ဂီလာနကြီး အိမ်မှာမရှိသည့် အချိန်ဝယ် မောင်မောင်လှအား မထိတရိဖြင့် အစဖျိုးကြည့်လေ၏။ ရေလာမြောင်းပေး စကားတွေဆိုမိလေ၏။

သို့ရာတွင် မောင်မောင်လှကား မို့ပရိယာယ်၊ ဝေတင့်တယ်၊ နားဝယ်မလည်ရှာ ဆိုသည့်ထုံးအတိုင်း ဘာမျှမသိ။ နံ့ဘိ။ ရိုးဘိ၊ ထုံပါဘိ။

သူသိသည်က သူ့သူဌေး၏အလုပ်တွေကို ထောင့်စေ့အောင် လုပ်ရမည်။ ရရှိသောလစာငွေကြေးအား မိဘတွေကိုပေးရမည်။ ဒါပဲ သူ သိသည်။

တစ်နေ့ ဦးစိန်လင်းတစ်ယောက် စပါးကိစ္စဖြင့် အတော်လေး အလှမ်းဝေးသော ရွာတစ်ရွာသို့ လှည်းဖြင့်ထွက်သွား၏။ ဆန်စက်၌ ကြိတ်ခွဲရန် စပါးတွေက ကုန်နေလေတော့ ဆန်စက်သို့ မောင်မောင်လှ ရောက်။ အိမ်မှာပဲရှိနေကာ ခြံထဲ၌ ရှင်းလင်းစရာတွေ ရှင်းလင်းပြီး ထမင်းစားချိန်ရောက်မှ အိမ်ပေါ်သို့ တက်ခဲ့သည်။ ထိုအချိန်ဝယ် ချိုရီသည် ဆိုဖာပေါ်ထိုင်လျက် အပြင်းပြေသဘောဖြင့် ခွယ်ကာတစ် ထည်ထိုးသယောင် ပြုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါဦးလား မောင်မောင်လှရယ်၊ နင့်မလဲ အလုပ်နဲ့လက် ပြတ်တယ်ကို မရှိဘူး၊' နင့်ကြည့်ပြီး ငါ့မှာ မောလိုက်တာ'

'မမောပေါင်ဗျာ၊ အလုပ်မရှိမှသာ မောတာ မချိုရီရ'

ရေတစ်ခွက်သောက်ပြီးနောက် ခုံလွတ်တစ်လုံးတွင် မောင် မောင်လှ ထိုင်လိုက်၏။

'ငါ့ဘေးမှာ လာထိုင်ပါဟယ်၊ ဟောဒီအစကလေးကို ဆွဲပေး ထားစမ်းပါဦး'

မချိုရီက ဥပါယ်တံမျဉ်ဖြင့် သူမ၏ နံဘေးတွင် ထိုင်ခိုင်း လိုက်သည်။ မောင်မောင်လှလည်း ဘုမသိ ဘမသိဖြင့် မချိုရီနံဘေး တွင် ဝင်ထိုင်ကာ သိုးမွေးအစတစ်ခုကို ကိုင်ထားပေးလေ၏။

'အင်း... ဒီပုံအတိုင်းဆိုရင်ဖြင့် ဦးစိန်လင်းတော့ တော်တော် နဲ့ ပြန်ရောက်မှာ မဟုတ်ဘူး'

BURMESE CLASSIC

'သေချာတာပေါ့ဗျာ၊ ကျုပ်ကိုတောင် ငါ မှောင်တော့မှပဲ ပြန်ရောက်လိမ့်မယ်ဟော့လို့ ပြောသွားသေး'

မချိုရီ၏စိတ်ထဲ သူဆင်ထားသော အကွက်အတွင်းသို့ မောင် မောင်လှတစ်ယောက် လိမ့်ဆင်းစပြုလာပြီဟု မှတ်ယူလိုက်၏။

'ကျွတ်... ကျွတ်... ကျွတ်... မျက်လုံးက အာရုံစိုက်ရတာ များလို့နဲ့တူရဲ့၊ ဇက်ကြောတွေ တောင့်လိုက်တာ'

မချိုရီ ဇာတ်လမ်းစပါပြီ။

'ဒါဆို ကျုပ် ဇက်ကြောဆွဲပေးမယ်လေ'

ဟူ၍ အဖြေပေးမည်ထင်၏။ သို့သော် အဖြေကား ထိုသို့ မဟုတ်။

'ဒါဆိုလည်း ပရုပ်ဆီလေးပွတ်ပြီး အခန်းထဲ ဝင်ပုံနေပေါ့ ဗျာ'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဩော်… တော်တော်တုံးတဲ့ မောင်မောင်လှပါတကား။

'နေပါတော့ဟယ်၊ မလှဲတော့ပါဘူး၊ ဒါ့ထက် ငါ စာအုပ်တစ်အုပ်ထဲ ဖတ်ဖူးတယ်၊ မိန်းမသားတစ်ယောက်ရဲ့ခါးဟာ ယောကျ်ားတစ်ယောက်ရဲ့ လက်မောင်းတစ်ပွေ့ပဲ ရှိတယ်တဲ့'

'ဖြစ်နိုင်ပါ့မလားဗျာ၊ ရွာထဲက ဒေါ်မြမြလှိုင်ရဲ့ခါးဆိုရင် တုတ်တုတ်ကြီး၊ ဘယ်ယောကျ်ားလက်မောင်းတပွေ့ ရှိမှာမလဲ၊ နှစ်ပွေ့လောက်မှပေါ့'

ဝင်လာပြန်ပြီ အကွက်ထဲ…

'ဟဲ့… စာထဲမှာတော့ တိတိကျကျ ရေးထားတာပဲ၊ မမှန်ဘဲနဲ့သည်လို ရေးပါ့မလား၊ ဘာလဲ နင်က မယုံဘူးပေါ့'

'ဟင့်အင်း… ကျုပ်က လက်တွေ့မှယုံတာ၊ စာတွေဘာတွေသည်း ဖတ်လေ့ဖတ်ထမရှိတော့ စာတွေ့ကို အားမကိုးဘူး'

'ဒါဆို ငါ့ရဲ့ခါးဟာ နင့်ရဲ့လက်မောင်းတစ်ပွေ့ရှိမရှိ လက်တွေ့ စမ်းကြည့်လေဟယ်'

'တကယ်လား'

'တကယ်ပေါ့ဟဲ့'

'ဒါဆို တိုင်းကြည့်မယ်၊ ခဏလေးနော်၊ ခဏလေး'

ဖြန်းခနဲ မောင်မောင်လှ ထိုင်နေရာမှ အပြင်ခဏထွက်သွားသည်။ မချိုရီအဖို့ သည်တစ်ခါတော့ အပိုင်ပဲဟု တွက်လိုက်သည်။ ထဘီကို လျှော့လိုက်သည်။

မောင်မောင်လှ သူမ၏ခါးကို သူ့လက်မောင်းဖြင့် ပွေ့ဖက်ပြီးတာနှင့် 'အမေ့ ယားတယ်ဟဲ့'ဟုဆိုကာ ယောင်ရမ်းသလိုလိုနှင့် မောင်မောင်လှကို ပြန်ဖက်ပြီး လှဲပစ်ချလိုက်မည်။ ထိုအခါ၌



www.burmeseclassic.com

www.burmeseclassic.com



သကောင့်သားလည်း သူမနှင့်အတူ လဲကျသွားမည်။ ဖက်ထားသော သူမ၏လက်တွေကိုလည်း ဖြုတ်မပစ်ဘဲ ဖက်မြဲဖက်ထားလျှင် သကောင့်သား၏စိတ်တွေ ဘာခံနိုင်မှာတဲ့တုန်း။ ထိုရောအခါတွင် သကောင့်သားကိုဆွဲခေါ်လျက် ဒါမှမဟုတ် သူမတစ်ကိုယ်လုံးအား သန်မာထွားကျိုင်းသော လက်မောင်းအစုံဖြင့် ပွေ့ချီစေလျက် သူမ၏ ခန်းစက်ရာအတွင်း လိုက်ပို့စေမည်။

ပြီးတော့…

အတွေးစမပြတ်သေးခင်မှာပင် မောင်မောင်ဖျော ပြန်ရောက်လာသည်။ မောင်မောင်လှ ပြုမူလာပုံက မချိုရီအတွက် ထောင်းခနဲ ဒေါသဖြစ်စရာ…။

'ဟဲ့… အဲဒီလျှောကြီးက ဘာလုပ်တာလဲ'

'ခင်ဗျားပဲ ခင်ဗျားရဲ့ခါးနဲ့ ကျုပ် လက်မောင်းတစ်ပွေ့နဲ့ တိုင်းကြည့်ဖို့ဆို'

'အေးလေ'

'အဲဒါကြောင့် လျှော်ကြိုးကို ကျုပ်လက်မောင်းအရှည်နဲ့တိုင်း ဖြတ်လာတာ၊ ကိုင်း… ပေကြိုးတိုင်းသလို ခင်ဗျားရဲ့ခါးကိုတိုင်းကြည့် လေ'

'ဟယ်… တော်း သွား… သွား၊ မအူမလည်ကောင်'

မချိုရီလည်း ရှက်ရမ်းရမ်းလျက် မောင်မောင်လှအား မောင်း ထုတ်လိုက်လေရာ မောင်မောင်လှလည်း ဘုမသိ ဘမသိဖြင့် 'ဦးဆိ လင်းပြန်လာချိန်မှပဲ ပြန်လာတော့မယ်၊ ရွာထဲ သွားဦးမယ်ဗျို့' ဆိုကာ ရွာထဲသို့ ထွက်ခဲ့ပါလေသတည်း။

၀



www.burmeseclassic.com

www.burmeseclassic.com

၉၉

နင် . . . ငါ့ကို ချစ်ပါလား

မောင်မောင်လှရယ်

ငါလေ . . . နင့်ကို ချစ်တယ်။

ဒီမှာ . . . ဘယ်သူ့မှလည်း ရှိတာမဟုတ်

ဘယ်သူ့မှလည်း သိမှာမဟုတ်ပါဘူးဟာ။

နင်သာ ငါ့ကိုချစ်ရင်

ငါ့ဆန္ဒကို လိုက်လျောခဲ့ရင်

နင့်ကို ငါ . . .



www.burmeseclassic.com

www.burmeseclassic.com

သည်သတင်းပေါ်ထွက်လာတော့ ဝိတ်စွယ်လိုကျေးရွာလေး တစ်ရွာအဖို့ တစ်မဟုတ်ချင်းဆိုသလို တောမီးသဖွယ် ပျံ့နှံ့သွားခဲ့လေ၏။

'ဟုတ်မှ ဟုတ်ပ့ါမလားဟယ်၊ ကြားမယ့်သာကြားရ နားဝမှာ ယုံနိုင်စရာတောင် မရှိဘူး'

'ဟုတ်လို့ပဲ မောင်မောင်လှကို ရဲကဖမ်းပြီး မြို့ကိုခေါ်သွားပြီ၊ ခုဆို အချုပ်ခန်းထဲမှာ ကြမ်းပိုးစာဖြစ်နေရောပေါ့'

'သနားစရာပါအေ၊ ဒီကောင်လေးကြည့်ရတာ ရိုးပုံရိုးပန်းနဲ့ ပါ'

'အိုအေ… လူရိုးဆိုတာ သချိုင်းကုန်းမှာပဲ ရှိတဲ့ဥစ္စာ'

'အမှုက ဘယ်လိုနေမလဲ မပြောတတ်ဘူး၊ ဒီသတင်းကြား တတည်းက ဦးစိန်လင်းကြီးဆိုတာ ဆံတစ်ပင်တင်း ချစ်ခြင်းမယား ညည်းစားလူလု ရွှေဥကြမ်းညပ်သလိုဖြစ်ပြီး ကြိတ်မနိုင်ခဲမရနဲ့ လူယုံ သတ်လေခြင်းလို့ ညည်းတွားရင်း မောင်မောင်လှကို ထောင်မကျ ကျအောင် လုပ်ပစ်မတဲ့'

သည်လောက်ဆိုလျှင်ဖြင့် မောင်မောင်လှ ကြုံတွေ့ရင်ဆိုင်နေ ရသော အမှုကိစ္စဆိုသည် ဘာများဖြစ်လိမ့်မည်ထင်ပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com


အမှုကား… မုဒိန်းကျင့်ရန် ကြံစည်မှုပါတဲ့။

အမှုပေါင်းများစွာရှိသည့်အနက် နိုင်ငံတော်ပုန်ကန်မှုပြီးလျှင် လူသတ်မှုတို့ မုဒိန်းမှုတို့ဆိုသည်မှာ ရာဇဝတ်မှုကြီးများအဖြစ် ထိပ်ဆုံး၌ ပါဝင်နေပေသည်။

'ဘယ်လိုဖြစ်ရတာတဲ့လဲဟယ်'

'ဘယ်လိုဖြစ်ရမှာတဲ့တုံး၊ အဘိုးကြီးမရှိတုန်း အခန်းတံခါးပိတ်လို့ ချိုရီ့ကို မောင်မောင်လှက မတော်မတရား ကြံစည်တာတဲ့တော်'

'ဟယ်… ရုပ်ကလေး သနားကမားနဲ့၊ စိတ်ဓာတ်က အတော့်ကို ယုတ်ညံ့လိုက်တာ'

'ဒါတော့ဟယ်၊ သူ့တရားကို သူစီရင်လိမ့်ပေမပေါ့'

ပိတ်စွယ်ကျေးရွာတစ်ရွာလုံးမှာတော့ မောင်မောင်လှတစ်ယောက် သူ့အလုပ်ရှင် ဦးစိန်လင်း၏ မယားချောကလေးဖြစ်သူ မချိုရီအား မတော်မတရား ပြုရန်ကြံစည်သည်ဆိုသော သတင်းသည် ရွာသူရွာသားအပေါင်း၏ ပါးစပ်ဖျား၌ မြိန်ရေယှက်ရေ သတင်းတစ်ပုဒ်ဖြစ်နေလေတော့သည်။

'သည်အမှုကိစ္စမှာ တရားလိုက သက်သေခံအင်္ကျီကို သက်ဆိုင်ရာရုံးတော် တင်ပြထားတယ်တဲ့၊ အပေါ်အင်္ကျီမှာ ရွှံ့တွေပေနေတဲ့ မောင်မောင်လှရဲ့လက်ရာက အထင်အရှားကြီးတဲ့'

'ဘယ်လိုဖြစ်ရတာတဲ့တုန်း'

'ဘယ်လိုဖြစ်ရမှာတဲ့လဲ၊ အိမ်မှာ အဘိုးကြီးအလစ် ချိုရီ့ကို မတရားကြံဖို့ ချိုရီလှဲနေတဲ့ အခန်းထဲကိုဝင်သတဲ့၊ ချိုရီက အခန်းထဲက ထွက်ပြေးမယ်အလုပ် တံခါးဝကို ချက်ချင်းလိုက်ပြီး တံခါးမှာကပ်ပြီး ရပ်နေသတဲ့၊ ပြီးတော့ သူ့ရှေ့ရောက်လာတဲ့ ချိုရီ့ကို တအားဆွဲပြီး ရင်ဘတ်နေရာကို လက်နှစ်ဖက်နဲ့ ကိုင်သတဲ့'


www.burmeseclassic.com

www.burmeseclassic.com


'မောင်မောင်လှက စပါးခွဲမီးဖိုလုပ်ဖို့ရာ ရွှံ့နဲ့နောက်ချေးနဲ့နယ်ပြီး လှုအလစ် အိမ်ပေါ်တက် အခန်းထဲဝင်တာဆိုတော့ မပြေးသော်လည်း ကန်ရာရှိဆိုသလို မကိုင်သော်လည်း လက်ရာက ထင်ထင်ရှားရှား ရှိနေလေတော့ ဒီအမှုက ဘယ်လိုမှကို လွတ်နိုင်မယ် မထင်ဘူး'

ရွာသူရွာသားအပေါင်း၏ ထင်မြင်ယူဆချက် ကောက်ချက်များအနေဖြင့်မူ မောင်မောင်လှအဖို့ ကာယကံမြောက် ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည်မှာ သေချာနေပေပြီ။ သေချာပြီဆိုမှတော့ မောင်မောင်လှအဖို့ ပြစ်ဒဏ်ကျခံဖို့ ကျိန်းသေနေလေပြီကော။

မိဘနှစ်ပါးဖြစ်သော ဦးရွှေသာနှင့် မထွားအိတို့အဖို့သားသမီးသုံးဦးအနက်မှ မိဘကျေးဇူး အထူးသိတတ်၍ မိဘအပေါ် လုပ်ကျွေးလျက်ရှိသည့် သားလိမ္မာ မောင်မောင်လှတစ်ယောက် ယခုလိုမျိုး လူတကာ၏တံတွေးခွက်၌ ပက်လက်ကလေး မျောလေမည့်အရေးအတွက် စိတ်မသက်သာအောင် ဖြစ်နေရလေတော့၏။ သည့်အတွက် မြို့တက်ကာ ရဲစခန်းသို့သွားပြီး သတင်းကိစ္စကို စုံစမ်းရလေ၏။ စခန်းမှူးကြီးကလည်း သဘောကောင်းစွာဖြင့် တွေ့ခွင့်ပေးပါ၏။

'ပိန်ကျသွားလိုက်တာ သားရယ်'

အနေဆင်းရဲ အစားဆင်းရဲရုံမက စိတ်ဓာတ်ပါ ကျဆင်းရလေတော့ ပိန်ကျသွားသည်မှာ မဆန်း။

'အမေ သားဟာ လူကသာ ဆင်းရဲချင် ဆင်းရဲမယ်၊ စိတ်ဓာတ်မနိမ့်ကျပါဘူး အမေရယ်၊ ခုကိစ္စမှာ ကျွန်တော် လူယုတ်မာမဟုတ်တာ ဘယ်သူတွေ သိသိ မသိသိ ကျွန်တော့်ကိုယ်စောင့်နတ်ကတော့ သိပါတယ် အမေ'

'အမေ ယုံပါတယ် သားရယ်၊ ဒါပေမဲ့ ရွာထဲမှာ ပြောနေဆို


www.burmeseclassic.com

www.burmeseclassic.com



နေကြတဲ့ သတင်းတွေကတော့ဖြင့် တကယ့်ကို သက်သေသက္ကာရ အခိုင်အမာနဲ့ ဆိုတော့ အမေတို့မှာ ရင်ထိတ်ရတာပေါ့ သားရယ်'

သားအမိနှစ်ယောက် ဝမ်းနည်းပက်လက်ဖြစ်နေချိန်ဝယ် ဦးရွှေညာသည် တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးဆရင်း…

'ငါ့သားရဲ့ ကိုယ်ကျင့်တရားကို အဖေလည်း ယုံတယ်၊ လောကမှာ တရားကိုနတ်စောင့်ပါတယ်၊ အဖေတို့က တစ်သက်လုံး ရိုးပြင်ကန္တာနဲ့ ကင်းကင်းရှင်းရှင်းနေခဲ့လေတော့ ဥပဒေပညာရှေ့နေ ရှေ့ရပ်ပညာတွေကို ဘာမှမတတ်ဘူး၊ ဒါပေမဲ့ လက်ဖက်ထုပ်တော့ တတ်ရမှာပေါ့ သားရယ်၊ မနေ့က ရွာကိုရောက်လာတဲ့ အဖေ့မိတ်ဆွေ ဗေဒင်ဆရာ ဆရာပွကလ သားရဲ့ဇာတာကို တွက်ချက်ကြည့်ပြီး စနေ သက်ရောက်ဝင်ပြီး စနေဂြိုဟ်စီးလို့ အချုပ်အနှောင်ခံရတာတဲ့၊ ဒါပေမဲ့ ထောင်တန်းကျဖို့မရှိပါဘူးတဲ့၊ အဲဒီအတွက်လည်း လိုအပ်တဲ့ ယတြာ တွေ ချေထားတယ်၊ ဒါလည်း လုပ်သင့်လုပ်ထိုက်လို့လုပ်တာပါ'

'တစ်ဖက်က အဲသလို ကံကြမ္မာ လမ်းကြောင်းပြောင်းသွားအောင် လုပ်သလိုပဲ၊ ဥပဒေရေးရာနဲ့ ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်တာကိုလည်း လုပ်ရဦးမှာပဲ၊ အဖေ့မိတ်ဆွေ ဆရာပွက ဘာမှ မပူနဲ့၊ သူနဲ့အင်မတန်ရင်းနှီးတဲ့ ရှေ့နေတစ်ယောက်ရှိတယ်တဲ့၊ ငါ့သား ခုဖြစ်တဲ့ အမှုကိစ္စမျိုးဆို အင်မတန်မှ အမှုလိုက်ကျွမ်းတယ်ဆိုပဲ၊ သူ လိုက်ခဲ့တဲ့ အခုလို အမှုမျိုးမှန်သမျှ ကိုယ့်ဘက်ကသာ မှန်ပလေ့စေ အားလုံးကွင်းလုံးကျွတ်ခဲ့တာချည်းပဲတဲ့'

'အဲဒီရှေ့နေဆိုတာ စာတွေဘာတွေလည်း ရေးတယ်ဆိုပဲ၊ နိုင်ငံကျော် အထက်တန်းရှေ့နေကြီး ဦးနက်မှောင်တဲ့၊ အဖေတို့ သားရဲ့ အမှုအတွက် အဲဒီဆရာပွရဲ့ မိတ်ဆွေရှေ့နေကြီး ဦးနက်မှောင်ကို ငှားမယ်သား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ငါသား ဘာမှအားမငယ်နဲ့၊ လူဆိုတာ စားစရာ မရှိချင်သာနေရမယ်၊ လျော်စရာတော့ ရှိရတယ် သားရဲ့၊ အမေတို့ ဘယ်လောက်ကုန်ကုန် သားအတွက် မဖြစ်မနေကို ကြိုးစားမယ် သား'

မိဘတို့၏ မေတ္တာကား လွန်စွာမှ ကြီးမားလှပါဘိ။

အမှန်တကယ်လည်း သားသမီးတို့အရေးကိစ္စ ကြုံလာပါက ရှေ့မှ မားမားမတ်မတ် ရပ်တည်ပေးသူမှာ မိဘတွေသာဖြစ်၏။

ဆရာပွ ဆက်သွယ်ပေးသော အထက်တန်းရှေ့နေကြီး ဦးနက် မှောင်ကား ဥပဒေပညာရပ်နှင့် ပတ်သက်၍ ထုံးလိုချေ ရေလိုနှောက် နိုင်စွမ်းရှိသူဖြစ်သည်။ အမှုသည်အပေါ်တွင်လည်း စာနာထောက်ထား ကာ၊ သူတတ်ကျွမ်းသော ဥပဒေပညာဖြင့် အမှန်တရားကို ဖော်ထုတ် တတ်သူဖြစ်သည်မို့ အမှုအပ်သူတွေမှာ မနည်းမနော။ သည့်အတွက် လွယ်ကူသော သာမန်အမှုသေးအဖွဲ့လောက်ဆိုရင် တပည့်တပန်းရှေ့နေ များကို ခွဲဝေပေးပြီး ခက်ခဲနက်နဲသော ပြစ်မှုကြီးများဆိုလျှင်တော့ သူကိုယ်တိုင် ဦးစီးဦးဆောင်ပြုကာ အမှုလိုက်လေ့ရှိစမြဲ။

ခုလည်း မောင်မောင်လျှ၏ အမှုက ဥပဒေပညာရပ်ဖြင့် ပိုင်ပိုင်နိုင်နိုင်ချေဖျက်ခြင်းမပြုနိုင်လျှင် တရားခံအတွက် နစ်နာစရာတွေ ချည်းသာ။

'ထောင်ကျမည်။

ထောင်မှလွတ်လျှင်လည်း လူမှုပတ်ဝန်းကျင်က ဆေးဖော် ကြောဖက်မလုပ်ဘဲ ရှောင်ကြဉ်ခြင်းခံရမည့် အနေအထား။

အမှုလက်ခံလိုက်ပြီဆိုသည်နှင့် တရားခံအဖြစ် စွပ်စွဲခံရသူနှင့် တွေ့ဆုံပြီး မှားတာပဲလုပ်လုပ် မှန်တာပဲလုပ်လုပ် ကာယကံရှင်ထံမှ ဖြစ်ရပ်မှန်ကို သိအောင် ကြိုးစားတတ်စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း… မောင်မောင်လှ၊ ဆရာဟာ မင်းရဲ့ အမှုကို လိုက်ပါဆောင်ရွက်မယ့် ရှေ့နေ ဦးနက်မှောင်ဆိုတာပဲ၊ ဒီတော့ အခု မင်းရင်ဆိုင်နေရတဲ့ အမှုနဲ့ပတ်သက်လို့ တကယ့်ဖြစ်ရပ်မှန်ကို ဆရာ သိထားဖို့လိုလိမ့်မယ်၊ အမှန်ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းသာ ပြောကွာ၊ ဒါမှ ဆရာ့ဘက်က ဘာတွေဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားဆုံးဖြတ်ခွင့်ရမှာ'

'ဟုတ်ကဲ့ ဆရာ၊ ဆရာ့ကို ကျေးဇူးအများကြီးတင်ပါတယ်၊ ဘားလည်းကိုးပါတယ်'

'ကျွဲတော်ဟာ မချိုရီကို ကိုယ်ထိလက်ရောက် စော်ကားဖို့မပြောနဲ့ စိတ်နဲ့တောင် မပြစ်မှားခဲ့ပါဘူး ဆရာ၊ မချိုရီရဲ့ခင်ပွန်း ဆရာကြီးဦးစိန်လင်းဆိုတာ ကျွန်တော့်ရဲ့ အလုပ်ရှင်ပါ၊ ကျေးဇူးရှင်ပါ၊ ကိုယ့်အလုပ်ရှင် ကိုယ့်ကျေးဇူးရှင်ရဲ့ ဇနီးမယားဖြစ်တာမို့လို့လည်း ပိုပြီးတော့တောင် သစ္စာစောင့်သိရပါသေးတယ် ဆရာ'

'ဟုတ်ပြီ၊ မင်းနဲ့မချိုရီ ပြီးတော့ မချိုရီနဲ့ သူ့ခင်ပွန်းရဲ့ အသက်အရွယ် အကွာအဟာကိုလည်း ပြောပါဦး'

'ဟုတ်ကဲ့ ဆရာ၊ မချိုရီနဲ့ ကျွန်တော်က အသက်မတိမ်းမယိမ်းပါ၊ ဒါပေမဲ့ သူက ပိုက်ဆံရှိ ယောကျ်ားရထားတာတော့ အလုပ်သမားဖြစ်တဲ့ ကျွန်တော့်အပေါ် အထက်စီးက ဆက်ဆံချင်တဲ့သဘောရှိတယ်၊ အဲသည်အတွက်လည်း ကျွန်တော့်စိတ်ထဲ ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်တော့်အလုပ်ရှင် ဆရာကြီးဦးစိန်လင်းရဲ့ အသက်နဲ့ မချိုရီအသက်ဟာ လေးဆယ်လောက်ကွာပါတယ် ဆရာ'

သည်ကတည်းက အမှုသွား အပမှုလာ အနေအထားကို သုံးသပ်၍ ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ ရက်ကြောက်စရာမလိုဘူး မောင်မောင်လှ၊ မင်းကို မချိုရီက မြူဆွယ်တာမျိုးတွေရှိသလား'

'မြူတယ် မမြူတယ်ဆိုတာကို ကျွန်တော် မပြောတတ်ဘူး ဆရာ၊ အဘိုးကြီး အပြင်သွားတဲ့အခါမျိုးမှာ မချိုရီက ကျွန်တော့်ကို သူ့အနားထိုင်ခိုင်းတာမျိုး၊ သူ့ခါးကို ကျွန်တော့်လက်နဲ့ တိုင်းခိုင်းတာမျိုးတွေရှိခဲ့ပါတယ် ဆရာ၊ ကျွန်တော့်စိတ်ထဲတော့ ဘယ်လိုမှမနေပါဘူး၊ သူနဲ့ထိပ်တိုက်ရင်မဆိုင်မိအောင် ကျွန်တော် အမြဲရှောင်ပါတယ်'

'အဲ··· အခုဖြစ်တဲ့ ကိစ္စကတော့ အဲသည်နေ့ မနက်ခင်းမှာ သူတို့အိမ် မီးဖိုချောင်မှာ အသုံးပြုရအောင် စပါးခွံမီးဖိုကို ကျွန်တော် လုပ်နေပါတယ်၊ မီးဖိုလုပ်ဖို့အတွက် ကန့်စပ်ကရွှံ့တွေနှူးပြီး နွားချေး အစိုနဲ့ သမအောင် ရောနယ်တာပေါ့ ဆရာရယ်'

'အဲဒီအချိန်မှာ အဘိုးကြီးဟာ စပါးပွဲစားတစ်ယောက်နဲ့စကား ပြောဖို့ ထွက်သွားတယ်၊ အိမ်မှာ မရှိဘူး၊ အဲသည်လို အနေအထားမှာ မချိုရီ ကျွန်တော် ရွှံ့နယ်နေတဲ့ဆီ ရောက်လာတယ်'

မောင်မောင်လှက ထိုနေ့၌ ကြုံတွေ့ဖြစ်ပွားခဲ့ရသော မြင်ကွင်းကလေးကို ပြန်လည်ပြောပြနေသည်။

'ဟဲ့··· မောင်မောင်လှ၊ မီးဖိုလုပ်နေတာ မပြီးသေးဘူးလား'

'ဘယ်ပြီးဦးမှာလဲ မချိုရီရယ်၊ နောက်ချေးစိမ်းနဲ့ ရွှံ့တို့ကို သမအောင် နယ်နိုင်ပါမှ အင်္ဂတေလိုမာတောင့်ပြီး မကွဲမှာ'

အပေါ်ပိုင်း ဗလာကျင်းလျက် ရွှံ့နယ်နေသော မောင်မောင်လှ၏ ပခုံးလက်ပြင်အကြောအခြင်တွေက ကျန်းမာသော သန်စွမ်းသော ယောကျာ်းပီသသော သရုပ်သကန်ကို လှစ်ပြသလိုရှိ၏။ သည်အနေ အထားကို ကြည့်၍ မချိုရီ မရိုးမရွဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို တစ်ခုလောက် ကူစမ်းပါဟာ'

'ဘာကူရမှာလဲ'

'ငါ့ခုတင်အောက်က သေတ္တာကြီးကို ရွှေ့ချင်လို့၊ ငါ့အားနဲ့ ရမှာမဟုတ်ဘူး၊ ဗလတောင့်တောင့် အားကောင်းမောင်းသန်တဲ့ နင်နဲ့မှ ဖြစ်မှာ'

'ရတယ်လေ၊ ရတယ်၊ သွားနှင့်၊ ကျုပ် ခုပဲလိုက်လာခဲ့မယ်၊ လက်ကို ရေဆေးလိုက်ဦးမယ်'

'ဆေးမနေပါနဲ့ဟာ၊ ပေလည်း အကြောင်းမဟုတ်ပါဘူး၊ ခြောက်တော့ ကွာကျသွားမှာပါ'

ပြောပြောဆိုဆိုနှင့် မချိုရီ အိမ်ပေါ်တက်သွားလေသည်။

သူမ၏ အိပ်ခန်းသို့ရောက်လေသော် အပေါ်အင်္ကျီချွတ်ပြီး ဘော်လီကြိုးကို ဖြုတ်လိုက်သည်။ ပြီးတော့ အောက်ခံဘော်လီမပါဘဲ ဘလောက်စ်အင်္ကျီကိုသာ ဝတ်လေရာ အခုအခံမရှိသဖြင့် စနေနှစ်ခိုင် ပန်းငုံဖူးတို့က ရုန်းထွက်တော့မယောင်။

ထိုစဉ်မှာပင် မောင်မောင်လှ ရောက်လာသည်။

'ကိုင်း… သေတ္တာ ဘယ်မလဲ၊ ကျုပ် ဆွဲထုတ်ပေးမယ်'

'နေပါဦးဟယ်၊ ထိုင်စမ်းပါဦး၊ တကတည်း သူ့ခေါင်းထဲမှာ အလုပ်ချည်းပဲ'

'မီးဖိုလုပ်တာ မပြီးသေးဘူးဗျ'

'မပြီးလည်း ဘာအရေးလဲ၊ ဒါ့ထက် ငါ့ကို သေသေချာချာ ကြည့်စမ်း၊ မလှဘူးလားဟင် မောင်မောင်လှ'

'လှမလှတော့ ကျုပ်လည်း ဘာကိုကြည့်ပြီးမှ မပြောတတ်ဘူး၊ ဆရာတော်ဦးစန္ဒိမာကတော့ လူသတ္တဝါတွေအားလုံးဟာ အပုပ်ကောင် ရုပ်ဆောင်နေကြတာချည်းပဲတဲ့ဗျ'



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ရာတခြား ရှရာတခြားဖြစ်သွားလေသည့်အတွက် မချိုရီ မျက်နှာ မဲ့သွားရသည်။ သို့သော် ကိစ္စမရှိ။ နှုတ်ဖြင့်စ၍ မရသော်လည်း အထိအတွေ့နှင့်ဆို ဘာခံနိုင်မှာတဲ့နည်း။

သည့်အတွက် ရွှံ့နှစ်နောက်ချေးနှစ်များ ပေကျံနေသော မောင်မောင်လှ၏ လက်ဖဝါးများကို သူ့လက်နှင့်ဆွဲကိုင်လိုက်သည်။

'အို… ပေကုန်ပြီ၊ ဘယ်နှယ်လုပ်တာလဲဗျာ'

'ပေ… ပေဟယ်၊ နင့်လက်ကို ကိုင်ကြည့်ချင်လို့ ကိုင်တာ၊ ဟဲ့… ဒီမှာ ငါ့ကိုကြည့်စမ်း'

အမိန့်သံကြောင့် ရုတ်တရက် ကြောင်အမ်းအမ်းဖြင့် မချိုရီ၏ မျက်နှာကို ကြည့်လိုက်သည်။ မချိုရီ၏မျက်လုံးတွေက အရောင်တွေ တောက်လျှက်ရှိ၏။ အခိုးတွေ ဝေလျှက်ရှိ၏။

'နင် ငါ့ကိုချစ်ပါလား မောင်မောင်လှရယ်၊ ငါလေ နင့်ကို ချစ်တယ်၊ ဒီမှာ ဘယ်သူမှလည်း ရှိတာမဟုတ်ဘူး၊ ဘယ်သူမှလည်း သိမှာ မဟုတ်ပါဘူးဟာ၊ နင်သာ ငါ့ကိုချစ်ရင် ငါ့ဆန္ဒကိုလိုက်လျော ခဲ့ရင် နင့်ကို ငါ ငွေကြေးတွေ ပုံ့ပိုးပေးနိုင်ပါတယ်ဟာ'

သည်သို့ပြောရင်း မောင်မောင်လှ၏ရင်ခွင်ထဲကို တိုးဝင်ဖို့ ကြိုးစားသည်။

'ဟာ… မဟုတ်တာ၊ မသင့်တော်ပါဘူးဗျာ'

'ဘာမသင့်တော်တာလဲ၊ နင်ဟာလေ တော်တော်အ၊ တော်တော်တုံးတာပဲ၊ ငါဟာ မစားကောင်းတဲ့အသီးလား၊ နင် ငါ့ကိုချစ်လား မချစ်ဘူးလား ပြော'

'ဟာ…ဒီလိုမလုပ်နဲ့လေ၊ ခင်ဗျားမှာ ကာမပိုင်လင်ယောကျ်ား ရှိပါတယ်၊ ဒု-သ-န-သောကို မကြောက်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'အို… ဘာလို့ကြောက်ရမှာလဲ၊ နင် ငါ့အလိုမလိုက်ဘူးဆိုရင် နင် ထောင်ထဲရောက်အောင် ငါ လုပ်ပစ်မှာနော်'

'ရောက်ချင်လည်း ရောက်ပါလေ့စေဗျာ၊ ဘုရားမကြိုက် နတ်မကြိုက်တဲ့အလုပ်ကို မလုပ်ချင်ဘူး'

'ဒီလောက်တောင် ခေါင်းမာလှတာ ငါ့ကို အရှက်ရအောင် လုပ်တဲ့ကောင် သိကြရောပေါ့ဟာ'

ပြောရင်းဆိုရင်းမှပင် မချိုရီသည် ရွှံ့နောက်ချေးများပေနေသော သူမ၏လက်ဝါးနှစ်ဖက်အား ဘလောက်အင်္ကျီအတွင်း ရှန်းကြွနေသော အသားဆိုင်နှစ်ခုအပေါ် ဖိကပ်လိုက်သည်။ ပြီးတော့…

'လာကြပါဦး၊ လာကြပါဦး၊ ဟောဒီမှာ ကျွန်မကို မောင်မောင်လှ စော်ကားဖို့လုပ်နေပါတယ်'

ဟူ၍ အသံပြဲကြီးဖြင့် အော်ဟစ်လေရာ မောင်မောင်လှလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ ဝုန်းခနဲ အိမ်ပေါ်မှ ခုန်ဆင်းပြေးလေတော့၏။ သို့ရာတွင် မောင်မောင်လှ မလွတ်တော့ပါ။

အခန်းထဲတွင်ကား မချိုရီခမျာ ငိုရှိုက်နေလေ၏။ သူမ၏ အင်္ကျီရင်ဘတ်တွင်ကား လက်ဝါးရာနှစ်ခုက အထင်အရှား။

သည်အချက်ကပင် မပြေးသော်ကန်ရာရှိ မကိုင်သော် လက်ရာရှိအဖြစ်ကို ရောက်ခဲ့လေသည့်သမယ မောင်မောင်လှတစ်ယောက် အချုပ်ခန်း၌ စံမြန်းရခြင်းဖြစ်ပါသည်။

'မောင်မောင်လှရေ… မင်းပြောတာတွေကို ဘယ်သူဘယ်ဝါတွေ ယုံချင်ယုံ၊ မယုံချင်မယုံနိုင်ကြပေမဲ့ ဆရာကတော့ ယုံတယ်'

'လောကမှာ အသက်တစ်ရာမနေရ အမှုတစ်ရာကြုံရဆိုသလိုပဲ အမှုအခင်းဆိုတာကလည်း ကိုယ်ကမဖိတ်ခေါ်ပါဘဲနဲ့ လာပြီးနွယ်တတ်တာမျိုးကွယ့်၊ ဖြစ်လာတော့လည်း ရှင်းရတာပေါ့ကွယ်'



www.burmeseclassic.com

www.burmeseclassic.com


'မင်းကိစ္စ မကြာခင်ပြီးပြတ်သွားမှာပါ၊ အမှန်တရားကို သမ္မာဒေဝ နတ်မြတ်နတ်ကောင်းတွေက စောင့်ရှောက်ပါတယ်၊ အခိုက်အတန့် ကာလကလေးမှာ ကျန်းမာရေးကိုဂရုစိုက်ပါ၊ ဆရာတတ်ကျွမ်းတဲ့ ဥပဒေပညာနဲ့ မင်းခံစားနေရတဲ့ ဒုက္ခတွေကို ဖယ်ရှားပေးနိုင်ပါလိမ့်မယ်၊ ရုံးထုတ်ပြီး စစ်တဲ့နေ့ကျရင် ဆရာ့ဘက်က ထုချေလျှောထားဖို့ရာအတွက် ပြင်သင့်တာတွေ ပြင်ဖို့ရာ သွားပြီကွာ'

'ဟုတ်ကဲ့' ကျေးဇူးတင်ပါတယ် ဆရာ'

မှောင်မောင်လှလည်း ရှေ့နေကြီး ဦးနက်မောင်အား ရိုသေဂါရဝတရားဖြင့် ပုဆစ်တုပ်ကာ ဦးနှိပ်ရှိခိုးလိုက်ချေ၏။

၀


www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်လှတစ်ယောက် မြို့နယ်တရားရုံးမှ ပြစ်ချက်မရှိ ကွင်းလုံးကျွတ် လွတ်လာပြီဆိုသည့်သတင်းကလည်း ပိတ်စွဖြာတစ်ရွာလုံးကို လွှမ်းဖုံးလို့သွားပြန်သည်။

'တောက်··· တော်တော့်ကို တော်တဲ့ရှေ့နေကြီးဦးနက်မှောင်ပဲကွာ၊ သူ တရားသူကြီးကို လျှောက်လဲချက်ပေးတာများ တစ်ဖက်သား ဘယ်လိုမှ ချေပလို့မရအောင် တကယ့်ကို ယုတ္တိအပြည့်ပဲ'

အမှုစစ်ရာ၌ လိုက်ပါနားထောင်သော ရာအိမ်မှူး ဦးညွန့်တင်က တရားရုံးအတွေ့အကြုံများကို ရွာသူရွာသားများအား ဖောက်သည်ချနေသည်။

'လုပ်စမ်းပါဦးကွာ၊ ဘယ်လိုများ လျှောက်လဲချက်ပေးသလဲဆိုတာ၊ ငါတို့ကတော့ မောင်မောင်လှတစ်ယောက် အနည်းဆုံးလေးငါးနှစ်မက ကျမှာပဲလို့ တွက်နေတာ'

'ဒါကတော့ အပေါ်ယံအထင်နဲ့ အမြင်လေ၊ ဥပဒေအမြင်နဲ့ ကြည့်တော့ မှားတယ်ထင်နေတာဟာ မှန်ပြီး မှန်တယ်ထင်နေတာတွေဟာ မှားသွားတတ်တယ် မဟုတ်လား'

တရားခွင်၌ တရားခံ၏ ရှေ့နေကြီး ဦးနက်မှောင်လျှောက်လဲပုံက တကယ့်ကို ပညာသားပါလှပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



'လေးစားရပါတဲ့ ပညာရှိတရားသူကြီးမင်းခင်ဗျာ… တရားခွင်မှာရှိနေတဲ့ ကျွန်တော့်အမှုသည် မောင်မောင်လှဟာ ကျေးရွာမှာ ဘာပြစ်ချက်မှမရှိတဲ့ လူရိုးလူကောင်းလေးတစ်ဦး၊ မိဘကိုလုပ်ကျွေးနေတဲ့ သားကောင်းလေးဖြစ်ပါတယ်'

'ခုဖြစ်ပွားခဲ့တဲ့အမှုကို သေချာစွာ သုံးသပ်တင်ပြရမယ်ဆိုရင် တရားလို မချိုရီကို စစ်ဆေးစဉ်က အိမ်မှာ လင်ယောကျ်ားဖြစ်သူမရှိတုန်း အိပ်ရာခုတင်ပေါ်လှဲနေတဲ့ မချိုရီရဲ့အခန်းထဲကို ကျွန်တော့်အမှုသည် မောင်မောင်လှဟာ မတရားကြံဖို့ ဝင်လာပါသတဲ့၊ သည့်အတွက် မချိုရီ ထွက်ပြေးမယ်လုပ်တော့ အခန်းတံခါးဝကို ချက်ချပြီး တံခါးမှာ မောင်မောင်လှဟာ ကပ်နေပါတယ်တဲ့၊ ပြီးတော့ သူ့ရှေ့ရောက်လာတဲ့ မချိုရီရဲ့ရင်ဘတ်ကို ရှေ့တည့်တည့်ကနေ ကိုင်ပါသတဲ့၊ ရွံ့နှောက်ချေးတွေပေတဲ့လက်နဲ့ ကိုင်တွယ်ကာမို့လည်း လက်ရာတွေ တင်ကျန်ရစ်ခဲ့ပါတယ်၊ တရားလိုကလည်း အဲသည်အချက်ကို အဓိကထားလို့ သက်သေခံအင်္ကျီကို ရုံးတော်မှာထင်ပြထားပါတယ်'

'ပညာရှိ တရားသူကြီးမင်းအနေနဲ့ စဉ်းစားကြည့်စေချင်ပါတယ်ခင်ဗျာ… တရားလိုရဲ့စကားအရ တရားခံဟာ တရားလိုကို အနောက်ဘက်ကနေ ရင်ဘတ်ကို ကိုင်ခဲ့တာ မဟုတ်ဘဲ ရှေ့ကနေ ကိုင်ခဲ့တာလို့ ဆိုပါတယ်'

'ဒီအချက်ဟာ အင်မတန် အရေးကြီးတဲ့အချက်ပါ၊ ရုံးတော်မှာရှိနေတဲ့ သက်သေခံအင်္ကျီကို ကြည့်စေချင်ပါတယ်၊ တကယ်လို့သာ တရားခံဟာ တရားလိုရဲ့ရင်ဘတ်ကို ရှေ့ကကိုင်ပါတယ်ဆိုရင် လက်ဆယ်ချောင်းရှိတဲ့အချက် လက်မနှစ်ချောင်းဟာ အလယ်မှာရှိနေရပြီး လက်သန်းနှစ်ချောင်းကတော့ အစွန်းတစ်ဖက်တစ်ချက်စီမှာ ရှိနေရပါမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခု ရုံးတော်မှာ တင်ပြထားတဲ့ အင်္ကျီပေါ်က လက်ရာတွေကို ကြည့်လိုက်တဲ့အခါ လက်သန်းနှစ်ချောင်းကအလယ်မှာရှိနေပြီး လက်မနှစ်ချောင်းကတော့ အစွန်းတစ်ဖက်စီမှာ ရှိနေတဲ့အတွက် တရားလိုရဲ့ စွပ်စွဲချက်ဟာ မှားယွင်းနေပါပြီ'

'တကယ်တော့ ကျွန်တော့်အမှုသည်ကို အမှုဆင်လိုတဲ့အတွက် တရားလိုကိုယ်တိုင် သူ့ဘာသာသူ သူ့ရင်ဘတ်ကိုကိုင်ခဲ့ခြင်းဖြစ်ပါတယ်၊ တရားလိုရဲ့လက်ချောင်းအရွယ်အစားနဲ့ တရားခံရဲ့လက်ချောင်းအရွယ်အစားဟာလည်း ကွားခြားမှုရှိတာ တွေ့ရပါလိမ့်မယ်'

'ဒါကြောင့်မို့လို့ ဥပဒေကြောင်းအရ ကျွန်တော့်အမှုသည် မောင်မောင်လှဟာ လူမှုရေးသိက္ခာစောင့်စည်းမှုအပေါ် အပြီးနဲ့တုံ့ပြန်လက်စားချေခြင်းခံရသူသာ ဖြစ်ပါတယ်၊ ပြစ်မှုကျူးလွန်ခြင်းမရှိတဲ့အတွက် အမှုမှတရားသေ လွှတ်ပေးပါရန် လေးစားစွာ လျှောက်ထားတင်ပြအပ်ပါတယ် ခင်ဗျာ'

အပြီးသတ်လျှောက်လဲချက်အပြီးမှာတော့ တစ်ဖက်အမှုသည်တွေမှာ တုတ်တုတ်မျှ မလှုပ်နိုင်တော့။

မောင်မောင်လှလည်း အမှုမှ ကင်းလွတ်ပြီဆိုသည်နှင့် ရွာပြန်ရောက်ပြီး ရက်ပိုင်းအတွင်းမှာပင် ဃရာဝါသကိစ္စမြားမြောင် လှတို့ဘောင်ကို ငြီးငွေ့လျက် ရွာဦးကျောင်းဆရာတော်ထံ၌ သင်္ကန်းစည်းလိုက်လေတော့၏။

'အင်း… တရားကို နတ်စောင့်တာ သိပ်မှန်တာပဲ၊ မောင်မောင်လှခမျာ အတိတ်ဝဋ်ကြွေးရှိလို့ အချုပ်အနှောင်ခံခဲ့ရတာ သနားစရာပဲ၊ ခုလည်း သံသရာမရှည်ချင်တော့လို့ အသရေဖျက်မှုပြန်ပြီး တရားစွဲချင်တောင် စွဲလို့ရလျက်သားနဲ့ မလုပ်ရှာပါဘူး'ပြုသူအသင်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သူအပေါင်းဆိုပြီး ကံကြမ္မာကို ယိုးမယ်ဖွဲ့မနေတော့ဘဲ သာသနာ့ဘောင်ထဲ ဝင်ရောက်သွားရှာပြီ၊ အင်း… သာခုခေါ် စရာကောင်းပါရဲ့၊ ရပ်ရွာရဲ့အကြည်ညိုခံ သံဃာတော်တစ်ပါး တိုးတာပေါ့လေ'

'ဒါထက် ချိုရီတို့ အခြေအနေကော'

'ချိုရီ့လင် အဘိုးကြီးက သည်ရွာမှာ နေရတာ ရှက်စရာကြီး၊ ပြီးတော့ မယားလေးကိုလည်း မကွာနိုင်တာမို့ ဆန်စက်နဲ့ အိမ်ခြံကို ထုခွဲလို့ မြို့ကိုပြောင်းနေမယ်လို့ သတင်းထွက်နေလေရဲ့ကွာ'

သြော်… လူ့ဘုံခန်းဝါ လူတို့ဌာနေမှာဖြင့် ဖြစ်ရပ်အဖုံဖုံ ဇာတ်လမ်းစုံတို့ ရှိနေကြမြဲပါတကား။

○

www.burmeseclassic.com

www.burmeseclassic.com

၉၉
ပထမတော့ တော်တော်ကြွပ်းတယ်ဗျို့
ဆဲလိုက် ဆိုလိုက် ရိုက်လိုက်
ကန်လိုက် ထုရိုက်လိုက်နဲ့
ဒါပေမဲ့
ယောက်ျားအားနဲ့ မိန်းမအားဆိုတာ
ဘယ်တူမှာတဲ့တုံး
နောက်ဆုံးတော့ . .



www.burmeseclassic.com

www.burmeseclassic.com

ဒီလုံးတို့ ပိတ်စွယ်ရွာကလေးမှာတော့ ဗိန္ဒောဆရာ ဦးအောင်ကြီးဆိုသည်က နာမည်တစ်လုံးနှင့်။ တစ်ရွာလုံးက ကျန်းမာရေးကိစ္စနှင့်ပတ်သက်လျှင် တကယ့်ကို အားကိုးအားထားပြုရသော ရပ်ကြည်ညိုရွာကြည်ညို ပုဂ္ဂုလ်ကြီးဆိုလျှင် မမှား။

ဓာတ်ဗိန္ဒောဖြင့် ဆေးကုသူသင်္ကသက်မဟုတ်။

ပယောဂ၊ အမှောင့်ပူးသည်များနှင့် ပတ်သက်၍လည်း ဦးအောင်ကြီးမှ ဦးအောင်ကြီးကိုသာ အားကိုးအားထားပြုကြရစမြဲ။ အသားညိုညို၊ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းမွေးကားကား၊ အထူးသဖြင့် ဆံပင်မွေးတစ်မွေးမျှ ငုတ်စိကလေးပင်ထွက်ခွင့်မပေးဘဲ ပြောင်တလင်းခါအောင် ရိတ်တုံးထားသော ခေါင်းပြောင်ပြောင်ကြီးက ဦးအောင်ကြီး၏ ထူးခြားသော ဥပမိရုပ်ကို ဖန်ဆင်းပေးလျက်ရှိ၏။

ဦးအောင်ကြီး၏ဇနီးသည် ဒေါ်လှရီကလည်း ဖြူဖြူဖွေးဖွေးရေဆင်းငါးကြီးအလား။ ခန့်ခန့်ထည်ထည်ကြီး။ သူတို့လင်မယားနှစ်ဦးမှာ သမီးကလေးတစ်ဦးထွန်းကား၏။ သားအမိသားအဖသုံးယောက်အိမ်ထောင်စုကား အိမ်ထောင်ဦးစီးဦးအောင်ကြီး၏ ဆေးကုသခငွေကြေးဖြင့်ပင် ဖူဖူလုံလုံရှိကြပါ၏။ သို့ပါသော်ငြား ဗိန္ဒောဆေးဆရာကတော်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှရီကား အခန့်သားမနေ။ သူမတတ်ကျွမ်းသော ကြိမ်ထိုးပညာဖြင့် ကုလားထိုင်ကြိမ်ထိုးကာ သမီးလေး၏အနာဂတ်အတွက် အပိုဝင်ငွေ ရှာဖွေ၏။

သည်တော့ ပိတ်စွယ်ကျေးရွာ၌ လူနေရာ ချောင်ချောင်လည်လည် အိမ်ထောင်စုကိုညွှန်ပါဟုဆိုလျှင် ဆရာဦးအောင်ကြီးတို့ အိမ်ထောင်စုကိုသာ ညွှန်ရမည်သာ ဖြစ်တော့၏။

တစ်ညနေခင်း…။

လူနာပင့်သူမရှိသဖြင့် အိမ်ရှေ့ကွပ်ပျစ်၌ ဆေးတစ်ဖိုဖော်နေစဉ် မောင်မောင်ပုနှင့် ဒီလုံးတို့နှစ်ယောက် အူလျားဖားလျားဆိုသလို ရောက်ချလာသည်။

'ဟော… မောင်ပုတို့ ဒီလုံးတို့ပါလား၊ ဘာများအရေးတကြီး ဖြစ်လာကြပါလိမ့်'

'အနောက်ဖျားက ဦးမောင်ဟန်ရဲ့မိန်းမ ဒေါ်ကြွက်ဖြူ တဝိုဝို တရယ်ရယ်ဖြစ်နေလို့ ဆရာကြီးရဲ့'

'ဟုတ်လား၊ အသားစိမ်း ငါးစိမ်းတွေ ကျွေးရမယ်၊ မကျွေးရင် တစ်အိမ်လုံးကို ဒုက္ခရောက်အောင် လုပ်ပြမယ်ဆိုပြီး ကြုံးဝါးပြီး ခုန်လိုခုန် ပေါက်လိုပေါက်နဲ့ တကယ့်ကို ကြောက်စရာကောင်းလောက်အောင် ပွဲကြမ်းနေတယ် ဆရာကြီးရဲ့၊ အဲဒါကြောင့် ကျွန်တော်နဲ့ မောင်ပုတို့ ဆရာကြီးကို ပြေးလာပြီးပင့်တာ'

'အေး… အေး… လိုက်ရတာပေါ့ကွာ၊ လိုက်ရတာပေါ့ နေဦး လိုအပ်တာလေးတွေ ယူလိုက်ဦးမယ်၊ ဟေ့… မလှရီရေ ဘုရားကျောင်းဆောင်မှာ ချိတ်ထားတဲ့ ငါ့ရဲ့သိမ်ဝင်ပုတီးလေးယူခဲ့ပါဟေ့'



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ လှမ်းအော်ပြောလိုက်တော့ ဆရာကတော် ဒေါ်လှရီက သိမ်ဝင်ပုတီးကုံးလေးအား ဖြုတ်ယူပြီး လာပေးသည်။

'အနောက်ပိုင်းက ကိုမောင်ဟန့်မိန်းမ မကြွက်ဖြူ စုန်းဝင်ပူးနေလို့တဲ့ကွ၊ အဲဒါ ဒီလုံးတို့နဲ့ ငါ လိုက်သွားဦးမယ်'

'အင်း… ဖြစ်မှဖြစ်ရလေရှင်၊ အင်း… ကိုမောင်ဟန်ကတော့ အေးအေးလူလူပါ၊ တစ်ရွာလုံးနဲ့လည်း သင့်သင့်တင့်တင့် ရှိပါတယ်၊ ကိုယ်မောင်ဟန်က အေးသလောက် သူ့မိန်းမ မကြွက်ဖြူကတော့ တစ်ရွာလုံးနဲ့ တစ်ယောက်လို့ ပြောရမလားပဲ'

'ဟုတ်တယ်၊ အဒေါ်မလှရီရဲ့၊ ဒေါ်ကြွက်ဖြူနဲ့ စကားမများဘူးတဲ့ ဈေးသည်ဆိုတာ ခပ်ရှားရှားပဲ၊ တစ်နေ့ ကုလားတန်းက အမဲပေါ်လို့ ပိတ်စွယ်ကိုဈေးလာရောင်းတဲ့ ကုလားနဲ့ စကားများရန်ဖြစ်တယ်တဲ့၊ အဲသည်ကုလားမရဲ့ယောကျ်ား မုတ္တူးဆာမိဆိုတာ ပညာရှင်ဆိုပဲ၊ အဲဒါ သူတို့လင်မယားက သူတို့တတ်တဲ့ပညာနဲ့ လုပ်လိုက်တာလားတော့ မပြောတတ်ဘူး'

'ဘာပဲဖြစ်ဖြစ် ဆရာနဲ့တွေ့ရင် ဝင်ပူးတဲ့စုံး ထွက်သွားရမှာပေါ့ ဒီလုံးရာ'

သုံးဦးသား ရွာအနောက်ပိုင်းသို့ ဦးတည်ထွက်လာခဲ့ကြသည်။ အချိန် နွားရိုင်းသွင်းချိန်ပင် လွန်ခဲ့ပေပြီ။

ကိုမောင်ဟန်တို့ အိမ်ရှေ့မှာတော့ ပွဲကြီးပွဲကောင်းကို ငံ့လင့်နေကြသည့် ရွာသူရွာသားအချို့တို့ အုံခဲနေကြသည်။

'ဟဲ့… မောင်ဟန်၊ ငါ့ကို ဘာမှတ်နေလဲ၊ ငါ့ကို နင့်မယား ကြွက်ဖြူလို့ထင်နေသလား၊ ဟင်း… ဟင်း… မဟုတ်ဘူး၊ ငုံးဝ ဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အခု ငါ့ကို သားစိမ်းငါးစိမ်းကျွေးစမ်း၊ မကျွေးလို့ကတော့ နင်တို့တစ်အိမ်လုံး ပြောင်းဆန်သွားမယ်၊ ငါ့ကို ဘာမှတ်သလဲ'

'ဒုန်း'

'ဒုန်း'

'ဒိုင်း'

'ဒိုင်း'

ဆံပင်ဖားလျားချလျက် မျက်ထောက်နီနီကြီးဖြင့် စူးစူးရဲရဲ ကြည့်ကာ ဒေါ်ကြွက်ဖြူသည် ခုန်ပေါက်နေတော့၏။

'ဟဲ့... ဟဲ့... ဒါက ဘာလုပ်တာလဲ'

ဆရာဦးအောင်ကြီးက ခပ်တည်တည်ဖြင့် အိမ်ပေါ်တက်ကာ ဘုရားကျောင်းဆောင်ရှေ့၌ ထိုင်လိုက်ရင်း ခပ်ထန်ထန် မေးလိုက်သည်။

'ဟား... ဟား... ဟား... ဟီး... ဟီး... ဟီး... ဘာလုပ်ရမှာတဲ့တုံး၊ သားစိမ်းငါးစိမ်း စားချင်လို့ တောင်းဆိုနေတာ ဟဲ့'

'ဟဲ့... စည်းမဲ့ကမ်းမဲ့ ရမ်းရမ်းကားကား ကျူးကျော်စော်ကားပြီး ဒါမျိုးလုပ်ရအောင် ဒီအိမ်ဟာ ဘုရားမရှိ တရားမရှိ အိမ်လို့ မှတ်နေလား၊ အခု ထွက်သွားမလား မသွားဘူးလား'

'မသွားဘူး၊ ဘာလို့သွားရမှာလဲ၊ နင်က ငါ့ကို အမိန့်အာဏာ ပေးရအောင် ဘာကောင်မို့လို့လဲ၊ ငါ့အကြောင်းကောင်းကောင်းသိသွား ချင်သလား၊ ကိုယ်နဲ့မဆိုင်ရင် ဘေးရှောင်နေနော်'

'ဒါဆိုလည်း အကြောင်းပြရတာပေါ့၊ ကိုင်း... လာ...'

သို့ဆိုရင်း အိတ်ထဲမှသိမ်ဝင်ပုတီးကို ထုတ်ကာ ဘုရားရှင် အာရုံပြုလျက် တစ်စုံတစ်ခုကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် သိမ်ဝင်ပုတီးအားဇွဲ့ယမ်းလိုက်ကာ ဖြောင်းခနဲ ဒေါ်ကြွက်ဖြူ၏ကြောပြင်ကို ရိုက်ချလိုက်၏။

'အောင်မယ်လေး ကြောက်ပါပြီ၊ ကြောက်ပါပြီ၊ မရိုက်ပါနဲ့တော့ သွားပါတော့မယ်၊ သွားပါတော့မယ်'

သည်သို့ ပြောဆိုရေရွတ်အပြီး၀ယ် ဒေါ်ကြွက်ဖြူလည်း ဝါးခနဲသမ်းကာ ဘာမှမဖြစ်သလို ကြောင်စီစီဖြစ်နေသည်။

'ဟော… စုန်းထွက်သွားပြီ၊ ထွက်သွားပြီ'

အမှန်တကယ်လည်း ဘာတွေဘယ်လိုဖြစ်ခဲ့သည်ကို ဒေါ်ကြွက်ဖြူ မသိ။ ဆရာဦးအောင်ကြီး၏ သိမ်ဝင်ပုတီးက အစွမ်းထက်လှပါဘိ။

ဦးမောင်ဟန်ကတော့ သူ့မိန်းမ မကြွက်ဖြူ၏ ဖြစ်ပျက်မှုကြောင့် ရပ်ထဲရွာထဲ၌ အရှက်ရစရာဖြစ်နေလေသည်။ ဒါတောင် ဆရာဦးအောင်ကြီး ကယ်ပေလို့၊ နို့မဟုတ်ပါက ဘယ်ကလောက် အရှက်ကွဲစရာတွေ ကြုံရလိမ့်ဦးမည်မသိ။

သို့ဖြင့် တစ်ပတ်လောက်ကြာသွား၏။

အချိန်က နေဝင်ရီတရော နွားရိုင်းသွင်းချိန်။

'ဟာ… လုပ်ကြပါဦး၊ လာကြပါဦး မကြွက်ဖြူကို ဝင်ပူးပြန်ပြီ'

ပတ်ဝန်းကျင်ရှိ အိမ်နီးနားချင်းများ ဦးမောင်ဟန်၊ ဒေါ်ကြွက်ဖြူတို့ ခြံဝင်းအတွင်း ပြေးဝင်သွားကြသည်။

'ဟဲ့… မောင်ဟန်၊ ငါ့ကို သားစိမ်းငါးစိမ်းကျွေးစမ်း၊ မကျွေးလို့ကတော့ တစ်အိမ်လုံးကို ဖြောင်းဆန်အောင် မွှေပစ်လိုက်မယ်၊ ကဲဟယ်၊ ကဲဟယ်၊ ကဲ… ကဲ…'



www.burmeseclassic.com

www.burmeseclassic.com



'ဒုံး… ဒိုင်း…'

'ဝုန်း… ဂလုံး…'

ဒေါ်ကြွက်ဖြူ အကြီးအကျယ် သောင်းကျန်းနေပြီပင်။

ဆံပင်ကြီးက ဖားလျားချထား၏။

မျက်ထောက်ကြီးကား ထိတ်လန့်ဖွယ်ကောင်းလှပါလေစွ။

'ဟ… မောင်ပုတို့ ဒီလုံးတို့ ဆရာဦးအောင်ကြီးကို သွားပင့်စမ်းပါဦးဟ'

မောင်မောင်ပုနှင့် ဒီလုံးလည်း ဆရာဦးအောင်ကြီးတို့အိမ်သို့ ပြေးရပါချေပြီ။ သို့ရာတွင် ဆရာဦးအောင်ကြီးကား မရှိ။ ဆရာကတော် ဒေါ်လှရီနှင့်သာ ဆုံသည်။

'မနေ့ကတင် မန္တလေးဘက် ဘုရားဖူးထွက်သွားတာဟ၊ တစ်ပတ်လောက်တော့ ကြာမယ် ပြောတာပဲ'

'ဒုက္ခပါပဲ အဒေါ်မလှရီရယ်၊ ခု ဒေါ်မကြွက်ဖြူကို ဝင်ပူးနေပြန်ပြီဗျ၊ ဆရာဦးအောင်ကြီးရှိလို့က အကြောင်းမဟုတ်ဘူး၊ ခု ဆရာဦးအောင်ကြီးမရှိဘူးဆိုတော့ ပြဿနာပဲ'

ဒီလုံးက စိတ်ပျက်အားလျော့စွာ စကားဆိုသည်။

'နေဦးကွ ဒီလုံးရ၊ ဟိုတစ်ခါတုန်းက ဆရာဦးအောင်ကြီးရဲ့ သိမ်ဝင်ပုတီးအစွမ်းကြောင့် ဝင်ပူးတာထွက်သွားတယ် မဟုတ်လား'

'အေး… ဟုတ်တယ် မောင်ပု'

'ဒါဆို သိမ်ဝင်ပုတီးယူသွားပြီး စုန်းထွက်အောင် လုပ်နိုင်မလားတော့ မပြောတတ်ဘူး'

'ဟုတ်တယ်၊ ဗျို့… အဒေါ်မလှရီ သိမ်ဝင်ပုတီး ခဏပေးလိုက်ဗျာ၊ ပြီးတာနဲ့ လာပြန်ပို့ပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ခက်တာပဲ မောင်ပုရယ်၊ နင်တို့ဆရာဆီ ပါသွားပြီ'

ဒီလုံးတို့ ခဲလေသမျှ သဲရေကျဖြစ်သွားရသည်။ အပြန်လမ်း၌ ရာအိမ်မှူး ဦးညွန့်တင်နှင့်တွေ့၍ ကူညီစရာရှိသည်ကို ကူညီရန် ဒီလုံးတို့နှင့်အတူ လိုက်ပါလာခဲ့သည်။

'အဲဒါမျိုး အတွေ့အကြုံတစ်ခု ကြုံဖူးတယ်၊ ဆရာမရှိတော့ စွပ်စွဲတ်ပြီးလုပ်တာ အောင်မြင်သွားတယ်၊ ခုလည်း အဲသလိုမျိုးလုပ်ရင် အောင်မြင်စရာရှိပါတယ်ကွာ'

'ဘယ်လိုလုပ်ရတာတဲ့တုံး'

'ဟာ… မင်းတို့ကို ပြောလို့မဖြစ်ဘူး၊ တော်ကြာ သတင်းတွေ ပျံ့သွားရင် ကာယကံရှင်တွေ မျက်နှာပူစရာ၊ အရှက်ရစရာဖြစ်နေပါလိမ့်မယ်၊ အဲဒီဝင်တဲ့စုန်းကို ကာယကံရှင်ဖြစ်တဲ့ ကိုမောင်ဟန်ပဲထုတ်မှရမှာ'

'ဟာ… မဟုတ်နိုင်တာပဲဗျာ၊ ပြီးခဲ့တဲ့အခေါက်တုန်းက ကိုမောင်ဟန် မထုတ်တတ်လို့ ဆရာဦးအောင်ကြီး ထုတ်ပေးခဲ့ရတဲ့ ဥစ္စာ'

'မင်းတို့မသိပါဘူး မောင်ပုရာ၊ ဟိုကျ ငါစီစဉ်ပြပါ့မယ်၊ စုန်းထွက်မထွက် သေသေချာချာကြည့်ပေါ့ကွာ'

ဦးညွန့်တင်၏စကားကြောင့် ဒီလုံးတို့ အကြီးအကျယ် စိတ်ဝင်စားသွားကြသည် မကြာခင်မှာပင် သုံးဦးသား ဦးမောင်ဟန်အိမ်ရှေ့သို့ ရောက်ရှိသွားကြလေ၏။ ခြံဝနှင့် ဝင်းခြံအတွင်းမှာတော့ ထစ်ခနဲရှိ ခွေးနစ်ကောင်ကိုက်သည်ကိုပင် ဖျော်ဖြေပွဲအလား ထင်မှတ်ကာ အားပါးတရ ရှုစားလိုသူများ ဖြစ်ကြလေတော့ ခုလိုမျိုး ပရလောက နှင့်ယှဉ်သော အရေးကိစ္စဆိုတော့ စိတ်ဝင်စားကြသည်မှာ အထူတ် အထိပ်။



www.burmeseclassic.com

www.burmeseclassic.com



လူသားနှင့် ပရလောကသားတို့ မည်ကဲ့သို့ ပညာပြိုင်ကြပါမည်နည်း။

'ဟာ… ဆရာဦးအောင်ကြီး ပါမလာဘူးဟေ့'

'ဒါဆို ဦးမောင်ဟန်တော့ ပြဿနာပဲ၊ မကြွက်ဖြူကလည်း ကြမ်းသထက် ကြမ်းလာပြီ'

ရွာသူရွာသားအပေါင်းတို့ ဝေဖန်ကြသကဲ့သို့ အိမ်ပေါ်မှာတော့ ကြမ်းပြင်ပေါ် ခုန်ပေါက်နေသည်မှာ တဒုံးဒုံး တဒိုင်းဒိုင်း။

'ဟဲ့… မောင်ဟန် ငါ့ကို ဘာမှတ်လို့လဲ၊ ငါ့စားချင်တဲ့ သားစိမ်းငါးစိမ်းတွေ မကျွေးသေးဘူးလား၊ ယီးတီးယားတားမလုပ်နဲ့ နော်၊ ဆီးသီးနွှားစားသလို နင့်မိန်းမကြွက်ဖြူကို ငါ စားပစ်လိုက်မယ်၊ အလကားမိန်းမ တစ်ရွာလုံးနဲ့တစ်ယောက် ဘယ်သူ့မှ အကောင်းမထင်ဘဲ ကိုယ့်ကိုယ်ကိုယ် အသားလွတ်ဘဝင်မြင့်နေတဲ့မိန်းမ၊ ဈေးသည်တိုင်းကို ဝယ်ဝယ်မဝယ်ဝယ် အတင်းလှမ်းခေါ် ခေါ်ပြီးတော့ မတန်တဆ ဈေးနှိမ်၊ အဆစ်တွေမတရားတောင်းတဲ့မိန်းမ၊ ဟွန်း… ခု ဘာတတ်နိုင်သေးလဲ၊ ဟဲ့… မောင်ဟန် ငါ့ကို မကျွေးသွေးဘူးလား၊ ဘာလဲ နင့်ပထွေးပရောဂဆရာကို မျှော်နေတာလား၊ မျှော်မနေနဲ့၊ မျှော်မနေနဲ့၊ သူလာမှာမဟုတ်ဘူး၊ သူမလာမှာသိလို့ ငါပြန်လာတာ ဟဲ့'

'ဝုန်း'

'ဒိုင်း'

'ဘုန်း'

ဦးမောင်ဟန်၏ မျက်နှာမှာ ဆီးရွက်သာသာဖြစ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးအောင်ကြီးသာရှိလျှင် ဘယ့်ကလောက်ကောင်းလိမ့်မည်နည်း။ အခုတော့ အမိမဲ့သား ရေနည်းငါးသဖွယ် အားတွေအငယ်ကြီးငယ်ကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ မယားဖြစ်သူ မကြွက်ဖြူအား ဝင်ပူးနေသူ စားသောက်ရန် သားစိမ်းငါးစိမ်းတို့ကိုပဲ ကျွေး လိုက်ရတော့မည်လား။

ထိုခဏ ရာအိမ်မှူး ဦးညွန့်တင်က ဦးမောင်ဟန်ကို အသာလှမ်းခေါ်လိုက်သည်။

'ကျုပ်··· ဘာလုပ်လို့ဘာကိုင်ရမှန်း မသိတော့ဘူး ကိုညွန့်တင်ရာ'

'မပူနဲ့ ကိုမောင်ဟန်၊ ဘာမှ မပူနဲ့၊ ကျုပ် အကြံပေးတဲ့အတိုင်းသာ လုပ်၊ မကြွက်ဖြူကို ဒုက္ခပေးနေတဲ့ဟာ တစ်ခါတည်း လန့်ပြေးသွားလိမ့်မယ်'

'ပြောဗျာ ကိုညွန့်တင်၊ ကျုပ်တော့ ဦးနှောက်တွေ ထူပူနေပြီ'

'ခင်ဗျား လုပ်ရမှာက အိမ်ခန်းထဲကိုဝင်၊ ခြင်ထောင်အမြန်ထောင်၊ ပြီးတာနဲ့ ခြင်ထောင်ထဲမှာ စားချင်သောက်ချင်တဲ့ သားစိမ်းငါးစိမ်းတွေရှိတယ်ဆိုပြီး ဥပါယ်တံမျဉ်နဲ့ ဆွဲသွင်း၊ ပြီးတာနဲ့၊ ××× ××× ××× ဟုတ်ပြီလား'

'ဖြစ်ပါ့မလား ကိုညွန့်တင်ရာ'

'ဟဲ့··· ဖြစ်တယ် ကျိန်းသေကိုဖြစ်တယ်၊ ခင်ဗျားကြမ်းရင်ကြမ်းသလောက် ဒင်း အကြောက်ကြီးကြောက်ပြီး နောက် မကြွက်ဖြူတို့ ဝင်ပူးပါဆိုရင်တောင် တော့တော့လုပ်သွားလိမ့်မယ် ကိုမောင်ဟန်'

'ကဲ··· အချိန်မရှိဘူး ကြာရင် ပိုဆိုးလိမ့်မယ် ကျုပ်ပြော



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ခပ်မြန်မြန်လေး အကောင်အထည်ဖော်ပေတော့၊ ဝီပြင်ပလေ့စေနော်၊ ကြမ်းတွေကျိုးလည်း ဂရုမစိုက်နဲ့၊ ဒါမှ နောက်ဘယ်တော့မှ ဝင်မပူးရဲမှာ'

'ကောင်း… ကောင်းပါပြီဗျာ'

လူရိုးလူအကြီး ဦးမောင်ဟန်အဖို့ရာမတော့ ဦးညွန့်တင်ပေးသည့် နည်းအတိုင်း လုပ်ဆောင်ရန်မှတစ်ပါး အခြားမရှိတော့ပြီ။

သည်တော့ အိပ်ခန်းတွင်းဝင်ကာ ခြင်ထောင်ထောင်လိုက်သည်။

ပြီးတော့ ဒေါ်ကြွက်ဖြူအား အခန်းထဲဆွဲခေါ်ကာ ခြင်ထောင်အတွင်းထည့်လိုက်သည်။

ဦးမောင်ဟန်တစ်ယောက် ဘာတွေဘယ်လို ကျွေးနေလေသည်မသိ။ ဒေါ်ကြွက်ဖြူ၏ ရုန်းကန်သံများ၊ ဆဲဆိုသံများကို မကြားဝံ့မနာသာ ကြားနေရ၏။ အိမ်ထဲကိုလည်း မည်သူမျှ မဝင်ရဲ။

နာရီဝက်ခန့်အကြာမှာတော့ ဦးမောင်ဟန်တစ်ယောက် အပေါ်ပိုင်းဗလာကျင်းလျက် ချွေးသံတရွှဲရွှဲဖြင့် အခန်းတွင်းမှ ထွက်လာခဲ့လေသည်။

'ဗျို့… ကိုမောင်ဟန် အခြေအနေ ဘယ်နှယ်လဲ'

'ပထမတော့ တော်တော်ကြမ်းတယ်ဗျို့၊ ဆဲလိုက် ဆိုလိုက် ရုန်းကန်လိုက် ထုရိုက်လိုက်နဲ့ ဒါပေမဲ့ ယောကျ်ားအားနဲ့ မိန်းမအားဆိုတာ ဘယ်တူမှာတဲ့တုန်း၊ နောက်ဆုံးတော့ လှိုင်းကြီးလှေအောက် တောင်ကြီးဖဝါးအောက်ဆိုတဲ့ ကိန်းပေါ့ဗျာ၊ တစ်ခါတည်းကို ထွက်သွားတာပဲ'

'အတော်လည်း ကြောက်သွားတဲ့ပုံပဲ၊ သည်ပုံအတိုင်းဆိုရင်



www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုနည်းနဲ့မှကို မကြွက်ဖြူအပေါ် အနှောင့်အယှက်မပေးနိုင်တော့ဘူး’

‘ဒီလိုပဲ ဖြစ်ရမယ်လေ’

‘ကျေးဇူးတင်တယ်ဗျာ၊ ခင်ဗျားကျေးဇူးကြောင့် ကျုပ်မှာ အကျိုးတော်တော်ရှိသွားတယ်၊ ဒီတော့ ဒီည အုန်းထမင်းနဲ့ ကြက်သား ချက်ကျွေးချင်တယ်ဗျာ၊ ဟော့… မောင်ပုနဲ့ ဒီလုံး မင်းတို့လည်းပါတယ်နော်’

‘အဟဲ… စားရသေးတာပေါ့ဗျာ၊ ပိုပိုသာသာချက်ထားဖို့သာ မမေ့နဲ့၊ ကျွန်တော်တို့က အလုစားတွေမဟုတ်ဘူး၊ အဝစားတွေ’

‘အေးပါကွာ၊ အေးပါ၊ မင်းတို့စိတ်တိုင်းကျအောင် တစ်ဝကြီး ကျွေးပါ့မယ်၊ ဒီကနေ့ညနေ ကိုညွှန့်တင်ရဲ့ နည်းနာနိသယကို မရဘူး ဆိုရင် ငါတော့ စုန်းမပြုသမျှနရပြီး အရှက်တော်တော်ကွဲမယ့်ကိန်း ပဲကွ’

‘နေပါဦး၊ ဦးမောင်ဟန်က ဒေါ်ကြွက်ဖြူကို ခြင်ထောင်ထဲ သွင်းပြီး ဘာလုပ်တာတဲ့တုန်း’

မောင်မောင်ပုအမေးကြောင့် ကာယကံရှင် ဦးမောင်ဟန်မှာ မျက်နှာကြီးနီရဲသွားသလို ဘာပြောလို့ပြောရမှန်းမသိအောင် ဖြစ်သွားရသည်။

‘ဟာကွာ၊ မင်းတို့လူကြီးကို အနေရခက်အောင် ဘာတွေမေးနေတာတဲ့တုံး၊ ဆေးကုတာလို့ပဲ မှတ်ထားကြ’

အဲသည့်နေ့ညမှာတော့ ဒီလုံးတို့၊ မောင်မောင်ပုတို့၊ ရာဇဝင်မှူး ဦးညွှန့်တင်တို့ ဗိုက်ခွေးနမ်းရလောက်အောင် အုန်းထမင်းနှင့် ကြက်သားဟင်းက ပန်ရစေခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ထူးသည်ဆန်းသည်ကား ထိုနေ့မှအစပြု၍ မည်သည့်နေ့တွင်မှာမှ ဒေါ်ကြွက်ဖြူအား ဘယ်ပရလောကသားကမှ ဝင်ရောက်ပူးခြင်း နှောက်ယှက်ခြင်း မရှိတော့ခြင်းပင်။

ဆေးအကုကောင်းသော ဦးမောင်ဟန်ပါတကား။

○

www.burmeseclassic.com

www.burmeseclassic.com

၉၉
ဟဲ့ . . . အကောင်
ညွန့်တင် အကျင့်ယုတ်
ငါ ဒေါ်ကြွက်ဖြူကို ဝင်ပူးတုန်းက
နင် . . . မောင်ဟန့်ကို
ဘာအကြံတွေ ပေးလိုက်သလဲ
ငါ့ကို မဟုတ်တရုတ်
လုပ်ခိုင်းခဲ့တယ် မဟုတ်လား...
မောင်ဟန် ကြမ်းလွန်းရမ်းလွန်းလို့
သူတို့ဆီ
မလှည့်တော့ဘူး ၉၉

www.burmeseclassic.com

www.burmeseclassic.com

ဗိန္ဓောဆရာ ဦးအောင်ကြီးလည်း မန္တလေးရွှေမြို့တော်နှင့် အထက်အညာအရပ်ရှိ ပုပ္ပား၊ ညောင်ဦး၊ ပုဂံအပါအဝင် အထက်အညာဒေသရှိ တန်ခိုးကြီးဘုရားစေတီပုထိုးတို့ကို အားပါးတရ ဖူးမြော်ခဲ့ပြီး ပြန်ရောက်လာခဲ့ရပြီဖြစ်၏။

မောင်မောင်ပုတို့ ဒီလုံးတို့လည်း သည်သတင်းကြားသည်နှင့် ဦးအောင်ကြီးအိမ်သို့ သတင်းမေးရောက်သွားခဲ့လေသည်။

'ပျော်စရာရာလည်းကောင်း ကြည်နူးစရာလည်းကောင်းလိုက်တာကွာ၊ ကိုယ့်မြန်မာပြည်မှာ မွေးဖွားပြီး ပုဂံကိုမရောက်ဖူးဘူးဆိုရင် ဖြင့် အဲသည်လူလောက် လူဖြစ်ရှုံးတဲ့သူ ရှိတော့မှာမဟုတ်ဘူး၊ လာမယ့်နှစ် ရွှေဦးပေါက်ရယ် မိသားစုကိုခေါ်ပြီး ဘုရားဖူးထွက်ဦးမယ်၊ မင်းတို့လည်း လိုက်ခဲ့ကြ'

သို့ဆိုရင်း အညာလက်ဆောင်အဖြစ် ဝယ်ယူလာသော ပဲကြော်များ၊ ထန်းလျက်များ၊ ပေါက်ပေါက်ဆုပ်များ၊ မြေပဲယိုများကို ထုတ်ကျွေးလေသည်။

'ဟော့ကောင်တွေ ရေနွေးကြမ်းနဲ့ မြည်းကြဦး၊ အပြန်ကျရင် ညောင်ဦးကဝယ်လာတဲ့ ပုန်းရည်ကြီးထုပ်တွေ ပေးလိုက်ဦးမယ်၊ ကြက်သွန်ပါးပါးလှီးပြီး သုတ်စားချင်စား၊ ဒါမှမဟုတ် ဝက်သားနဲ့ ချက်ချင်ချက်၊ တကယ့်ကို အရသာရှိတယ်ကွ၊ ဩ... ဒါ့ထက် ငါ ဘုရားဖူးထွက်နေတုန်း ငါတို့ရွာမှာ ဘာတွေဖြစ်ကြသေးသလဲ၊ ပြောစမ်းပါဦး'


www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကို ပြောချင်လို့ ဆရာဦးအောင်ကြီးဆီ လာခဲ့တာပဲ၊ ဆရာ ခရီးထွက်နေတုန်း ဦးမောင်ဟန့်မိန်းမ ဒေါ်ကြွက်ဖြူကြီးကို ဝင်ပူးပြန်တယ် ဆရာ'

'ဟေ… နောက် ဘယ်လိုဖြစ်ကြသလဲ'

ဖြစ်ပုံပျက်ပုံအလုံးစုံကို ဒီလုံးက ခရေစေ့တွင်းကျ ပြန်ပြောပြလိုက်သည်။ အကြောင်းကိုစွဲခုံးလေသော် ဆရာဦးအောင်ကြီးလည်း ပြောင်လက်နေသော ဖန်ကတုံးကို ပွတ်လိုက်ရင်း…

'အင်း… ကိုညွန့်တင်ကတော့ မဟုတ်ကဟုတ်က အကြံတွေ ပေးသွားသကိုး၊ ဒီလူ ကိုယ့်ဘက်ပြန်လှည့်မှာ မသိဘူးလား၊ မပြောတတ်ဘူး'

ထိုခဏမှာပင် စံလှအောင်တို့တစ်သိုက် ခြံထဲသို့ ဝင်လာကြသည်။

'ဟော့… စံလှအောင် ဘယ်ကိုလဲကွ'

'ဆရာဦးအောင်ကြီးဆီ လာတာပဲ၊ လုပ်ပါဦး ဆရာကြီးရယ်'

'ဟေ… ဘာတွေ ဘယ်လိုဖြစ်နေကြလို့လဲ'

'ပြောမပြောချင်ပေါင် ဆရာကြီးရယ်၊ ဒေါ်ကြွက်ဖြူကို ဝင်ပူးတဲ့စုန်းက ရာအိမ်မှူးဦးညွန့်တင်ဘက်ကို လှည့်လာပြီ'

'ဟာကွာ၊ ဒါ ဘာပူစရာလိုမလဲ၊ အဲဒီစုန်းထွက်သွားအောင် ဦးညွန့်တင် တတ်ပါတယ်၊ စွမ်းပါတယ်ကွ၊ ဒေါ်ကြွက်ဖြူအပူးခံရတုန်းက ဆရာဦးအောင်ကြီးကလည်းမရှိတော့ သူကိုယ်တိုင်ပဲ ဦးမောင်ဟန်ကို စုန်းထွက်သွားမယ့်နည်းတွေ ပေးခဲ့တာ'

'အဲသည်တုန်းက ကြက်ကန်းဆန်အိုးတိုးတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်ကွာ၊ ခု ဦးညွန့်တင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူးဖြစ်နေပြီ၊ အဲဒါကြောင့် ဆရာဦးအောင်ကြီး ပြန်ရောက်နေတဲ့အကြောင်း သတင်းရတာနဲ့ အဖော်တွေခေါ်ပြီး သုတ်လာခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကဲ… သွားနှင့်ကြ၊ သွားနှင့်ကြ၊ ဒီလုံးတို့နဲ့အတူ ဆရာ ခုချက်ချင်းလိုက်လာခဲ့မယ် ဟုတ်ပြီလား'

'ဟုတ်ကဲ့ ဆရာကြီး'

စံလှဘော်တို့ ထွက်သွားပြီး မရှေးမနှောင်းမှာပင် ဆရာဦးအောင်ကြီးလည်း သိမ်ဝင်ပုတီးကိုဆွဲလျက် ဦးညွန့်တင်တို့အိမ်ဘက်သို့ မောင်မောင်ပု၊ ဒီလုံးတို့နှင့်အတူ ထွက်လာကြလေသည်။

ထုံးစံအတိုင်းဆိုသလို ဦးညွန့်တင်တို့ခြံဝမှာတော့ လူတွေက အဖွေးသား။

'တောက်… တော်တော်ဂြိုဟ်မွှေတဲ့ ရွာသူပဲကွာ၊ ဒေါ်ကြွက်ဖြူကို ဒုက္ခပေးပြီး ဦးညွန့်တင်တို့အိမ်ဘက် လှည့်လာတယ်'

'မကျေနပ်ချက်တွေ ရှိလို့နေမှာပေါ့ကွာ'

'ကြည့်စမ်းကွာ၊ ဦးညွန့်တင် မျက်နှာကြီး မှိုင်နေလိုက်တာ၊ ခရမ်းသီးပုပ်ကို မီးကင်ထားတဲ့အတိုင်းပဲ'

တကယ်လည်း ဦးညွန့်တင်မရွှင်လန်းပါ။ ဆရာဦးအောင်ကြီးတို့ရောက်လာမှသာ စိတ်သာသာရသွားပုံပါပေ။

'ဦးညွန့်တင်နှယ်ဗျာ၊ ဦးမောင်ဟန်ကို နည်းပေးသလိုမျိုး ကိုယ်ကိုယ်တိုင် ဝင်ကြပ်လိုက်ပေါ့၊ တစ်ခါတည်း ထွက်သွားမှာ'

'ဟော့ကောင်… မောင်ပို၊ တိတ်တိတ်နေစမ်း၊ အခြေအနေကို မသိဘဲနဲ့ ဝင်မပြောနဲ့၊ ဆရာဦးအောင်ကြီးရယ် ကျွန်တော့်ဒုက္ခကို ကယ်ပါဦးဗျာ၊ ကယ်ပါဦး'

'ဟုတ်ပါပြီလေ၊ အဲသည့်အတွက် ကျုပ်လာခဲ့တာပဲ၊ အိမ်ပေါ်တက်ပြီး အခြေအနေကို အကဲခတ်ပါရစေဦး'

ဆရာဦးအောင်ကြီးတို့ အိမ်ပေါ်ရောက်တော့ အပူးခံရသူသည် ဝုန်းဒိုင်းကြဲလျက် သောင်းကျန်းနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့··· အကောင်ညွှန့်တင် အကျင့်ယုတ်၊ ငါ ဒေါ်ကြွက်ဖြူကို ဝင်ပူးတုန်းက နင် မောင်ဟန့်ကို ဘာတွေအကြံပေးလိုက်သလဲ၊ ငါ့ကို မဟုတ်တရုတ်လုပ်ခိုင်းခဲ့တယ်' မဟုတ်လား၊ မောင်ဟန် ကြမ်းလွန်းရမ်းလွန်းလို့ သူတို့ဆီမလှည့်တော့ဘူး၊ ဒါပေမဲ့ ငါ့အပေါ် တစ်ဖက်လှည့်နဲ့ အကျင့်ယုတ်ခိုင်းတဲ့ နင့်ကိုအခဲမကျေလို့ ကိုင်း··· လာလေ၊ မောင်ဟန့်ကို ဆရာကြီးလုပ်ပြီးပေးတဲ့နည်းအတိုင်း လုပ်ကြည့်ပါလား'

'ဟာကွာ··· တောက်'

ဦးညွှန့်တင်လည်း မျက်နှာကြီးရဲရဲတွတ်သွားလျက် အိမ်အောက်သို့ ဆင်းပြေးခဲ့လေ၏။ အိမ်ပေါ်မှာက ဝှန်းဒိုင်းကြဲနေဆဲ···။

ဝုန်းဒိုင်းကြဲသူက ဦးညွှန့်တင်ကတော် ဒေါ်တင်မမများလား။

ဒါဆို အမှားကြီး မှားပါချိမ့်။

ဝုန်းဒိုင်းကြဲနေသူမှာ တမြန်နေ့က အလည်အပတ်ရောက်လာသည့် ဒေါ်တင်မမ၏မိခင် တစ်နည်း ဦးညွှန့်တင်၏ယောက္ခမ ဒေါ်ခင်မမ ဖြစ်နေသောကြောင့်ပါတည်း။

ဆရာဦးအောင်ကြီးလည်း ဒေါ်ခင်မမအား သိမ်ဝင်ပုတီးတန်ခိုးဖြင့် အကောင်းအတိုင်းဖြစ်စေခဲ့၏။ နောက်ရက်မှာတော့ ရွာသူ၏ဒုက္ခပေးခြင်းမခံရလေအောင် တစ်ရွာလုံးအတွက် ပင့်သံဃာတော်ငါးပါး ပင့်ဖိတ်လျက် ပရိတ်ကြီး (၁၁)သုတ်နှင့်တကွ ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်သောအခါတွင်မှ ဘာသံမှမကြားရလေအောင် အေးချမ်းသွားရပါတော့၏။

○



www.burmeseclassic.com

www.burmeseclassic.com

၉၉
ကြီးတော်ရယ် ...
အမှန်ကို တကယ်မသိဘဲနဲ့
ဘယ့်နှယ်ကြောင့်
ဒီကာလနာတွေဘက်က
ရှေ့နေလိုက်နေရတာတဲ့တုံး
ကျွန်မက
တကယ်ကြုံတွေ့နေရတာဆို့
အခိုင်အမာပြောနေရတာရှင့် ၉၉

www.burmeseclassic.com

www.burmeseclassic.com

ပိတ်စွယ်ရွာမှာတော့ မိမိရီဆိုသည်က လွန်လေပြီးသော လေးနှစ်လောက်ကဆိုလျှင် တကယ့်အပျံစား ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်တစ်ဦးပင်။

ပြီးတော့ ဒီလုံး၏အစ်မကြီးလည်း ဖြစ်၏။

ကာလသားအပေါင်းက တစ်မိတည်းမိ တစ်ရိတည်းရိကြလေသော အပျိုစင်ဘဝတုန်းကဆိုလျှင် ဒီလုံးတို့မျက်နှာများ ပွင့်လိုက်သမှ လန်လို့ပင် ထွက်လောက်သည်။ ဟိုကလည်း ရွှေယောက်ဖ၊ သည်ကလည်း ရွှေယောက်ဖနှင့် ကျွေးချင်မွေးချင်သူတွေက မရှား။ မိမိရီ လင်ရသွားမှသာ ဒီလုံးတို့ စားပေါက်ပိတ်တော့သည်။

မိဘတွေက သမီးကညာ ရွယ်ရောက်လာ အခါမလင့်သာဆိုသလို ယောကျ်ားပေးစားခဲ့သည်။ မိမိရီနှင့် အကြောင်းဆက်ပေါင်းဖက်သည့် ကံထူးရှင်ပုဂ္ဂိုလ်ကား ပိတ်စွယ်သားစစ်စစ် မဟုတ်။ ဒလ ညောင်ကုန်းသား ဝက်ကုန်သည် တရုတ်ကပြား ကျင်ငွေနှင့်ဖြစ်သည်။ ကျင်ငွေနှင့်မိမိရီတို့ အတူယှဉ်တွဲထွက်လာပြီဆိုလျှင် လုံးဝမလိုက်။ မင်းကုသနှင့် ပပဝတီအလား။

ကျင်ငွေ့အရပ်က ခွေးပစ်သည့်တုတ်လောက်ပဲရှိသည်။ မိမိရီက ထောင်ထောင်မောင်းမောင်း၊ ထွားထွားကျိုင်းကျိုင်း၊ လုံးကြီးပေါက်



www.burmeseclassic.com

www.burmeseclassic.com



လှ၊ တကယ့်ကို သားကောင်းမိခင်လို ရုပ်ရည်မျိုး။ ကျင်ငွေက ပိန်ပိန် ကပ်ကပ် ပြားချပ်ချပ်။ ရှုနှာရှိုက်ကုန်း အသားအရောင်က နီစပ်စပ်။ ပါးပြင်မှာလည်း ဝက်ခြံပုန်းတွေက အစီအရီ။ မျက်ပေါက်ကျဉ်းကျဉ်း နှာခေါင်းပြားပြား၊ သွားကခေါခေါ။ အဲ... ခေါသည့်သွားတွေကို လည်း ရွှေသွားတစ်ချောင်း ငွေသွားတစ်ချောင်း ကွပ်ထားလိုက်ပြန်ပါ သေး။ သည်လို ကြည့်ပျော်ရှုပျော်တစ်စက်ကလေးမျှမရှိသော ကပြား ကျင်ငွေအဖို့ ပိတ်စွယ်ရွာ၏အလှပဂေး မိမိရီအား ပိုင်ပိုင်ချစ်ခွင့်ရ လိုက်ခြင်းကား ၄င်း၌ သူမတူသော အရည်အချင်းရှိ၍ပေင်။

'ဟဲ့...' ရုပ်ရည်ဆိုတာ ကိုက်စားလို့ရတာမဟုတ်ဘူး၊ လှတာ မက်ရင် ညစာခက်တယ်ဟဲ့၊ လင်ယူတယ်ဆိုတာ မပူမပင် မကြောင့် မကြရအောင် အေးအေးသက်သာ မွှီခိုစားသောက်နိုင်အောင် ယူကြ တာ၊ အဲသည်မှာ ကိုယ်ယူတဲ့လင်ဟာ ကိုယ့်ကို ဘာမှလိုလေသေးမရှိ အောင် ထားဖို့ စိတ်ကြိုက်သုံးနိုင်ဖြုန်းနိုင်အောင် ငွေကြေးအလျှံပယ် ရှာပေးနိုင်ဖို့ပဲ လိုတယ်'

'ခု မိမိရီယူလိုက်တဲ့လင်ဟာ ရုပ်ရည်အကျည်းတန်ပေမဲ့ မိမိရီ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် အိုအေ ဘယ်အမွေးတစ်ပင် မှ မီးမလောင်ရလေအောင် ကျင်ငွေဟာ ထားနိုင်တဲ့ အရည်အချင်း အပြည့်အဝရှိတယ်၊ ငွေကြေးအရှာအဖွေ သိပ်တော်တယ်၊ ဒီတော့ တို့အနေနဲ့ကတော့ မိမိရီ လင်အရတော်တယ်လို့ ဆိုရမှာပဲ'

'ဟုတ်ပါရဲ့၊ အလယ်ပိုင်းက မသန်းလှိုင်တို့ကြည့်ပါလား မိန်းမချောချောတဲ့ မောင်တင်ယုကို သွားယူတော့ ခုဆို နေပူစပ်ခါးထဲ ဈေးတောင်းခေါင်းရွက်လုပ်ပြီး မိန်းမသားတန်မဲ့ အိမ်ထောင်ရေး ဝတ်နေရေးကို လုံးပန်းနေရရှာတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့ဟယ်၊ ကောင်မက ရုပ်ရည်လှတာကို ရွေးတာကိုး၊ အလုပ်လက်ကြောတင်းမတင်းကို ကြည့်တာမှ မဟုတ်ဘဲ၊ မသန်းလှိုင် ဈေးတောင်း ခေါင်းရွက်ပြီး ဟောဒီက ပဲကတ္တီပါပြုတ်လုပ်နေတဲ့အချိန် သူ့လင်မောင်တင်ယုက အရက်သမားဘဲနန်းတို့နဲ့ အဖွဲ့ကျပြီး ကိုမင်းသိမ်းတို့ကဖော်ဆိုင်မှာ အာဖောင်နေတာ၊ ငါသာ မသန်းလှိုင်နေရာမှာဆိုရင် မောင်တင်ယုလို ဆန်ကုန်မြေလေးကို ဆောင့်ဆောင့်ပြီးဆွဲလိုက်ချင်တယ်'

သည်သို့ မိမိရီ လင်ရသွားခြင်းနှင့်ပတ်သက်၍ အကောင်းအဆိုးဝေဖန်မှု ရှိခဲ့သည်။ သို့ရာတွင် မိမိရီနှင့်ကျင်ငွေတို့ လင်မယားကား ဘာကိုမှ အလေးမထား။ ကိုယ့်ဘဝနှင့်ကိုယ်သာပင်။

ကျင်ငွေ၏အလုပ်က အနယ်နယ်အရပ်ရပ် လှည့်လည်၍ ဝက်လိုက်ဝယ်သော အလုပ်ဖြစ်သည်။ ဝယ်ပြီးလျှင် ဝက်သတ်လိုင်စင်ရထားသော ပေါက်ဖော်ကြီးဦးခွန်းထစ်ထံသို့ ပေးသွင်းရသည်။ သူတို့နှစ်ယောက်က ဝက်လောကဌ် တကယ့်ဖျံတွေ။ ပြီးတော့ ဆွေရိပ်မျိုးရိပ်သည်းမကင်းဟု ဆိုသည်။

ဒီလုံးတို့ ပိတ်စွယ်ရွာဌ် သာရေးဖြစ်စေ၊ နာရေးဖြစ်စေ အကြောင်းကိစ္စတစ်ခုခုပေါ်ပါက အကျွေးအမွေးဟင်းလျာအတွက် ဝက်ကို ရည်ရွယ်ထားသည်ဆိုလျှင် ကျင်ငွေကိုပဲ အားကိုးကြရသည်။ ကျင်ငွေ့လက်ကိုပဲ ဝကွက်အပ်ကြသည်။ ဝက်တစ်ကောင်၏ အနေအထားကိုကြည့်လိုက်ရုံနှင့် အလေးချိန် မည်ရွေ့မည်မျှ ထွက်မည်ကို ဝက်ခဲတန်း၍ ခန့်မှန်းနိုင်သည်။ သူခန်းမှန်းသလောက် အမှန်တကယ်ဝက်ပေါ်ပြီးသကာလ ထွက်လာသော အလေးချိန်သည် အတိအကျချင်မှ ရှိသော်ငြားလည်း ပိုလျှင် ငါးဆယ်သားလောက် လိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်သားလောက်။ ဤရွှေဤမျှအထိ အမုန်းတော်သည်။ ပေါ်ပြီး သားဝက်ကို ဖျက်ရာ၌လည်း လျှင်မှလျှင်။ သည်တော့လည်း ကျင်ငွေ တို့လက်ထဲ ငွေခဲတွေ သီးပါပေါ့။

တစ်ခုတော့ ရှိသည်။

သူ့အလုပ်က ရွာမှာနေလို့မရ။ ချစ်မယား မိမိရီနှင့် အမြဲတစေ မှုးကပ်နေ၍ အလုပ်မဖြစ်။ ဝက်ရှိသည့်နေရာကို စနည်းနာလျက် လေးရက်ခြားတစ်ခါ ငါးရက်ခြားတစ်ခါဆိုသလို ရန်ကုန်ပေါက်၊ ဘုရားငုတ်တို၊ ကမင်း၊ တူးကြီး၊ ရွှေလှေချောင်၊ ကျူတောရှိုး၊ ပျော် ဘွယ်ကြီး အစရှိသဖြင့် ရပ်ရွာတစ်ကြောကို လှည့်လည်နေရသည်။ အလှူအတန်းပေါ်များသည့် နွေဦးပေါက်ကာလဆိုလျှင်ဖြင့် ကျင်ငွေ တစ်ယောက် အလှူရှင်တို့က အားကိုးတကြီး အကူအညီတောင်းခံ သည့်အတွက် အိမ်ကပ်ရသည် သိပ်မရှိ။ သည့်အတွက် ကျင်ငွေတို့ စီးပွားဖြစ်ပါသည်။ မိမိရီမှာလည်း ရွှေတွဲလဲ ငွေတွဲလဲ။

သည်လိုမျိုးအနေအထား၌ မိမိရီအဖို့ သူမ၏ အနေအထိုင် အပြုအမူတို့ကြောင့် လူပြောစရာဖြစ်လာရသည်။ ခုပဲကြည့်··· မိမိရီ ပြောလာသော စကားတစ်ခွန်းကြောင့် ကြီးတော် မငွေမြအဖို့ စိတ်ထဲ တလိကလိဖြစ်ရသည်။ ကြီးတော် မငွေမြဆိုသည်က သူစိမ်းတစ်ရုံစာ မဟုတ်။ သွေးသားရင်းချာ ကြီးတော်ဖြစ်ပြီး မိမိရီတို့ ဒီလုံးတို့ မိမိသီ တို့ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ထိန်းကျောင်းခံပေး လာရသူဖြစ်သည်။ မိမိရီ ဘာပြောလေသနည်း။

'ပြောမပြောချင်ပါဘူး ကြီးတော်ရယ်၊ ဒီရွာက ယောကျ်ားတွေ များ တော်တော်လေးကို မြင်ပြင်းကပ်စရာကောင်းမှကောင်းပဲ၊ အရှက် မှန်းလည်းမသိ အပျိုမှန်းလည်းမသိ၊ မိန်းမမြင်တာနဲ့ ငမ်းငြောကို ထကြတော့တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းနီဆိုးနေရင်းမှ မျက်စချိကာ ပြောလာသည့်စကား

'အမယ်လေး မိမိရီရယ်… ဒီလိုတော့လည်း သိမ်းကြုံးပြီး ဝါးလုံးရှည်နဲ့ မယမ်းလိုက်ပါနဲ့၊ လူပျိုယောကျ်ားလေးဆိုရင် အပျိုမိန်းကလေးကို ငမ်းကြတာ သဘာဝပါပဲ၊ ညည်းက ဘာသဘောနဲ့ ဒီလိုပြောရတာတဲ့တုန်း'

'ဘာသဘောနဲ့ ပြောရသလဲဆိုတော့ ကျွန်မကိုတောင် ရီသဲ့သဲ့လုပ်ချင်ကြသေးတယ်'

'ဟယ်… မဟုတ်တာ၊ ညည်းက အပျိုမှ မဟုတ်တာ၊ လင်ငုတ်တုတ်ရှိနေတာ တို့တစ်ရွာလုံးသာမဟုတ်ဘူး ရွာနီးချုပ်စပ်က ပါ သိနေကြတဲ့ဥစ္စာ၊ ပြီးတော့ ညည်းက လင်ရှိမယားဖြစ်ရုံတင်မကဘူး၊ ကလေးတစ်ယောက်တောင် မွေးထုတ်ထားတဲ့ ကလေးအမေလေ ဟယ်၊ သည်တော့ ညည်းကို ဘယ်လိုနည်းနဲ့မှကို ပြစ်မှားကြမှာ မဟုတ်ပါဘူးအေ'

ကြီးတော် မငွေမြက အကြောင်းနှင့်အကျိုး အပ်စပ်စွာ ပြောဆိုလိုက်လေသော်ငြား ယောကျ်ားတွေဘက်က ရှေ့နေလိုက်ရမလား ဆိုပြီး မိမိရီ တင်သွားခဲ့သည်။

'ကြီးတော်ရယ်… အမှန်ကို တကယ်မသိဘဲနဲ့ ဘယ်နှယ်ကြောင့် ဒီကာလနာတွေဘက်က ရှေ့နေလိုက်နေရတာတဲ့တုန်း၊ ကျွန်မက ကိုယ်တကယ်ကြုံတွေ့နေရတာမို့ အခိုင်အမာ ပြောနေရတာရှင့်၊ ပြောနေရတာ'

'ဟိုင်း… ဆိုစမ်း'

'ကြီးတော့် ရွာအနောက်ဖျားက ဖက်တီးဝင်းမောင်ကို သိတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'သိပ့်ါတော် သိပ့်ါ၊ ရွာရိုးကိုးပေါက် ကိုးကျင်းကိုးကျင်း လှည့်ပြီး သူ့ဗိုက်ရာဝင်အိုးနဲ့ မဆန့်ဆန့်အောင် ထန်းရည်သောက်တဲ့ ကဇော်သမား မဟုတ်လား'

'သေချာတာပေါ့၊ အဲဒီ ဖက်တီးဝင်းမောင်ကို ပြောနေတာ၊ သူ ကျွန်မကို ရိသဲ့သဲ့လုပ်ချင်နေတဲ့ သဘောရှိတယ်'

'မဟုတ်တာဟယ်၊ ညည်းယောကျ်ား ကျင်ငွေနဲ့လည်း ခင်ခင် မင်မင် ရှိနေတဲ့ဥစ္စာ၊ ကျင်ငွေ့ကို မျက်နှာပျက်အောင် လုပ်ပါ့မလား'

'အဲဒါတော့ ကျွန်မ မသိဘူး၊ ကျွန်မ သိတာကတော့ ဖက်တီး ဝင်းမောင်က ကျွန်မကို အလစ်ချောင်းနေတယ်ဆိုတာပဲ၊ ဟိုတစ်နေ့က စာပေးမလို့ ထင်ပါရဲ့၊ စာတစ်စောင် စာအုပ်တစ်အုပ်ကြားညှပ်လိုက် တာ တွေ့ရတယ်၊ အဲဒီနေ့က လူမလစ်လို့ လစ်ရင် ကျွန်မကို စာပေး မှာ ကျိန်းသေပဲ'

'မယုံဘူးအေ'

'မယုံရင် ကြီးတော်နဲ့ ကျွန်မ စပါးဆယ်တင်းကြေးလောင်း မလား၊ ဖက်တီးဝင်းမောင် ကျွန်မကို စာပေးရင် ကျွန်မနိုင်တယ်၊ အရီးက စပါး ဆယ်တင်းပေးရမယ်၊ အဲလိုမှ မဟုတ်ဘဲ စာမပေးဘူးဆို ရင် အရီးနိုင်ပြီ၊ အရီးကို စပါးဆယ်တင်း ကျွန်မပေးမယ်၊ ဘယ်နှယ် လဲ'

မိမိရီက ဆွပေးလာသဖြင့် ကြီးတော်မငွေမြလည်း မခံချင် ဖြစ်သွားမိသည်။ သည့်အတွက်…

'စိန်လိုက်အေ၊ စိန်လိုက်'

သည်လိုမျိုး နှုတ်မှ လွတ်ခနဲထွက်သွားမိခဲ့ပြီးသည့်နောက် နောင်တရချင်သလိုလိုလည်း ဖြစ်ရပြန်သည်။ သူရှုံးလျှင် စပါး ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တင်းကြီးတောင်မှ အသားလွတ်ပေးရမည်ပဲ။

စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်လောက်ပါပေ၏။

မိမိရီကား ကလေးတစ်ယောက်အမေဖြစ်သော်လည်း ရင်သား အလှပျက်မည်စိုးသဖြင့် မိခင်နို့ကို မတိုက်။ ကလေးအား နို့မှုန့်သာ တိုက်ကျွေးခဲ့သည်။ သည့်အတွက် မိခင်မေတ္တာခေါင်းပါးရမလားဟူ၍ လည်း လင်တော်မောင်ကျင်ငွေက မဆိုခဲ့။ ဩော်… ငါ့မယားမိမိရီဟာ ငါ့အတွက် ဒီလိုလုပ်တာပါကလားဟူ၍ပင် တစ်လွဲတွေးလျက် ဆန်ရေ စပါးရှားလောက်သည့် ပြီတ္တာပြုံးပင် ပြုံးလိုက်ပါသေး။

နဂိုကတည်းကပင် လှချင်ပချင် ကြော့ကြော့ကလေးနေချင် သူမို့ ကလေးကိုလည်း ထိန်းရမှန်းမသိ။ မိဘတွေထံ ပို့ထား၏။ စားလိုက်၊ အိပ်လိုက်၊ လေ့ကျင့်ခန်းလုပ်လိုက်၊ မှန်မှ သာခြယ်လိုက်နှင့် ဆိုတော့ မိမိရီ၏ ရုပ်လွှာကား အအိုသာဆုံ့ရ အပျိုက ရှုံးပြန်ဆိုသည့် ကိန်းမျိုးဆိုက်နေပေတော့သည်။ ဒါကြောင့်ပဲ ဖက်တီးဝင်းမောင်တို့က ရသာလျှင် ဘနဖူး သိုက်တူးဖို့ ကြံရွယ်ကြလေသလား။

ခုတလော အိမ်မှာ ကျင်ငွေမရှိ။ ကျူတောရိုးရွာ လယ်ပိုင် ရှင်ဦးစံမြင့်က ၎င်း၏ အလှူ၌ ကွဲရောက်လာကြမည့် ဧည့်ပရိတ်သတ် အပေါင်းအား ဝက်သားကိုပြောင်ကျွေးရန် စီစဉ်ထားသည်မို့ ဝက် ကောင်ရေ အပြည့်အဝရရန် ကျင်ငွေ့အား တရားဝင်လွှဲအပ်ထားလိုက် လေသည် မဟုတ်လား။ ကျင်ငွေက လျှင်သည်။ သူ့အတွက်တစ်နည်း အားဖြင့် မမလေး ထဘီဖိုးရရန်အတွက် ကျားကုပ်ကျားခဲဆိုသလို ရွာစဉ်လှည့်ပြီး ဝက်ကိုရှာသည်။ များများရှာနိုင်လေ သူ့အတွက် တွက်သားကိုက်လေလေပင်။

နောက်တစ်ရက်မှာတော့ ကြီးတော်မငွေမြနှင့်မိမိရီတို့ တူအရီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် လေးအိမ်စုရွာအသွား ခမ်းလှမ်းလှမ်းမှလာနေသော ဖက်တီးဝင်းမောင်ကို ရိပ်ခနဲတွေ့လိုက်ရသည်။ မဟုတ်မှလွဲရော သာဘာန်းတို့ထန်းတောမှပြန်လာခြင်း ဖြစ်မည်။

'ကြီးတော်'

'အေ'

'ဟောဟိုမှာ ဖက်တီးဝင်းမောင် ဒီကိုလာနေတယ်၊ အဲဒါကြီးတော် ခပ်လှမ်းလှမ်းကနေ လိုက်ပြီး အကဲခတ်ချေ၊ ဟုတ်ပြီလား'

'အေးပါအေ၊ အေးပါ'

ကြီးတော်မငွေမြ ခြေလှမ်းအတော်များများ နောက်ချန်ပြီး လျှောက်သည်။ ပတ်ဝန်းကျင်မှာက လူရိပ်လူခြေရှင်းနေသည်။ ဖက်တီးဝင်းမောင်တို့အဖို့ အကြိုက်ကျသော အနေအထား။ တဘက်ကလေးခေါင်းပေါ်တင်၍ မသိမသာအကဲခတ်နေရသည်ကပင် ကြီးတော်မငွေမြအတွက် ရင်တွေခပ်ခုန်ခုန်။

ဟော... ဟော...။

ဖက်တီးဝင်းမောင်သည် မိမိရီအား မျက်တောင်မခတ်စတမ်း စိုက်ကြည့်ပြီး တန်းတန်းမတ်မတ်လာနေသည်ကိုတွေ့ရ၏။ မိမိရီအပါး ရောက်လေသောအခါ ပြုံးပြုံးရယ်ရယ်နှင့် ဘာတွေပြောဆိုမှန်းမကြား သိရဘဲ ၎င်း၏လက်ထဲမှ စာအုပ်တစ်အုပ်အား မိမိရီလက်ထဲ ပေးသွားခဲ့သည်ကို မျက်ဝါးထင်ထင် မြင်ရလေသောအခါ စပါး (၁၀)တင်းပေးရတော့မည့်အရေးအတွက် ကြီးတော် မငွေမြခမျာ ယူကြုံးမရအပူလုံးကြွရရှာလေသတည်း။

၀



www.burmeseclassic.com

www.burmeseclassic.com

တူအရီးနှစ်ယောက်သား အိမ်ပြန်ရောက်ကြပြီ။

မိမိရီ၏အပြုံးကား အောင်နိုင်သူ၏အပြုံး။ အောင်သေအောင် သားစားရတော့မည့် အပြုံးမျိုးပါတည်း။

'ကိုင်း... ဘယ်နှယ်လဲ ကြီးတော်၊ ကြီးတော် ရှုံးပြီမဟုတ်လား၊ အဟင်း... ဟင်း... မိမိရီတို့တော့ အဝတ်အစားတွေ ထပ်ဝယ်လို့ရအောင် စပါး ဆယ်တင်းကြီးများတောင် ရတော့မှာပါတကား အဟက်... ဟက်...'

'အေးပါအေ၊ အေးပါ၊ ငါ့မျက်စိနဲ့ တပ်အပ်မြင်တာဆိုတော့ ငါလည်း ငြင်းလို့မရပါဘူး၊ သေနာကောင် ဖက်တီး၊ သူများသားမယားကိုတောင် ပြစ်မှားချင်ရတယ်လို့၊ ဒုသနသောငရဲကျမယ့် တဏှာကောင်'

ကိုယ့်ဘက်က ရှုံးသွားပြီဆိုတော့ ရှုံးမဲမဲသည့်သဘောဖြင့် ဖက်တီးဝင်းမောင်အပေါ်ဝယ် မေတ္တာတွေ အတုံးလိုက် အတစ်လိုက် ပို့သမိလေတော့၏။

'ဒါ့ထက် နေပါဦး မိမိရီရယ်၊ ဖက်တီးဝင်းမောင် ညည်းကို ဘယ်လိုများ ရေးထားတယ်ဆိုတာ ကြီးတော်ကို ဖတ်ပြစမ်းပါဦး'

'ကျွန်မကို ဘယ်လိုချစ်တယ်၊ ကျွန်မအလှကို ဘယ်လိုရွှံ့သင်း နေရပါတယ်ဆိုတာပဲ ဖြစ်မှာပေါ့၊ ဟွန်း... ဟွန်း... ကြီးတော်တင်



www.burmeseclassic.com

www.burmeseclassic.com



မကာပါဘူး၊ ကျွန်မလည်း သိချင်နေတာပါပဲ၊ ကဲ··· ကဲ··· နားထောင် ကျွန်မ ဖတ်ပြပါ့မယ်'

ပြောပြောဆိုဆိုနှင့် စာအုပ်ကြားမှ စာရွက်ခေါက်ကလေးကို ထုတ်ယူလိုက်သည်။ ပြီး··· ဖြန့်၍ အသံထွက်ဖတ်လိုက်သည်။

*သို့*

*မိမိရီ···*

*ငါ ဟိုတစ်ပတ် စမ်းရွာသွားပြီး ဝက်ဝယ်ရာကအပြန် ထန်းရည်ဆိုင်တစ်ဆိုင်မှာ ဖက်တီးဝင်းမောင်နဲ့ ဆုံကြတယ်။*

*အဲဒီမှာသောက်စားကြရင်း စကားတွေ ဟိုရောက်ဒီရောက် ပြောကြဆိုရာက ဖက်တီးဝင်းမောင်က ပြောလာတယ်။*

*'ဟေ့လူ··· ကိုကျင်ငွေ ခင်ဗျားမိန်းမဟာ ခင်ဗျားရွာမှာ မရှိဘူးဆိုရင် သူ့ကိုယ်သူ ကလေးတစ်ယောက်အမေ အအိုလို့သဘော ထားပုံမရဘူး၊ ကြော့မော့နေအောင် ဖီးလိမ်းပြင်ဆင်ဝတ်စားပြီး ရွာထဲ လှည့်နေတော့တာပဲ။ ကောင်္ခ အပျိုလုပ်ချင်နေလို့နဲ့တူတယ်။ အဲဒါ ခင်ဗျားသိရအောင် အသိပေးထားတာပါ'တဲ့။*

*ဒီတော့ ငါက···*

*'ကျုပ်မိန်းမ မိမိရီဟာ ဒီလိုမျိုးမဟုတ်ပါဘူး'လို့ ဆိုတော့ သူက···*

*'ဒါဖြင့် ခင်ဗျား စာတစ်စောင်ရေး၊ အဲသည်စာ ခင်ဗျား မိန်းမ မိမိရီကို ပေးမယ်၊ အဲသည်စာ မယူရင် ခင်ဗျား မိန်းမ မိမိရီဟာ ဖောက်လွဲဖောက်ပြန်မရှိတာ သေချာတယ်။ ယူသွားရင်တော့ ခင်ဗျား ယူထားတာ*



www.burmeseclassic.com

www.burmeseclassic.com



*မှာသွားပြီလို့ သဘောပေါက်'တဲ့။*

*ဒါနဲ့ ငါလည်း မခံချင်စိတ်ပေါက်ပြီး ဒီစာရေးလိုက်တာပါ။ ဒီစာ နှင့်လက်ထဲရောက်မလာရင်တော့ အကြောင်းမဟုတ်ဘူး။ ရောက်သွားပြီဆိုရင်တော့ နှင်နဲ့ငါ ရေစက်ကုန်ပြီလို့ မှတ်လိုက်ပေတော့။ နတ်စင်ကုန်းက ဝက်ကုန်သည် ဦးကံဝင်းရဲ့ညီမနဲ့ ငါနဲ့ ဘာလိုလို ဖြစ်နေကြတာမို့ နှင့်ကိုကွာပြီး ငါ ယူလိုက်တော့မယ်။*

**ဒါပါပဲ... နှင့်လင်**

**ကျင်ငွေ**

နီဂိုးကမှတ်အဆုံးသတ်လိုက်လေတော့ ကြီးတော် မငွေမြအဖို့ ရည်းစားစာမဟုတ်လေသည့်အတွက် စပါးဆယ်တင်း မလျော်နိုင်ဟု ဆိုလိုက်ရသည်။

အမှုလုပ်လျှင်ဖြင့် မိမိရီအဖို့ အရှက်ရစရာချည်း။

ခုတော့ဖြင့် မြွေပါလည်းဆုံး သားလည်းဆုံးရမည့်အနေအထား။

'အောင်မလေး ကြီးတော်ရဲ့ အဲ့ဟဲ့ဟဲ့... ကျွန်မတော့ အဆိုလိုမနေမိတော့ ကိုယ်ရီတယ်လေးဆိုတဲ့ကိန်း ဆိုက်နေပါလားတော့၊ အော့ ဟော့ဟော့ ကိုကျင်ငွေပြန်လာရင် ကြားထဲက ကူညီဖြေရှင်းပေးပါအုံး... ဟုန်း... ဟုန်း... ဟုန်း...'

မိမိရီ၏ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သံကြောင့် နှစ်သောင်းလေးထောင်အထုရှိသည့် မဟာပထဝီမြေကြီးခမျာ သိမ့်သိမ့်ခါတုန်လှုပ်သွားရပါလေသတည်း။

၀



www.burmeseclassic.com

www.burmeseclassic.com

ရာသီတွေ အလီလီပြည့်ခဲ့ပါပြီကော။

မောင်မောင်ပုပင်လျှင် အသက် ၂၀ ပြည့်မြောက်ပြီးသည့်နောက်ပိုင်းမှာတော့ သူ့နောင်တော် ဦးပဥ္စင်းကြီး သီတင်းသုံးသည့်ကျောင်း၌ ပဥ္စင်းခံပြီး မိဘတွေကို ကူထောက်ပေးဖို့အတွက် မိဘတို့၏ လက်ငုပ်လက်ရင်း လယ်ယာလုပ်ငန်းခွင်သို့ဝင်ကာ ဦးစီးဦးဆောင်ပြုနိုင်ခဲ့ပြီပင်။

ချစ်သူငယ်ချင်း ဒီလုံးကလည်း မိဘတို့၏ လက်ငုတ်လက်ရင်းကိုပင် မောင်မောင်ပုကဲ့သို့ လုပ်ကိုင်နေလျက်ရှိရာ မိဘတွေအဖို့ သိတတ်သော သားသမီးတွေကြောင့် နှလုံးစိတ်ဝမ်း မြေ့ချမ်းရပါသည်ကော။

တမြန်နှစ်က ဒီလုံး၏အမေဒေါ်ထွေးတင်တစ်ယောက် မီးယပ်ရောဂါဖြင့် အိပ်ရာထဲလဲခဲ့သည်။ သည့်နောက် တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို လေဖြန်းပြီး အောက်တစ်ပိုင်းလုံး မလှုပ်မရှားနိုင်ဖြစ်ကာ အောက်ပိုင်းသေသွားသလိုလို။ ဗိန္ဓောဆရာဦးအောင်ကြီးကိုပင့်ပြီး ကုသကြည့်သည်။ မထူးခြား။ မြို့တက်ပြီး ဆရာဝန်တွေနှင့် ပြသကြည့်သေးသည်။ ကံနာဝဋ်နာဟု ဆိုရမည်လား မဆိုသာ။ အခြေအနေကတိုးတက်မလာ။ သည်တော့ အောက်ပိုင်းမလှုပ်ရှားနိုင်သော ဝေဒနာသည် မိခင်ကြီးအတွက် ပြုစုဖို့တာဝန်ကို ညီမငယ် မိမိသီအား ပေးခဲ့ရသည်။

www.burmeseclassic.com



မိမိသီကလည်း လိမ္မာသည်။ အစ်မကြီး မိမိရီလိုမဟုတ်။ မိခင်၏ ကျေးဇူးတရားကို နားလည်ကာ အစားအစာအချိန်မှန် ကျွေးသည်။ ခြေဆုပ်လက်နယ်ပြုသည်။ ကျင်ကြီးကျင်ငယ် ချေးသေး ကလူတို့ကို မရွံမရှာသန့်စင်ပေးသည်။ အိပ်ရာကို အမြဲသန့်ရှင်းပေး သည်။ မိခင်ကြီး၏ အဝတ်အစားအပါအဝင် မိသားစု၏ အဝတ်အစား တွေကိုပါ အမြဲလိုလျှော်ဖွတ်ပေးသည်။ ဒါတင်မက နေအိမ်သန့်ရှင်း ရေး၊ မီးဖိုချောင်ချက်ရေးပြုတ်ရေးကိစ္စတို့၌ ထောင့်စေ့နေစမြဲ။

သည်လိုမျိုး အလုပ်နှင့်လက် မပြတ်တမ်း လှုပ်ရှားနေရ၍ထင့် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးကာ ကျန်းမာရွှင်လန်းလျက်ရှိပြီး ချောကလေး တစ်စိုစိုနှင့် ကြည့်မဝအောင် ဖြစ်ရလေသော ကျေးရွာသူပျိုဖြူလေး ပါပေ။ အသက်ကလည်း ၁၆၊ ၁၇ ကျော်ပြီဆိုတော့ လှသွေးရည်တွေ ရွှန်းရွှန်းစိုပြီပဲပေါ့။

သည်မှာတင် ဒီလုံးတို့အိမ်သို့ အဝင်အထွက်ရှိသော မောင် မောင်ပုခမျာ ဟိုးအရင့်အရင်အခါကာလ ငယ်ဘဝတုန်းဆီက မိမိသီ အား ဖုတ်လေသည့်ငပိ ရှိသည်ဟူ၍တောင် အမှတ်သညာမရှိခဲ့လေ သည်ကို ယခုတော့လည်း နောင်တရချင်သလိုလို ဖြစ်ခဲ့ရလေပြီ။

အရွယ်ရောက်သူတိုင်း နှလုံးသားလှုပ်ရှားစ နှုတ်ဖျားက တမ်းတတတ်သော အရာဟူသည် အချစ်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆို သျှင် မောင်မောင်ပုအဖို့ သူငယ်ချင်း ဒီလုံး၏ညီမ မိမိသီအား နှစ်နှစ် ကာကာ ချစ်နေမိပြီဆိုခြင်းမှာ သေချာသလောက် ရှိခဲ့ပါချေပြီ။

'ဟေ့ကောင်… မောင်ပု'

'ဘာတုံး ဒီလုံး'

'မင်း… ငါ့ဆီ အလာစိပ်လှချည်လား၊ ကေန္တတော့ မင်း ရိုးတော့ဘူးနဲ့ တူတယ်၊ ငါ့နှမ မိမိသီကို ချိန်နေတယ် မဟုတ်လား၊ ပြော'



www.burmeseclassic.com

www.burmeseclassic.com


'ဟာ… ဟာကွာ'

ဒီလုံးက ပွင့်ပွင့်လင်းလင်း ပေါ်ပေါ်တင်တင်ကြီး ဖြောင်းမေး ချလိုက်တော့ မချစ်ဖူးသေးသည့် အုံပုန်းအချစ်ရှုးကလေး မောင်မောင်ပု ခမျာ မျက်နှာတွေထူပူသွားပြီး အဖြေမပေးတတ်နိုင်အောင် ကြောင် အမ်းအမ်းကြီး ဖြစ်ခဲ့ရလေသည်။

'ပြောပါကွ၊ ပွင့်ပွင့်လင်းလင်း ပြောလိုက်စမ်းပါ၊ နှမလင်နေ မောင် ဟိုဟာကျိုန်းဆိုတဲ့ အစားထဲမှာ ငါ မပါပါဘူး၊ တစ်မိသားနဲ့ တစ်မိသား အရွယ်ရောက်လာတဲ့အခါ ဆွေမျိုးတော် မျိုးမစပ်ပေမဲ့ နှမဖူးစာပါရင် ညားကြတာ ဓမ္မတာပါကွာ၊ မင်းကလည်း လူပျို၊ ငါ့ နှမကလည်း အပျို၊ လွတ်လပ်တဲ့အပျိုကို လွတ်လပ်တဲ့လူပျိုက စိတ် ဝင်စားတာ ကြိုက်တာ ဘာဆန်းသလဲ'

'မင်းကို ငါ မသိမသာ အကဲခတ်နေတာ၊ မင်း ငါ့နှမကို ကြည့်တာ ပြောတာဆိုတာတွေဟာ အရင်ကလို မဟုတ်ဘူး၊ ခပ်လှမ်း လှမ်းကနေ အာရုံစူးစိုက်ကြည့်တာလည်း ရိပ်မိတာပဲ၊ စကားသွားပြော တာလည်း တစ်ခုခုကို စိုးရိမ်နေသလိုမျိုး အသိတ်ထိတ်အလန့်လန့် ပုံပေါက်နေတာလည်း သိတာပါ၊ လျှော့မတွက်နဲ့ မောင်ပုရာ၊ ငါ့ နာမည် ဒီလုံးပါ၊ ကျီပုန်း မဟုတ်ပါဘူး'

'အေးကွာ၊ အမှန်အတိုင်းပြောရရင် ငါ မိမိသီကို ရင်ထဲနင့် အောင် ချစ်နေမိတာအမှန်ပဲ၊ ငါ မိမိသီကိုချစ်တယ် ဒီလုံး၊ မင်း စိတ်ဆိုးရင်လည်း ဆိုးတော့'

'ဟား… ဟား… ဟား… ဟား…'

ဒီလုံးက ရုတ်တရက် ရယ်ချလိုက်သည့်အတွက် မောင်မောင် ပု ကြောင်သွား၏။

'ကျလည်း ကျတဲ့ကောင်ကွာ၊ ငါက ဘာဖြစ်လို့ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးရမှာလဲ၊ မင်းနဲ့ငါဟာ အချစ်ဆုံးသူငယ်ချင်းတွေမဟုတ်ဘူးလား၊ အေး… မင်းစောစောက ပြောလိုက်တဲ့စကားနဲ့ပတ်သက်လို့ ငါ့ဘက်က ကန့်ကွက်စရာတစ်ခုရှိတယ်'

ဒီလုံး၏စကားကြောင့် မောင်မောင်ပုရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ကေန္တ မိမိသီတစ်ယောက် မိဘတွေ ရည်မှန်းထားသူရှိနေ၍လား။ ဒါမှမဟုတ် ဒီလုံးကိုယ်တိုင်က သူ့အပေါ် မလေးမစားလုပ်မည်စိုး၍ ယောက်ဖအဖြစ် သဘောမတူနိုင်၍လား။

'ဘာ… ဘာများပါလိမ့် ဒီလုံးရာ'

မျက်နှာကလေး ညှိုးကျသွားသော မောင်မောင်ပုအဖြစ်ကို ကြည့်၍ ဒီလုံး ရယ်ချင်ပက်ကျိ ဖြစ်သွားလေသည်။

'အေး… ငါပြောတဲ့စကားကို သေသေချာချာနားထောင်၊ ကန့်ကွက်စရာဆိုတာက မင်းစောစောက ငါ့ကိုပြောလိုက်တဲ့စကား၊ ဘာတဲ့ မိမိသီကိုချစ်တယ် ဟုတ်လား'

'ဟုတ်… ဟုတ်တယ်လေကွာ'

'အေး… ငါ ကန့်ကွက်တာ အဲဒါပဲ'

'ဟင်'

'မဟင်နဲ့၊ အဲဒီစကား ငါ့ကိုပြောတာ ကန့်ကွက်တယ်၊ အဲဒီစကားကို ပြောရမှာက ငါ့နှမကိုပဲကွ၊ သိလား၊ ဟား… ဟား… ဟား'

ဒီလုံးက တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် လှုပ်ခါရယ်မောနေသည်။ သည်တော့မှပင် မောင်မောင်ပုရင်ထဲ အလုံးကြီးကျသွားရလေတော့သည်။ တော်တော်နောက်တဲ့ ဒီလုံးပါတကား။

ဝ



www.burmeseclassic.com

www.burmeseclassic.com

ရှေးပရံပရ ဘဝရေစက်ကြောင့်ပေလားတော့ မသိ။

တစ်ဦးနှင့်တစ်ဦး အတွင်းသိအစင်းသိတွေကလည်း ဖြစ်ပြန် မိဘတွေကလည်း ကြည်ဖြူ၊ အစ်ကိုဒီလုံးကလည်း တဟဲဟဲဖြစ်နေ လေတော့ မိမိသီအဖို့ မောင်မောင်ပု ခွန်းဟလာသော မေတ္တာကို ပွင့်လင်းစွာ တုံ့ပြန်အဖြေမပေးခဲ့သည့်တိုင် ငြင်းပယ်ခြင်းမပြုခဲ့။

'ဘယ်လိုလဲ မိသီ၊ ကိုပုကို အဖြေပေးပါလားကွယ်'

'ဘယ်လိုပြောရမှန်းမသိဘူး ကိုပုရယ်၊ မိသီရဲ့ အိမ်ထောင်ရေးကိစ္စမှာ မိဘတွေရဲ့သဘောကိုပဲ မိသီ ဦးထိပ်ထားပါတယ်၊ အခု မေးတုန်းကလည်း မိသီကို ကြိုက်တဲ့သူတွေ၊ မေတ္တာတောင်းခံသူတွေ အများကြီးရှိခဲ့ပေမဲ့ ငြင်းခဲ့တာချည်းပဲလို့၊ ကိုပုကျတော့ အတွင်းသိ အစင်းသိတွေ၊ ဒါကြောင့် မငြင်းပယ်ဘဲ နေတာပေါ့၊ လက်ခံတယ် လက်မခံဘူးဆိုတာကတော့ အမေ့သဘောတစ်ခုတည်းပါပဲ၊ အဲဒါတော့ နားလည်သဘောပေါက်ပေးပါ ကိုပုရယ်နော်'

မောင်မောင်ပု၏အဖြစ်က သံပရာတစ်ခြမ်းညှပ်ထားသော ထန်းလျက်တစ်ဆယ်သားကို စားမိသူ၏အဖြစ်မျိုး။ ဒါပေသည့် အနေက ကိုယ့်ဘက်မှာ အတော်ကလေး အလေးသာနေသည့် အခြ အထား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလုံးနှင့် ဆုံမိကြလေတိုင်း မောင်မောင်ပု ပါမလာသည့်အခါ မျိုးဝယ် ,သူငယ်ချင်းတွေက မေးကြသည်။

'ဟော့ကောင် ဒီလုံး မင်းညီမ မိမိသီကို မောင်ပု ချိတ်နေတယ်ဆို'

'အေး… အဲဒါ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ၊ မင်း ဘာမှမလုပ်ဘူးလား'

'ဟ… ဘာလုပ်ရမှာလဲ၊ လွတ်လပ်တဲ့လူပျိုတစ်ယောက်က လွတ်လပ်တဲ့ အပျိုတစ်ယောက်ကို ရစ်ခွင့်ရှိတာပဲ၊ တစ်ဖက်မိန်းကလေး သဘောတူကြည်ဖြူမှုမရှိဘဲ ကိုယ်ထိလက်ရောက် စော်ကားတာမျိုး မဟုတ်ရင် အနေသာကြီးပါကွာ'

'တော်တော်ရှားတဲ့ ဒီလုံးပါပဲလားကွာ၊ ငါတို့ကတော့ ကိုယ့်နှမအပေါ် ချိတ်လာတဲ့ ငတိဆိုရင် သူငယ်ချင်းသောဘာသော နားမလည်ဘူး၊ တီးထည့်လိုက်မှာပဲ'

'အဲဒါ မင်းတို့ခက်တာပေါ့၊ မင်းတို့နှမက အကြိုက်ကြီးကြိုက်ပြီး ခိုးရာနောက် အတင်းလိုက်သွားမှ၊ ပြီးတော့ မင်းတို့အတွက် တူလောင်းတူမလောင်းတွေကို အမွေပေးပြီး လစ်ပြေးသွားမှ၊ မင်းတို့ဝေါင်းပြီးကျန်နေရစ်မှာ၊ ငါ့ကောင် မောင်ပုက ငါနဲ့ ဟိုကလေးဘဝကတည်းက လည်ပင်းဖက်ကြီးလာတဲ့ သူငယ်ချင်း၊ သူတို့မိသားစုနဲ့ ငါတို့မိသားစုဆိုတာ တစ်ယောက်အကြောင်းတစ်ယောက် အတွင်းသိအစင်းသိတွေ၊ ပြီးတော့ မောင်ပုဟာ ရပ်ထဲရွာထဲမှာ ဆိုးသွမ်းပေတေနေတာလည်း မဟုတ်ဘူး၊ ရိုးရိုးသားသား မိဘကို လုပ်ကိုင်ကျွေးမွေးနေတာ၊ ဒီတော့ ငါ့ကောင်ကြီးမောင်ပုသာ မိသီကို ခိုးပြေးတယ်ဆိုရင် ငရဲကြီးကြီး မကြီးကြီး ငါ့နှမ ထဘီထုပ်ကို ငါကိုယ်တိုင်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျညီလိုက်ဦးမှာ၊ ဒါဆို ငါ့သဘောထား ဘာလဲဆိုတာ သဘောပေါက်’

ဒီလုံး၏သဘောထားက ခပ်ပြတ်ပြတ်။

ဒါပေသည့် ချစ်သူငယ်ချင်း မောင်မောင်ပုတစ်ယောက်ကသိကအောက်ဖြစ်အောင်တော့ အကွက်ဆိုက်သည့်တစ်နေ့ အချွန်ကလေးနှင့် မလိုက်ရဦးမည်ဆိုသည်ကိုတော့ ခေါင်းထဲထည့်ထားလိုက်ပါသတည်း။

ဝ ၇



www.burmeseclassic.com

www.burmeseclassic.com

စပါးတွေလည်း မောင်းညှိရင့်ခဲ့ပြီ။

'တန်ဆောင်မုန်း နတ်တော် မုန့်ဆန်းပေါ်' ဆိုသော စကားနှင့် အညီ ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းလနှောင်းပိုင်းရောက်ပြီဆိုလျှင် ကောက်ညှင်းအနံ့များကို ရိုက်ဖြတ်ကာ ဦးစွာနေပူလှန်း၏။ ပြီးလေသော် အနှံများကို ဂုံနီအိတ်ထဲသွတ်သွင်းထုပြီး ကောက်ညှင်းစပါးတို့ကို ခြွေလိုက်သည်။ ပြီးလေသော်… ဒယ်အိုးထဲထည့်လှော်ပြီး သစ်သားဆုံထဲတွင် တထုံထုံမြည်သံပေးကာ ထုထောင်းလေတော့၏။ ပြားကပ်ကပ် ကောက်ညှင်းစေ့ပြားများကို စကောထဲထည့်ကာ ပြာတီးပြီးလေသောအခါ မုန့်ဆန်းဆိုသည်ကို ရတော့၏။

မုန့်ဆန်းရပြီဆိုလျှင်ဖြင့် ရေစပ်စပ်လေးဖျန်းလျက် သကြားနှင့်နယ်ပြီး သုံးဆောင်မလား။ ထန်းလျက်ရည်နှင့်ပေါင်းစပ်ကာ မုန့်ဆန်းမရွေးပဲ အသွင်ပြောင်းပြီးတွယ်မလား။ တကယ့်ကို ရှယ်မှရှယ်။ ကလေးတွေဆိုလျှင် ကောက်ညှင်းအနံ့များကို ကောက်လှိုင်းစည်းတွေထဲမှ ဆွဲထုတ်ပြီး မီးပုံထဲထည့်ကြသည်။ ဤတွင် တဖောင်းဖောင်းမြည်သံတွေနှင့်အတူ ပေါက်ပေါက်တွေဖြစ်လာခဲ့သည်။ ကောက်ညှင်းပေါက်ပေါက်တွေက ကလေးတွေအကြိုက်။



www.burmeseclassic.com

www.burmeseclassic.com


မောင်မောင်ပုနှင့် ဒီလုံးတို့ သူငယ်ချင်းနှစ်ယောက် တံစဉ်တွေ သဖို့ရာအတွက် မြို့ရှိ ပန်းဘဲဖိုသို့ တက်ခဲ့ကြသည်။ ဒီလုံး ပန်းဘဲဖို၌ ကျန်ရစ်နေခဲ့စဉ် မောင်မောင်ပုလည်း ဈေးသို့ထွက်ခဲ့ပြီး ဝယ်ခြမ်းစရာတွေ ဝယ်ခြမ်းလာခဲ့၏။

'ဟေ့ကောင် မောင်ပု၊ ဟောဟိုအထုပ်က ဘာအထုပ်လဲ'

'ဘာအလုပ်ရမှာလဲ၊ ရွာပြန်ရောက်ရင် မိသီကို မျက်နှာလုပ်ရမယ်လေကွာ၊ ကြီးကြီးစားဖို့ဆိုပြီး ပေးဖို့လေ အဟဲ… ဟဲ…'

အချိန်တွေ စောနေသေးရကား ထမင်းဆိုင်၌ ထမင်းစားပြီး သကာလ မောင်မောင်ပုလည်း ရွာအပြန် ကားတွေလာဦးမည်မဟုတ်သေးသည့်အတွက် ပန်းဘဲဖိုရှေ့ရှိ ကွပ်ပျစ်ပေါ်၌ ထမင်းလုံးစီရင်းတခေါခေါနှင့် အိပ်ပျော်သွားလေတော့၏။

'မှန်းစမ်း ဒီကောင် ငါ့နှမအတွက် ဘာတွေဝယ်လာတာပါလိမ့်'

အထုပ်ကို ဖွင့်ကြည့်လိုက်တော့ ကိတ်မုန့်တစ်လုံး၊ သည်ခဏ ဒီလုံးခေါင်းထဲ လက်ခနဲဖြစ်ကာ အကြံတစ်ခုရလိုက်သည်။

'ဟာ… ဟုတ်ပြီ၊ ဒီကောင့်ကို ပညာပေးရမယ်'

ရလာသည့်အကြံအတိုင်း အထုပ်ကို ဆွဲလျက် အပြင်ထွက်လာခဲ့သည်။ အိမ်ခြံဝိုင်းတစ်နေရာကိုရောက်တော့ လှမ်းဝင်လိုက်သည်။ အိမ်၏မျက်နှာစာမှာတော့ ဆိုင်းဘုတ်တစ်ခုက အထင်းသား။

ဆရာ ကရင်ကြီး
မြွေမျိုးစုံ ဖမ်းဆီးရောင်းချသည်။


www.burmeseclassic.com

www.burmeseclassic.com



ဆရာကရင်ကြီးကား အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တော သူတတ်ကျွမ်းသော ပညာဖြင့် မြွေမျိုးစုံ ရှာဖွေဖမ်းဆီးလျက် အသက်မွေးဝမ်းကျောင်းပြုနေသော မြွေဖမ်းဆရာကြီးဖြစ်၏။ သူ့တစ်ကိုယ်လုံးမှာလည်း မြွေဆေးတွေထိုးထားသည်မှာ နေရာအနှံ့။

ခုတစ်လော မြွေပွေးက အတော်ကလေး အဝယ်လိုက်သည်။ ကင်ဆာသမားတွေအတွက် မြွေပွေးသားသည် ဓာတ်စာဆိုလား။ ဘာလား။ အလိုရှိသူတွေက အော်ဒါမှာထားသဖြင့် အတော်ကလေး အလုပ်ဖြစ်နေခဲ့၏။

'ဗျို့… ဆရာကြီး မြွေတစ်ကောင်လောက် လိုချင်လို့'

သည်သို့ပြောဆိုရင်း ဒီလုံး အိမ်ထဲသို့ဝင်ခဲ့သည်။

'ရတယ်လေ၊ မြွေပွေးလား၊ မြွေဟောက်လား၊ ငန်းတော်ကြားလား'

'ဟင့်အင်း… မြက်လျောတစ်ကောင်လောက်'

'ဘာ'

မမျှော်လင့်သော စကားကြောင့် ဆရာကရင်ကြီးတင်းသွား၏။

'ဟေ့ကောင်… မင်း ငါ့ကို ဘာမှတ်လို့လဲ၊ ငါက အဆိပ်ပြင်းမှုဆိုတဲ့ မြွေတွေကို ဖမ်းတဲ့ကောင်ကွ၊ ကလေးကစားစရာ အလုပ်တွေကို လုပ်တာမဟုတ်ဘူး'

သူ့စကားကြောင့် မြွေဖမ်းဆရာကြီး တင်းသွားမှန်း ဒီလုံး ရိပ်မိလိုက်သည်။ ထို့ကြောင့်ပင် ပျာပျာသလဲ တောင်းပန်လိုက်ရသည်။

'စိတ်မဆိုးပါနဲ့ ဆရာကြီးရယ်၊ ကျွန်တော် ရှင်းပြပါ့မယ်၊ ဆရာကြီးရဲ့ပညာကို စော်ကားတာမဟုတ်ပါဘူး၊ ကျွန်တော့်အခန်းသူငယ်ချင်းကို နောက်ပြောင်ချင်လို့ပါ၊ အဆိပ်ရှိတဲ့မြွေဆိုရင်



www.burmeseclassic.com

www.burmeseclassic.com


အန္တရာယ်ဖြစ်မှာစိုးလို့ အဆိပ်မရှိတဲ့ မြွေကိုဝယ်တာပါ'

'ဩော်… ဒီလိုလား၊ ရတယ်၊ ရတယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ဟောဒီဘူးထဲကို ထည့်ပေးပါခင်ဗျာ'

အဖြစ်မှန်ကို ရှင်းပြလိုက်သည့်အတွက် ဆရာကရင်ကြီးလည်း ပြုံးပြုံးရယ်ရယ်ဖြစ်သွားပြီး အသင့်ရှိနေသော မြွေတွေထဲမှ မြက်လျောတစ်ကောင်ကို ဖမ်းယူကာ အထုပ်ထဲသို့ ထည့်လိုက်သည်။ ပြီးတော့ ဘူးပွင့်မသွားစေရန် သားရေပင်များနှင့် အသေအချာပတ်ချည်လိုက်လေ၏။ ပြီးနောက် ကျသင့်ငွေကိုပေးပြီး မောင်မောင်ပုရှိရာသို့ ပြန်လာခဲ့လေသည်။ သူပြန်ရောက်သည့်တိုင် မောင်မောင်ပု အိပ်ပျော်နေရာမှ မနိုးသေး။

'ဟေ့ကောင် ထ… ထ၊ မျက်နှာသစ်တော့၊ တော်ကြာနေ ရွာပြန်မယ့်ဗွန်ဒေါင်းတွေ လာတော့မယ်'

'အင်း… အေး… အေး… အိပ်ကောင်းကောင်းနဲ့ အိပ်နေမိတာကွာ'

မျက်နှာကို ကမန်းကတန်းသစ်ပြီး ခါးပုံစနှင့်ပင် မျက်နှာကို သုတ်လိုက်သည်။ ပြီးနောက် ပန်းဘဲဖိုမှ သပြီးသွားသော တံစဉ်များကို ယူလျက် နှစ်ယောက်သား ရှင်းစရာရှိသည်တို့ကိုရှင်းကာ ဗွန်ဒေါင်းများဆိုက်လာမည့်နေရာသို့ လျှောက်လာခဲ့ကြသည်။ လမ်း၌ စတိုးဆိုင်တစ်ဆိုင်ရှိသည်။

'ဟေ့ကောင်…'မောင်ပု၊ ဒါက ဘယ်လဲ ဘာလုပ်မလို့လဲ'

'စတိုးဆိုင်ကိုလေကွာ၊ မိသီမှာလိုက်တဲ့ ပေါင်ဒါဘူးဝယ်မလို့နေတာ၊ စတိုးဆိုင်မြင်မှ သတိရတယ်၊ တော်ကြာ မင်းညီမက သူမှာ


www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ပါမလာရင် အလေးအနက်မထားဘူးလို့ဆိုပြီး ငါ့ကိုစိတ်ဆိုးနေမှာကွ'

'အင်း… ညားတောင် မညားသေးဘူး၊ ခုကတည်းက အတော့်ကို ကျိုးနွံနေပါကလားကွာ'

'အဟီး… ဒါကတော့ ချစ်တာကိုးကွ၊ ဒါမျိုးတွေ မင်းနားမလည်သေးပါဘူး ဒီလုံးရာ'

'အေးပါကွာ၊ အေးပါ'

မောင်မောင်ပုလည်း မိသီအားပေးမည့် ကိတ်မုန့်ဘူးထုပ်အား ရှီးကေ့စ်ပေါ်တွင်တင်ရင်း ရှီးကေ့စ်အတွင်းရှိ အလှကုန်ပစ္စည်းများကို ကြည့်နေသည်။ ရှီးကေ့စ်အပေါ်မှာတော့ မောင်မောင်ပုလို ဘူးမျိုးတစ်ဘူးတင်ထားသည်ကို တွေ့ရ၏။ မကြာခင် အဒေါ်ကြီးတစ်ယောက်သည် စတိုးဆိုင်ထဲမှ ထွက်အသွား မောင်မောင်ပု၏ဘူးကို ဆွဲထွက်သွားလေသည်။

'ဟာ… ဒီအဒေါ်ကြီး အထုပ်မှားပြီး ဆွဲသွားပြီ၊ မဖြစ်ဘူး အမြန်လိုက်မှ'

မျက်စိလျင်သော ဒီလုံးလည်း ကျန်ခဲ့သောဘူးကို ကောက်ဆိုင်ကာ အဒေါ်ကြီးနောက် အပြေးကလေးလိုက်သွားလေတော့၏။ မောင်မောင်ပုကား မိမိသီမှာလိုက်သော ပေါင်ဒါဘူးကို ရှာနေ၍ ဘာမှမသိ။

'ဗျို့… အဒေါ်ကြီး အဒေါ်ကြီး ခဏနေပါဦး'

'ဟေ… ဘာများတုံး သူငယ်ရဲ့'

'ဟို… အဒေါ်ကြီး ဘူးမှားပြီး ဆွဲသွားလို့'

'ဟေ… ဟုတ်လား၊ မသိပါဘူးကွယ်၊ ငါ့မျက်စိကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှုန်မှုန်ရယ်၊ အိမ်ကကျေးရူးရှင်တွေအတွက် ကိတ်မုန့်ဝယ်လာတာ’

‘သြော်… ဒါကြောင့်ကိုး၊ ကျွန်တော်တို့ဗူးကလည်း ကိတ်မုန့်ဘူးခင်ဗျ၊ ဘူးခွံတွေကလည်း အတူတူဆိုတော့ မှားမယ်ဆိုရင်လည်း မှားချင်စရာပဲလေ’

‘ကဲ… ကဲ… ရော့၊ မင်းဘူးကို မင်းပြန်ယူချေ၊ ငါ့ဘူးကို ပြန်ပေးချေ’

‘ဟုတ်ကဲ့ခင်ဗျ၊ ဟူး… တော်ပါသေးရဲ့’

‘မင်းနှယ်ကွယ် ကိတ်မုန့်ချင်းအတူတူပဲဟာ မှားသွားလည်း ဘယ်သူ့ဘယ်သူမှ နစ်နာသွားတာ မဟုတ်ပါဘူး’

‘ဟုတ်တော့ ဟုတ်ပါတယ်၊ အဲ… ဒါပေမဲ့… ကဲ… ကဲ… ရော့… ရော့’

ဆက်ရှင်းပြလျှင် ရှုပ်လာပေဦးမည်မို့ စကားလက်စဖြတ်ကာ ဘူးချင်းလဲပြီး မောင်မောင်ပုထံ ပြန်လာခဲ့သည်။ မောင်မောင်ပုကား သူ့အာရုံနှင့်သူမို့ အခြေအနေတွေကို သတိမထားမိလိုက်။ မောင်မောင်ပုလည်း အလိုရှိသော ပေါင်ဒါဗူးကို ဝယ်ခဲ့ပြီးပြီမို့ စတိုးဆိုင်ထဲမှ ပြန်ထွက်ကာ ကားဂိတ်သို့ ထွက်လာခဲ့တော့၏။

သိပ်မကြာလိုက်…။

ရွာပြန်မည့် ဝွန်ဒေါင်းတစ်စီး ရောက်လာသည်မို့ သူငယ်ချင်းနှစ်ယောက်သား ဝွန်ဒေါင်းပေါ် တက်လိုက်ကြလေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

၉၉
ဘာ . . . ဘာမသိရမှာလဲ
မုန့်ဆိုင်က လုပ်လိုက်တာလို့
ပြောမလို့လား
ဟွန်း . . . ဦးနှောက်မရှိတဲ့သူတွေသာ
ရှင့်ဖြေရှင်းချက်ကို လက်ခံလိမ့်မယ်။
ကိုင်း . . . . ပြန်ပါတော့ရှင်၊
အော်ကြီးဟစ်ကျယ် မဖြစ်ချင်တော့ဘူး ၉၉

www.burmeseclassic.com

www.burmeseclassic.com

နေမညိုခင်မှာပင် ရွာသို့ပြန်ရောက်သည်။

'မင်းအိမ်ကို မပြန်သေးဘူးလား မောင်ပု'

'ဟင့်အင်း… မင်းတို့အိမ်ကို အရင်လိုက်ခဲ့မယ်၊ မိသီရဲ့ မျက်နှာလှလှကလေးကို အမောပြေကြည့်ပြီးမှ ပြန်မှာပေါ့၊ ဟဲ… ဟဲ… ဟဲ၊ မင်းအမေကို မျက်နှာလုပ်ပြီး မုန့်ထုပ်ပေးမယ်၊ မိသီမှာတဲ့ ပေါင်ဒါဘူးကိုလည်း လက်ဆောင်ပေးမယ်၊ ဒါဆို ငါ့အတွက် အိုကေ'

မောင်မောင်ပု မြူးနေသလောက် ဒီလုံးလည်း စိတ်ထဲမှာ မြူးနေပါသည်။ အိမ်ပြန်ရောက်လျှင်ဖြင့် မောင်မောင်ပုပေးသော မုန့်ဘူးကို မဖွင့်ဖွင့်အောင် လုပ်မည်။ ဖွင့်လိုက်ပါက မြက် လျှော တစ်ကောင် ခုန်ထွက်လာမည်။ ဤသို့ မြွေကြောက်တတ်သော မိခင်နှင့် ညီမတို့နှစ်ယောက်သား ဒေါသထွက်ကာ မောင်မောင်ပုအား စိတ်ဆိုးကြလိမ့်မည်။ ထိုအခါ မြူးနေသော မောင်မောင်ပု၏ မျက်နှာကြီးအား အရသာခံပစ်လိုက်မည်ဟု ဒီလုံးတေးမှတ်ထားလိုက်သည်။ သည်ကိစ္စကို ပြေလည်အောင် ဖြေရှင်းပေးနိုင်သူမှာ သူတစ်ယောက်တည်းသာ ဖြစ်လေသည်မို့ မောင်ပုတစ်ယောက် သူ့အား အသေအလဲတောင်းပန်မှသာလျှင်။ ထန်းရည်အဝတိုက်ခိုင်းရုံမက ဆရာချင်းပါ မိုးမွှန်အောင် အခေါ်ခိုင်းလျက် ကောင်းကောင်းကြီး ပဏ္ဏာယူပညာပြလိုက်မည်ဟု တေးထားလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဒီလုံးတို့အိမ်သို့ ရောက်ကြတော့သည်။ ဖခင်က အိမ်မှာမရှိ။ မိသီက လမ်းလျှောက်နိုင်သော မိခင်အား အိပ်ရာခုတင်ထက်၌ ထိုင်ခိုင်းထားပြီးနေသည်။

'ဟော… အစ်ကိုတို့တောင် ပြန်လာကြပြီ အမေ'

'ဩော်… အေး… အေး… မောင်မောင်ပုလည်း ပါသကိုး'

'ဟုတ်ကဲ့ ကြီးကြီး၊ ရော့ မိသီ… ဟောဒါ မိသီမှာလိုက်တဲ့ ပေါင်ဒါဘူး'

'ကျေးဇူးပဲ ကိုပု၊ ဒါထက် ဟိုအထုပ်က ဘာအထုပ်လဲ'

'ကိတ်မုန့်လေ ကြီးကြီးစားဖို့အတွက် ဝယ်လာတာ၊ ရော့… ကြီးကြီး'

'ဒုက္ခရှာလို့ကွယ်'

'ဘယ်ဟုတ်မလဲ ကြီးကြီးရယ်၊ ကြီးကြီး စားစေချင်လို့ စေတနာနဲ့ ဝယ်လာခဲ့တာပါ၊ အာဟာရဖြစ်တာစားတော့ အားရှိတာပေါ့ ကြီးကြီးရယ်'

သည်သို့ပြောဆိုလျှင် ကိတ်မုန့်ဘူးအား ဒေါ်ထွေးတင်လက်ထဲသို့ ထည့်ပေးလိုက်သည်။

'သာဓုကွယ်၊ သာဓု… သာဓု၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အနာမျိုးကိုးဆယ့်ခြောက်ပါး ကင်းဝေးလို့ လိုရာဆန္ဒမှန်သမျှ ပြည့်ဝပါစေ'

ဒေါ်ထွေးတင်က မောင်မောင်ပုအား ဆုတွေပေးနေသည်။ မောင်ပုပြန်မသွားခင် အကောင်အထည်ဖော်ဖို့ရာအတွက် ဒီလုံး စီစဉ်ပေးတော့သည်။

'ကိုင်း… အမေ မောင်ပုရဲ့ ဒါနလေးမြောက်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာတင် နည်းနည်းလောက်တော့ စားပြလိုက်ပါ အမေ'

'အေး… အေး… ဟဲ့… မိသီ၊ ကိတ်မုန့်လှီးရအောင် ဓားသွားယူစမ်း၊ အမေ ဘူးဖွင့်လိုက်ဦးမယ်'

'ဟုတ်ကဲ့ အမေ'

ဒေါ်ထွေးတင်က ခြေထောက်တွေသာ မလှုပ်နိုင်ခြင်းဖြစ်၏။ လက်တို့မှာမူကား သန်သန်မာမာ။ ဘူးတွင်ပတ်ထားသော သားရေပင်များကို တစ်ပင်ချင်း ဖယ်ရှားပစ်လိုက်သည်။ မိသီပြန်အရောက်မှာတော့ သားရေပင်များ ကုန်သွားပြီမို့ စက္ကူဘူးခွံကို ဖွင့်လိုက်သည်။

'ဟင်'

'အောင်မလေး'

ဘူးထဲမှ မြက်လျှောလည်း ရှတ်ခြဲဘူးဆိုသလို ဘူးတွင်းမှ ခုန်ထွက်ကာ ဒေါ်ထွေးတင်၏ ထဘီကြားထဲ ကျသွားသည်။ ရုတ်တရက် ဒေါ်ထွေးတင် ထိတ်လန့်သွားပြီး ခုတင်ပေါ်မှခုန်ဆင်းကာ ကြောက်အားလန့်အားနှင့် ထွက်ပြေးလေတော့၏။

မမျှော်လင့်သောဖြစ်ရပ်ကြောင့် မောင်မောင်ပုခမျာ ပါးစပ်အဟောင်းသားဖြစ်နေ၏။ မိမိသီကား မျက်လုံးတွေ ဝင်းဝင်းတောက်လျက် မောင်ပုအား ခါးထောက်ကြည့်ရင်း အံကိုတင်းတင်းကြိတ်နေသည်။ ဒီလုံးလည်း မိခင်ထံနောက် မပြေးလိုက်ပြီး ခေါ်လာကာ ရေတာခွက်တိုက်လိုက်သည်။

ဒေါ်ထွေးတင်က ဟောဟဲလိုက်လျက်…

'ကဲ… အမေ မောသွားသလား၊ ရေသောက်လိုက် ရေသောက်လိုက်၊ ပြီးရင် အမောဖြေလိုက်၊ မြွေက မြက်လျှောပေါ့ အမေရဲ့၊ အန္တရာယ်မပေးပါဘူး၊ မောင်ပုနယ်ကွာ ငါ့အမေကို ကိုးယ်

www.burmeseclassic.com



စရာရှားလို့ မတော် ငါ့ကို ကြိုက်သလောက် နှောက်စမ်းပါ၊ စိတ် မဆိုးပါဘူး'

ဒီလုံးက ကျစ်ပေးနေသည်။ မောင်မောင်ပု ဘာမှအဖြေမပေး နိုင်။

'ဒီမှာ ကိုပု'

'ပြောပါ မိသီ'

'ရှင် အတော်ကောက်ကျစ်လှပါကလား၊ ရှင့်စိတ်ဓာတ် ဒီလို မျိုး အောက်တန်းကျမယ်မှန်း ကျွန်မ မသိခဲ့တာ မှားတာဖေါ့ လူမဟာ ကျွန်မအမေကို ဒုက္ခပေးတဲ့ ရှင့်ကို ကျွန်မ ကြည့်ချင်ဘူး၊ ခု ဒီအိမ်ပေါ် က ဆင်းသွားပါ၊ နောက်လည်း ဘယ်တော့မှ ... ါနဲ့'

'ငါ... ငါ... ငါ ဘာမှမသိတာ အ... ...'

'ဘာမသိရမှာလဲ၊ မုန့်ဆိုင်က လုပ်လိုက်တာလု့ ပြောမလို့ လား၊ ဟွန်း... ဦးနှောက်မရှိတဲ့သူတွေသာ ရှင့်ဖြေရှင်းချက်ကို လက်ခံ လိမ့်မယ်၊ ကိုင်း... ပြန်ပါတော့ရှင်၊ အော်ကြီးဟစ်ကျယ် မဖြစ်ချင် တော့ဘူး'

မိမိသီ ဒေါသတကြီး ဖြစ်နေမှုအပေါ် ကြိတ်ပြီး ပီတိဖြစ်နေ သူကတော့ အကြံကြီးလေသည့် ဒီလုံးပဲ ဖြစ်တော့သည်။ မောင်မောင် ပု ဘာမျှ မဖြေရှင်းသာတော့ဘဲ ဝေဒနာရင်မှာပိုက်လျက် လှည့်ပြန် မည်အပြုတွင် လက်တစ်ဖက်ကလာဆွဲသည်။ ဆွဲသူကား ဒေါ်ထွေး တင်ဖြစ်လေ၏။

'ဟဲ့... မောင်ပု မပြန်နဲ့ နေဦး'

'မိသီကလည်း အခြေအနေကို မသုံးသပ်ဘဲနဲ့ ကတ်...က် လန်အောင် ရန်တွေ့နေတော့တာပဲ၊ တကယ်တော့ မောင်...ဟာ အမေ့



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကို ပျောက်စေချင်တဲ့စေတနာကြောင့် ဥပါယ်တံမျဉ် ပရိယာယ် သုံးပြီး ကုပေးလိုက်တာ။ အမေ သိသွားပြီ။ အမေက မြွေဆိုရင် သေမတတ်ကြောက်တဲ့သူ။ ဒီတော့ မောင်ပုထည့်ပေးတဲ့ ဘူးထဲက မြွေကြောင့် အကြီးအကျယ် တုန်လှုပ်ထိတ်လန့်သွားပြီး ခုတင်ပေါ်က ဆင်းအပြေး မလျှောက်နိုင်တဲ့ ခြေထောက်တွေ ပြန်ကောင်းသွားပြီ၊ ကျေးဇူးတင်လိုက်တာ မောင်ပုရယ်၊ တကယ်ပဲ'

အားလုံး အံ့အားတသင့် ဖြစ်သွားသည်။

ဟုတ်ပါရဲ့။ ဒေါ်ထွေးတင် ခြေထောက်တွေ ကောင်းသွားခဲ့သည်။ သည်တော့မှ မိသီလည်း ရှက်ကိုးရှက်ကန်း ဖြစ်သွားတော့၏။ [illegible]

'[illegible] ဖြစ်မှန်ကို ဒီလိုကိုး'

'ကိုပု မိသီ တကယ်မသိလို့ ပြောမိဆိုမိတာပါနော်၊ စွဲ မယူပါနဲ့၊ မိသီ ပြောမိဆိုမိတာတွေကို ခွင့်လွှတ်ပါနော် နော်'

သည်တော့ မောင်မောင်ပုခမျာ လင်းတမှိုင် မှိုင်နေရာမှ လန်း လန်းရွှင်ရွှင် ဖြစ်သွားရလေသည်။

'ဒါ့ဆက် ကိုပုပြန်ရင် သမီး ကိုပုတို့အိမ်ကို ခဏလိုက်သွား မယ် အမေ၊ အဒေါ်ကြီးမထွားအိတို့စားဖို့ မုန့်ဆန်းပေးချင်လို့'

'လိုက်သွား သမီး၊ လိုက်သွား'

သည့်နောက်မှာတော့ မောင်မောင်ပုနှင့် မိမိသီတို့နှစ်ယောက် သား အတူယှဉ်တွဲလျက် ပြုံးရွှင်စွာ အိမ်ပေါ်မှ ဆင်းသွားကြလေ သည်။

သူတို့နှစ်ဦးကို ကြည်လျက် ပြုံးရွှင်စွာ ခေါင်းတဆတ်ဆတ် ညိတ်နေသူက ဝေဒနာရှင်ဘဝမှ ကျွတ်လွတ်သွားသော ဒေါ်ထွေးတင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက် မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ ကိုယ့်အတတ်နှင့်ကိုယ်စူး ရလေသူကတော့ နှမပေးယောက်ဖလောင်း သကောင့်သား ဒီလုံးပဲ ဖြစ်ပါလေတော့သည်။

*ပြုံးရွှင်ကြည်နူးကြပါစေ...*

*မြို့မေတ္တာခံယူမယ့်...*

**ကိုရွှေတောသား**

BURMESE CLASSIC .com

www.burmeseclassic.com